The

# Commerce

Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 1 , 2016



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြန်ပြည့်မြဲစွမ်းအင်နှင့် ဂျပန်နည်းပညာ

|တင်မာကြည် (သု/နည်း)| ၁၈

ကိုရီးယားသမ္မတနိုင်ငံဆိုးလ်မြို့တွင်
Myanmar Trade Centre (Seoul) ဖွင့်လှစ် ၄

ကျန်းမာရေးအတွက် စားသုံးကြလို့ ရှမ်းကြက်သွန်ဖြူ အဝယ်လိုက် ၆

မုံရွာမြို့ရှိ ချင်းတွင်းရတနာဈေးနှင့် မြသလ္လာဈေးများအတွင်း ပစ္စည်းအမယ်ပေါင်း ၁၃၀ အနက် ၂၅ မျိုးတွင် အန္တရာယ်ဖြစ်စေသည့် ဓာတုဆိုးဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိ ၂၉




မပြီးသေးသော TF ပန်းချီကားများ ၁၂

# ARKAR OO CO.,LTD



BLACK MATPE (URID WHOLE) မတ်ပဲ

BLACK MATPE HUSKLESS WHOLE (URID GOTA) မတ်ပဲ(အခွံချွတ်အလုံး)

BLACK MATPE HUSKLESS SPLIT (URID DAL) မတ်ပဲ(အခွံချွတ်အခြမ်း)

BLACK MATPE SPLIT WITH HUSK (URID CHILKA) မတ်ပဲ(အခွံပါအခြမ်း)

GREEN MUNG BEAN (MOONG WHOLE) ပဲတီစိမ်း

GREEN MUNG BEAN HUSKLESS SPLIT (MOONG DAL) ပဲတီစိမ်း(အခွံချွတ်အခြမ်း)

GREEN MUNG BEAN SPLIT WITH HUSK (MOONG CHILKA) ပဲတီစိမ်း(အခွံပါအခြမ်း)



PIGEON PEAS HUSKLESS SPLIT (TOOR DAL) ပဲစဉ်းငုံ(အခွံချွတ်အခြမ်း)

PIGEON PEAS (TOOR WHOLE) ပဲစဉ်းငုံ

BLACK EYE BEAN (COW PEA) ပဲလွန်းဖြူ

BLACK EYE BEAN HUSKLESS SPLIT (CHOWLI DAL) ပဲလွန်းဖြူ(အခွံချွတ်အခြမ်း)

LAB LAB BEAN (VAAL WHOLE) ပဲကြီး

RED KIDNEY BEAN (RAJMA) မြေထောက်ပဲ

No.124, Wetmasutt Wun Htaut Street,
Industrial Zone (4), Hlaing Tharyar Township,
Yangon Myanmar.
G-mail : myolwin@sixsigmatrade.com.

(Off) Ph : 951-685039
: 951-685004
: 951-685315
: 951-685744
(Res)Ph : 951-682167





# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Myanmar Trade Portal Workshop အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော Myanmar Trade Portal အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၀၉း၃၀ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ Hotel Royal ACE ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် Myanmar Trade Portal အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် USAID တို့သည် ၂၀၁၄ ခုနှစ်ကတည်းက ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ သတင်းအချက်အလက်များ ရရှိရေးအတွက် ကြိုးပမ်း စုဆောင်းခဲ့ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဝန်ကြီးဌာနများမှပြဋ္ဌာန်းထားသည့် စည်းမျဉ်းဥပဒေဆိုင်ရာအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စုစည်းပြီးကုန်သွယ်မှုသတင်းအချက်အလက် ဘဏ္ဍာတိုက်တစ်ခုအဖြစ်တည်ဆောက်ထားရှိမှုကို သိရှိစေရန်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေသော သိသာပွင့်လင်းမြင်သာမှုရှိစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ရမည့်အခန်းကဏ္ဍကို အကောင်အထည်ဖော်ခြင်းအား သိရှိစေလို၍ဖြစ်ကြောင်း၊ ကုန်သွယ်မှုသတင်းအချက်အလက်ဘဏ္ဍာတိုက်ဆိုသည်မှာ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အကောက်ခွန်နှုန်းများအစရှိသည့် သတင်းအချက်အလက်များအားလုံးစုဝေးရာ Website တစ်ခုဖြစ်ပြီး မည်သူမဆိုလွတ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုသတင်းအချက်အလက် ဘဏ္ဍာတိုက်ပေါ်ထွန်းလာခြင်းအားဖြင့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား ပိုမိုနားလည်မှုရှိလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့်ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းအဆင့်ဆင့်အား လွယ်ကူစွာသိမြင်နိုင်သည့်အတွက် အချိန်ကုန်သက်သာမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ပြောကြားသည်။

ယင်းနောက် USAID Private Sector Development Activity မှ ဒေါ်ရှိုးအိအိထွန်းနဲ့ ကျွမ်းကျင်ပညာရှင် Mr.Steve Creskoff တို့က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့အား ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍တက်ရောက်လာကြသော ကိုယ်စားလှယ်များက Myanmar Trade Protal အောင်မြင်စွာဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဘာသာရပ်တာဝန်ခံများ USAID မှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၇၀ ဦးတက်ရောက်ခဲ့ကြသည်။

# ကိုရီးယားသမ္မတနိုင်ငံဆိုးလ်မြို့တွင် Myanmar Trade Centre (Seoul) ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် အမျိုးသားပို့ကုန် မြှင့်တင်ရေးမဟာဗျူဟာ၏ ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်သော ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သတင်းဖြန့်ဖြူးရေး ဝန်ဆောင်မှုပေးရန်အတွက် ကုန်သွယ်မှုဗဟိုဌာန (Trade Centre) များကို ရန်ကုန်မြို့နှင့်နယ်မြို့ကြီးများတွင် ဖွင့်လှစ်လျက်ရှိသကဲ့သို့ ပြည်ပမိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းကာ ပြည်ပနိုင်ငံများ၌လည်း Trade Centre များဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံဆိုးလ်မြို့တွင် Myanmar Trade Centre (Seoul) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့ပါသည်။ အဆိုပါ Myanmar Trade Centre (Seoul) ကို Myanmar Inspection and Testing Services Korea Co.,Ltd (MITSK) နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် ဒေသစံတော်ချိန် နေ့လယ် ၂နာရီမိနစ် ၃၀ အချိန်တွင် ဆိုးလ်မြို့၌ ကျင်းပရာ ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာမြန်မာသံရုံးမှ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ MITS Korea ၏ အမှုဆောင် အရာရှိချုပ် Mr. Hosub In နှင့် DH Logistics Co., Chairman Mr. Park Soo-woong တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် Myanmar Trade Centre (Seoul) ၌ မြန်မာ့ပို့ကုန်နမူနာများခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

ယခုကဲ့သို့ ပြည်ပနိုင်ငံများတွင် ကုန်သွယ်မှုစင်တာများဖွင့်လှစ်ခြင်းဖြင့် ကုန်သွယ်မှုသတင်းအချက်အလက်များ၊ မြန်မာ့ပို့ကုန်နှင့် ပတ်သက်သည့် စာရွက်စာတမ်း၊ သတင်းအချက်အလက်များကို ထိရောက်လွယ်ကူစွာ ဖြန့်ဝေနိုင်ခြင်း၊ မြန်မာ့ပို့ကုန်များကို ခင်းကျင်းပြသထားခြင်းဖြင့် မြန်မာ့ကုန်စည်များကို တိုက်ရိုက်လေ့လာနိုင်၍ စိတ်ဝင်စားမှုမြင့်မားလာစေနိုင်ခြင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းပြည်ပကုန်သည်လုပ်ငန်းရှင်များ ချိတ်ဆက်ပေးနိုင်ခြင်းဖြင့် ပို့ကုန်မြှင့်တင်နိုင်ခြင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ခြင်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

Myanmar Trade Centre (Seoul) ကို ဂုဏ်ထူးဆောင် ကုန်သွယ်မှုမြှင့်တင်ရေး ကိုယ်စားလှယ် MITS Korea ၏ အမှုဆောင်အရာရှိချုပ် Mr. Hosub In က တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပြီး ဖုန်း +၈၂၁၀-၄၀၂၆-၂၄၆၀ နှင့် အီးမေးလ် in@mitsk.com တို့သို့ ဆက်သွယ်၍ မြန်မာ-ကိုရီးယား ကုန်သွယ်မှု မြှင့်တင်ရေးအတွက် သိလိုသည်များ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဆိုးလ်မြို့ မြန်မာသံရုံး မှ စီးပွားရေးသံမှူးနှင့် ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA) မှ အရာရှိများ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၏ ဒုတိယထပ်တွင်မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ကို ၂၀၁၄ ခုနှစ်မှစတင်ဖွင့်လှစ်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်သတင်းအချက်အလက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေကြောင်း သတင်းရရှိပါသည်။

**KMT(Seoul)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောအဝင်ပုံမှန်ရှိပြီး ဈေးငြိမ်နေသော်လည်း ဆန်ကြမ်းအဝင်ပါးတာကြောင့် ဈေးမာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဇန်နဝါရီ ၂၉ ရက် မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် အသစ်ဈေး ထိပ်စ တစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၀၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စတစ်အိတ် ၂၉၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ရင် ထိပ်စ တစ်အိတ် ၁၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၁၅၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။

နယ်စုံပေါ်ဆန်းဆန် အသစ်ဈေး ထိပ်စတစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ထိပ်စ တစ်အိတ် ၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးအသီးသီးကျလာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန်ထိပ်စရဲ့ ရောင်းဝယ်မှုက ပုံမှန်အတိုင်းခပ်အေးအေးသာ ရှိနေပြီး၊ ပေါ်ဆန်းဆန်လတ်စက အဝယ်မရှိသလောက်ဖြစ်နေကြောင်း၊ ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုမှာ ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် အသစ်ဈေးကတော့ ထိပ်စ တစ်အိတ် ၂၁၈၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၁၂၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် တစ်အိတ်ကို ၂၀၀ ကျပ်-၃၀၀ ကျပ်ခန့် ဈေးအနည်းငယ် တက်လာပါတယ်။ ယခုအပတ် မနောသုခသစ်ရှယ် ဈေးနှုန်းက ၂၃၀၀၀ ကျပ်မှ ၂၃၅၀၀ ကျပ်ဈေးဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်-၅၀၀ ကျပ်ခန့် ဈေးမြင့်တက်လာကြောင်း ကုန်စည်ဒိုင်သို့ ဆန်ကြမ်းဝင်ရောက်မှုနည်းပြီး၊ ဝယ်လက်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်သွားခြင်း ဖြစ်တယ်လို့ ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဒီတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ ဇန်နဝါရီ ၂၉ ရက်ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မျော်ဘီနဲ့ စူပါဆန်တို့က နှစ်ယွမ်ခန့် ဈေးတက်လာပြီး၊ ကျန်ဆန်များမှာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်တိုင်း ဈေးငြိမ်နေကြောင်း၊ တရုတ်နှစ်သစ်ကူးနီးလာလို့ တရုတ်ကုန်သည်များ ပြန်သွားကြတဲ့အတွက် ကုန်သည်ခြောက်ဦးလောက်သာရှိပြီး အရောင်းအဝယ် ကျဲပါးလာကာ မူဆယ်သို့ ဆန်အဝင်နည်းကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၇ ဒသမ ၂၄ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၄ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန် ပျမ်းမျှ ၁၀၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၇၅၆၃ ခန့် သာ ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၁၅၁၄ လျော့နည်းဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၂၂ ရက်ထိ တန်ချိန် ၉၄၀၄၇၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄၄ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၇၅၈၀၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၂ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၁၃၄၇၉ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၆ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၄၂၂၄၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်ပါတယ်။ **MIRT-YGN**

## ပုသိမ်ခရိုင်အတွင်း စပါးဈေးနှုန်း ၄၆ ပေါင်၊ တင်း ၁၀၀ ကို ငါးသိန်းကျော်ဈေးနှုန်းဖြင့် အရောင်းအဝယ်သွက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဧည့်မထအုပ်စု မိုးစပါးပေါက်ဈေးနှုန်းမှာ ပုသိမ်မြို့နယ်တွင် ၄၆ ပေါင်တင်း၁၀၀ ကို ၅၈၀၀၀၀ ကျပ်ဈေး၊ ဆန်သစ်တစ်အိတ် ၂၂၀၀၀ ကျပ်၊ ကန်ကြီးထောင့်မြို့နယ်တွင် ၄၆ ပေါင် စပါးတင်း ၁၀၀ ကို ၅၀၃၀၀၀ ကျပ်ဈေး၊ ဆန်တစ်အိတ် ၂၂၀၀၀ ကျပ်ဈေး၊ သာပေါင်းမြို့နယ်တွင် ၄၆ ပေါင် စပါးတင်း ၁၀၀ ကို ၅၁၉၀၀၀ ကျပ်ဈေး၊ ဆန်သစ်တစ်အိတ် ၂၂၀၀၀ ကျပ်ဈေး၊ ငပုတောမြို့နယ်တွင် ၄၆ ပေါင် တင်း ၁၀၀ ကို ၅၃၆၀၀၀ ကျပ်ဈေး၊ ဆန်တစ်အိတ် ၂၁၅၀၀ ကျပ်ဈေး၊ ကျုံပျော်မြို့နယ် တွင် ၄၆ ပေါင်စပါးတင်း ၁၀၀ ကို ၅၂၄၁၀၀ ကျပ်ဈေး၊ ဆန်တစ်အိတ် ၂၁၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။

ဒေသတွင်းဆန်စားသုံးမှုမှာ ဝယ်လိုအားများပြီး မြောင်းမြ၊ အိမ်မဲ၊ ပန်းတနော်၊ မအူပင်၊ ညောင်တုန်းမြို့နယ်တို့မှာ ၄၆ ပေါင်စပါးတင်း ၁၀၀ ကို ၅၅၀၀၀၀ ကျပ်အထက်ဈေးနဲ့ ဆန်တစ်အိတ်ဈေးနှုန်း မှာလည်း ကျပ်နှစ်သောင်းကျော်ပြီး ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဝန်းကျင်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## ဆန်သိုလှောင်ရန်နဲ့ အခြောက်ခံစက်များအတွက် ပိုမိုရင်းနှီးမြှုပ်နှံပေးကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ကဖိတ်ခေါ်

ဇန်နဝါရီ ၂၅ ရက်က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့မှာ ပဉ္စမအကြိမ်မြောက် ကမ္ဘောဒီးယား ဆန်စပါးညီလာခံ (5th Cambodia Rice Forum)ကို ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြည်ပသို့ဆန်ပိုမိုတင်ပို့နိုင်ရန် ဆန်များအား သိုလှောင်ရာမှာ ခေတ်မီနည်းစနစ်များကိုအသုံးပြုတဲ့ အခြောက်ခံစက်များအား ပိုမိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါတယ်။




ဝန်ကြီးချုပ်က ဆန်သိုလှောင်မှုအပိုင်းနဲ့ အခြောက်ခံစက်များလုံလောက်မှုမရှိခြင်းနှင့် ခေတ်မီနည်းစနစ်များကိုလည်း အသုံးမပြုနိုင်ခြင်းသည် တောင်သူများထံမှ စပါးအများအပြားဝယ်ယူသိုလှောင်ရတဲ့အပိုင်းမှာ အခက်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုကြီးဖြစ်တာကြောင့် ဒီကဏ္ဍမှာရင်းနှီးမြှုပ်နှံမှုများ များစွာလိုအပ်ကြောင်း ကမ္ဘောဒီးယားအစိုးရအနေဖြင့် တရုတ်အစိုးရထံမှ ချေးငွေရရှိရန်အတွက် ညှိနှိုင်းလျက်ရှိကြောင်း ထည့်သွင်း ပြောကြားခဲ့ပါတယ်။

အဆိုပါညီလာခံသို့ မူဝါဒချမှတ်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်တင်ပို့သူများ၊ လယ်သမားကိုယ်စားပြုသူများနဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ ၇၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်အများဆုံးတင်သွင်းတဲ့နိုင်ငံဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံရဲ့ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အပံ့ပေးတယ်လို့ ဝန်ကြီးချုပ်က ပြောပါတယ်။ ဆည်မြောင်းများ တည်ဆောက်ရေး၊ မျိုးစပါးထုတ်လုပ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦများ စနစ်တကျဖြစ်စေရေး၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ဆောင်နေတယ်လို့ဝန်ကြီးချုပ်ကပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံက နှစ်စဉ်ဆန်တန်ချိန် ၅၃၈၀၀၀ ကျော်ကို နိုင်ငံ ၅၀ ကျော်သို့ တင်ပို့လျက်ရှိပြီး တစ်နှစ်လျှင် ၃၉ ရာခိုင်နှုန်းကျော် တိုးတက်တင်ပို့လျက်ရှိပါတယ်။ ယမန်နှစ် က အရှေ့တောင်အာရှ နိုင်ငံများတွင် စပါးတန်ချိန် ၉ ဒသမ ၂ သန်းထွက်ရှိပြီး ဆန်လက်ကျန် ၃ သန်းကျော် ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။

**CMK**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၁ | ၃၈၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၅ | ၃၇၀ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၅ | ၃၅၅ | □ | ၃၃၅ | ၃၄၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၇ | ၃၇၁ | △ | ၃၄၀ | ၃၄၀ | □ | ၃၂၅ | ၃၂၅ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၆၀ | ၃၇၀ | △ | - | - | - | ၃၄၅ | ၃၄၅ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၁-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၅ | □ | ၄၇၅ | ၄၆၅ | ▽ | ၄၇၀ | ၄၆၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၁-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၇၁၇၆ | □ | ၂၉၀၀၀ | □ |
| ပုသိမ် | ၅၇၉၆ | △ | ၂၂၀၀၀ | △ | ၆၈၁၄ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | △ | ၂၀၀၀၀ | △ | ၆၄၀၀ | △ | ၂၇၀၀၀ | □ |
| ရွှေဘို | ၆၁၀၀ | △ | ၂၄၀၀၀ | △ | ၉၇၀၀ | △ | ၃၁၅၀၀ | □ |
| စစ်တွေ | ၄၇၀၀ | △ | ၂၀၀၀၀ | △ | ၇၀၀၀ | □ | ၂၈၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၁၅၀၀ | △ | - | - | ၂၇၀၀၀ | ▽ |
| မန္တလေး | ၆၅၀၀ | △ | ၂၄၀၀၀ | ▽ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၅၂၀၀ | △ | - | - | ၃၂၅၀၀ | □ |
| မော်လမြိုင် | ၅၄၀၀ | △ | ၂၀၀၀၀ | △ | ၆၅၀၀ | △ | ၂၄၀၀၀ | △ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | ▽ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလကုန်ပတ် ပဲဈေးကွက် ပဲသစ်အားလုံး အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလကုန်ပတ် ပဲဈေးကွက်မှာ ပဲသစ်အားလုံး အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ စိမ်းကြီးဟာ ယခုတစ်ပတ်အတွင်း တစ်တင်း ထိပ်စ ၃၅၅၀၀ ကျပ် နဲ့ အောက်စ ၃၂၀၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်ဝယ်လက်က ခွဲပဲအဖြစ် အိန္ဒိယတင်ဖို့ စိမ်းကြီးအောက်စကို အဆွဲများတယ်လို့ ဆိုပါတယ်။

ထိပ်စကိုတော့ တရုတ်ဘက်တင်ပို့နေကာ တစ်ရက်စိမ်းကြီး အိတ် ၃၀၀ မှ ၅၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ စိမ်းသေးကတော့ တစ်တင်း ၃၄၅၀၀ ကျပ်မှာ ဈေးငြိမ်နေပြီး ရန်ကုန်လက်ဝယ်ရှိက တစ်ရက် အိတ် ၄၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာ တစ်တင်း ၄၈၆၀၀ ကျပ်ဝန်းကျင်ပေါက်ဈေးနဲ့ ဈေးငြိမ်နေပြီး နယ်ကပဲအဝင် အနည်းငယ်လျော့ခဲ့ရာ တစ်ရက်အိတ် ၅၀၀၀ ခန့်သာဝင်ခဲ့ပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ယခုတစ်ပတ် မတ်ပဲဈေးကွက်အနေနဲ့ မတ်ပဲ (ကုန်း) တစ်တင်း ၅၇၀၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ခဲ့ပြီး ချင်းတွင်းမြစ်ရေဝင်ဒေသတွေက နေ့စဉ်ဝင်ရောက်ခဲ့ရာ တစ်ရက် အိတ် ၅၀၀ မှ ၁၀၀၀ ကြားရှိခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ်မှာ မြစ်အနောက်ဘက်ဒေသတွေက ကုလားပဲအသစ်တွေ စတင်ဝင်ရောက်ခဲ့ရာ မုံရွာဒိုင်မှာ တစ်ရက်အိတ် ၂၀၀ ဝန်းကျင်ရှိပြီး ပဲသစ်ပေါက်ဈေးအနေနဲ့ ၉၂၉ တစ်တင်း ၃၄၅၀၀ ကျပ်နဲ့ ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၃၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်းသုံးသမား အဝယ်ရှိခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ဒေသသုံးနဲ့ ပြည်တွင်းသုံးပဲဈေးကွက်အနေနဲ့ စွန်တာနီအသစ်ဟာ တစ်တင်း ၁၈၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၃၅၀၀ ကျပ် အသီးသီး အမြင့်ဈေးရလျက်ရှိပြီး ရန်ကုန်ဝယ်လက်ရှိလို့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒေသတွင်းပဲလက်လီ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဈေးကွက်မှာတော့ ပဲယင်းဝါအသစ် တစ်တင်း ၁၇၅၀၀ ကျပ်၊ ပဲဖြူလေး ၂၁၀၀၀ ကျပ်၊ ပုဂံပဲ ၂၃၀၀၀ ကျပ်၊ မြေထောက်ပဲ ၂၁၅၀၀ ကျပ်၊ ထောပတ်ပဲ ၁၇၀၀၀ ကျပ်နဲ့ ပဲကြီး တစ်တင်း ၃၀၀၀၀ ကျပ်-၃၂၀၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။

ပဲလွန်းဈေးကွက်မှာ ဝယ်လက်ရှိပေမယ့် လိုသလောက်မရောင်းနိုင်လို့ တစ်ရက်လွန်းပြာ အိတ် ၂၀၀ ခန့်နဲ့ လွန်းဖြူအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပေါက်ဈေးအနေနဲ့ လွန်းပြာတစ်တင်း ၃၁၅၀၀ ကျပ်၊ လွန်းဖြူတစ်တင်း ၂၉၅၀၀ ကျပ်မှာ ဈေးဆက်လက်မာနေတယ်လို့ မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲ လက်လီ ဈေးကောင်းရ

ဇန်နဝါရီလကုန်ပတ် ပြည်ဈေးကွက်၌ ဘိုကိတ်ပဲသီးနှံဟာလည်း လက်လီသာ အဝယ်ရှိခဲ့လို့ တစ်ရက်အိတ် ၂၀ ပတ်ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာလလယ်မှစ၍ ပဲသစ်များ ဝင်ရောက်ခြင်းဖြစ်ပြီး ၎င်း ဝင်ရောက်လာသော ပဲများမှာ ယာသီးများဖြစ်တယ်လို့ သိရပါတယ်။

နောက်ထပ် ဝင်ရောက်လာမည့် ဘိုကိတ်ပဲသစ်များကတော့ ကိုင်းသီးများဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း ထပ်မံဝင်ရောက်လာနိုင်တယ်လို့ သိရပါတယ်။ ဘိုကိတ်ပဲသီးနှံဈေးဟာလည်း တစ်တင်း ၃၅၀၀၀ ကျပ်ခန့်ရရှိခဲ့တဲ့အတွက် ပြည်ပဝယ်လက်ပဲများကဲ့သို့ ဈေးကောင်းရနေတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ဇန်နဝါရီလကုန်ဈေးမှာ တစ်တင်း ၁၅၀၀၀ ကျပ်သာရရှိလို့ ယခုနှစ်ဈေးကတော့ နှစ်ဆကျော်ဈေးပိုရလာတဲ့ သီးနှံဖြစ်ပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ရွှေဘိုကုန်စည်ဒိုင် ပဲစင်းငုံနီ / ဖြူ ဈေးအနည်းငယ်ကျ

ရွှေဘိုကုန်စည်ဒိုင် ယခုတစ်ပတ် ပဲစင်းငုံဈေးကွက်မှာ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်၏ အထက်ပိုင်းမြို့နယ်များမှ အဝင်လှိုင်နေပြီး ဈေးအနည်းငယ်ကျနေသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေတယ်လို့ ပွဲရုံကုန်သည်များထံမှ သိရပါတယ်။

ရွှေဘိုကုန်စည်ဒိုင်ရဲ့ ပဲစင်းငုံဈေးကွက်သို့ ပဲစင်းငုံစိုက်ပျိုးထွက်ရှိတဲ့ဒေသများရဲ့ လမ်းပန်းဆက်သွယ်မှုအရ နေ့စဉ် ငုံနီအိတ် ၄၀၀၀- ၅၀၀၀ ခန့်၊ ငုံဖြူအိတ် ၆၀၀-၁၀၀၀ ခန့် ဝင်ရောက်လျက်ရှိပါတယ်။ ပဲစင်းငုံသီးနှံရဲ့ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းများကွာခြားမှုရှိပါတယ်။ ကုန်စည်ဒိုင်ပေါက်ဈေးက ငုံနီတစ်တင်း အနိမ့်ဈေး ၄၈၀၀၀ ကျပ်၊အမြင့်ဈေး ၄၈၃၀၀ ကျပ်၊ ငုံဖြူ တစ်တင်း အနိမ့်ဈေး ၄၈၂၀၀ ကျပ်၊ အမြင့်ဈေး ၄၈၇၀၀ ကျပ်အကြားရှိပြီး၊ ယခင်တစ်ပတ်ဈေးကွက်ထက် ငုံနီတစ်တင်း အနိမ့်ဈေးက ဈေးငြိမ်နေကာ၊ အမြင့်ဈေးက ၁၄၀၀ ကျပ်ဈေးကျနေပါတယ်။ ငုံဖြူတစ်တင်း အနိမ့်ဈေးက ၅၀၀ ကျပ်ဈေးကျကာ၊ အမြင့်ဈေးက ၁၈၀၀ ကျပ်ဈေးကျပြီး၊ ရန်ကုန်ဈေးကွက်အတွက် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း ငုံနီ တင်းရေ ၃၁၅၀၀ နဲ့ ငုံဖြူတင်းရေ ၆၉၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်ပြီး စီးထွက်မှုရှိကြောင်း ပဲစင်းငုံဝယ်ယူတဲ့ ပွဲရုံကုန်သည်များထံမှ သိရပါတယ်။

**ညိုညို-ရွှေဘို**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | - | - | - | ၂၇၈၃ | - | - | ၂၇၅၀ | ၂၇၂၅ | ▼ | ၃၀၀၀ | ၂၇၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၄၁၇ | ၂၄၄၉ | ▲ | - | - | - | - | ၂၄၀၅ | - | ၂၄၅၀ | ၂၃၉၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၈၈၀ | ၁၈၃၀ | ▼ | ၂၀၀၉ | ၁၉၅၆ | ▼ | ၁၇၁၁ | ၁၈၆၈ | ▲ | ၁၇၆၅ | ၁၇၉၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၀၀ | ▼ | - | - | - | - | - | - | ၂၀၈၀ | ၁၆၈၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၀၀ | ▼ | ၁၄၁၇ | ၁၄၁၇ | ■ | ၁၄၅၀ | ၁၄၇၅ | ▲ | ၁၀၃၀ | ၁၀၈၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | ၇၉၅ | ၉၄၇ | ▲ | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၉-၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၁/၁ | ၂၈/၁ | ပြောင်းလဲမှု | ၂၁/၁ | ၂၈/၁ | ပြောင်းလဲမှု | ၂၁/၁ | ၂၈/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၂၀ | ၁၃၇၀ | ▼ | ၁၅၄၃ | ၁၅၄၂ | ▼ | ၁၃၉၆ | ၁၃၉၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၀၀ | ၁၁၉၀ | ▼ | ၁၂၃၄ | ၁၂၃၄ | ■ | ၁၂၃၄ | ၁၂၃၄ | ■ |
| ၃ | ပဲတီရွှေဝါ | ၈၅၀ | ၈၅၀ | ■ | ၉၉၉ | ၉၈၄ | ▼ | ၁၀၂၉ | ၁၀၂၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၄၃ | ၆၃၉ | ▼ | ၆၆၁ | ၆၆၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၆.၁.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၃.၁.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၃.၁.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၃၀၃ | ၁၅၁၄ | ၅၉၁၀ |
| ပဲတီစိမ်း | ၄၂၈၅ | ၄၄၈၉ | ၁၇၅၁၉ |
| ပဲစင်းငုံ | ၈၃၃၆ | ၄၄၄၀ | ၂၁၃၁၃ |
| ကုလားပဲ | ၁၄ | ၃ | ၄၂ |
| ပဲလွန်းဖြူ | ၈၄ | ၁၀၉ | ၃၄၉ |
| မြေထောက်ပဲ | ၁၁ | ၁၂၀ | ၁၆၆ |

## ရှမ်းပဲစင်းငုံသစ်များ ဈေးကွက်ကိုဝင်လာပြီ

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ယခင်ကတော့ ကြက်သွန်ဖြူ ပဲစင်းငုံ၊ ပဲပုပ်၊ ပြောင်း စတဲ့ဈေးကွက်ဝင် သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ၂၀၁၁-၂၀၁၂ နောက်ပိုင်းမှာ ပဲတွေ ဈေးကွက်ပျက်လာသလို ကြက်သွန်ဖြူကလည်း ဈေးကွက်ပျက်လာတာကြောင့် အဲဒီသီးနှံတွေအစား ဈေးကွက်ဝင်သီးနှံဖြစ်တဲ့ ပြောင်းကို အစားထိုးပြီး စိုက်ပျိုးလာကြတယ်လို့ သိရပါတယ်။

ရှမ်းပဲစင်းငုံက မနှစ်ကအထိတောင် ဈေးသိပ်မကောင်းသေးပါဘူး၊ ရာသီဥတုကြောင့် အထွက်နှုန်းကလည်း နည်းပြီး အရည်အသွေးလည်း မကောင်းတာကြောင့် ဈေးကွက်မှာလည်း ခဏတာဝင်ခဲ့တယ်လို့လည်း သိရပါတယ်။ ရှမ်းပဲစင်းငုံအသစ်တွေလည်း ဒီတစ်ပတ်မှာ စပြီးဈေးကွက်ကို ဝင်လာပါပြီ၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်ကထွက်တဲ့ ပဲစင်းငုံတွေက စပြီးဈေးကွက်ကို ဝင်လာပါတယ်။ ပဲစင်းငုံနီသေးတွေဖြစ်ပြီး ဒေသတွင်း ဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။

အရင်နှစ်တွေ က ဈေးမကောင်းတော့လို့ အစိုက်လည်းနည်းသွားတာကြောင့် အထွက်လည်းနည်းလာတယ်လို့ သိရပါတယ်။ လင်းခေးခရိုင်က ထွက်တဲ့ လင်းခေးစ တွေကတော့ တောင်ကြီးစတွေထက် အထွက်နောက်ကျတာကြောင့် ဈေးကွက်ဝင်တာလည်း နောက်ကျပါတယ်။ ဒီတစ်ပတ် အသစ်ဝင်လာတဲ့ ပဲစင်းငုံက တစ်ပိဿာ ၂၄၀၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ပြည်မတ်ပဲသစ်ဝင်ရောက်မှုနည်းနေပြီး ဈေးလည်းပြန်လျော့ခဲ့

ပြည်ပဲမျိုးစုံဈေးကွက်သို့ ဆောင်းပဲသစ်ဖြစ်သော မတ်ပဲသီးနှံက ယခုလကုန်သီတင်းပတ်မှာ အဝင်ဆက်ရှိသော်လည်း အမြောက်အများ ဝင်ရောက်မှုမရှိသေးဘဲ အိတ်အနည်းငယ်ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် အရောင်းအဝယ်သိပ်မဖြစ်သေးဘဲ တခြားပဲများသာ အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲသစ်ဈေးမှာ တစ်တင်း ၅၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်ဈေးလျော့သွားခဲ့ပြီး ယခင်တစ်ပတ်က ပဲသစ်ဈေးမှာ တစ်တင်း ၅၉၅၀၀ ကျပ်ဖြင့် ပဲဈေးကွက်မှာ အရောင်းအဝယ်သိပ်မဖြစ်ပေမယ့် ဈေးအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်စအချိန် ယခုလိုလကုန်ပတ်တွင် မတ်ပဲ တစ်တင်း ၂၇၅၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ပဲဈေးအလားအလာကောင်းနိုင်ကြောင်း ခန့်မှန်းနေကြ ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲတီစိမ်းသီးနှံ ဈေးအနည်းငယ် လျော့သွားခဲ့

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲတီစိမ်းသစ်များ ၂၀၁၅ နိုဝင်ဘာလမှစ၍ အဝင်ရှိလာပြီး ယခုနှစ်ဆန်းပိုင်းမှာလည်း ဆက်တိုက်အဝင်ရှိလာတဲ့အတွက် တစ်ရက်အိတ် ၂၅၀-၃၀၀ ကျော်အထိ ဝင်ရောက်လျက်ရှိပါတယ်။ ပန်းတောင်းနှင့် ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ ဝင်ရောက်ခြင်းဖြစ်ပြီး မန္တလေးလိုင်းသမားများ အဝယ်အမြဲရှိတဲ့အတွက် ဝင်ရောက်လာသမျှ အိတ်အားလုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၃၇၅၀၀ ကျပ်ဖြင့် ယခင်ပတ်ကထက် ၅၀၀ ကျပ်ဈေးလျော့သွားခဲ့ပါတယ်။ ယခုလအတွင်းမှာတော့ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးများ ဈေးကောင်းရသော်လည်း ပဲတီစိမ်းသီးနှံဈေးက ၎င်းပဲဈေးများထက် လျော့နည်းနေခဲ့တာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲဈေးကွက်အတွင်း ပြည်ပဲစင်းငုံ အရောင်းအဝယ်သွက်နေ

ဇန်နဝါရီလကုန်ရက်အတွင်း ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များဖြစ်သော ပဲစင်းငုံသီးနှံဟာလည်း နယ်စုံမှဝင်ရောက်လာတာကြောင့် တစ်ရက်အိတ် ၁၀၀၀ ကျော်အထိ ဝင်ရောက်မှုများလာခဲ့သလို ရန်ကုန်ဝယ်လက်မှလည်း ဝယ်လိုအားကောင်းခဲ့တဲ့အတွက် ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံး ဖြစ်နေခဲ့ပါတယ်။

ယခင်တစ်ပတ်အထိ တစ်တင်း ၄၉၅၀၀ ကျပ်နဲ့ ဈေးကောင်းရနေပြီး ယခုတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်လျော့သွားလို့ တစ်တင်း ၄၈၉၀၀ ကျပ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲစင်းငုံသီးနှံရဲ့ ဇန်နဝါရီလကုန်ဈေးမှာ တစ်တင်း ၂၆၀၀၀ ကျပ်သာရရှိခဲ့တာကြောင့် ယခုနှစ်မှာ ဈေးကောင်းရခဲ့လို့ ပဲစိုက်တောင်သူများ အကျိုးအမြတ်ပိုလာခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူ လက်လီသာအရောင်းအဝယ်ရှိပြီး ဈေးလည်း ငြိမ်လျက်ရှိ

ပြည်ဈေးကွက်မှာ လက်လီအရောင်းအဝယ်သာဖြစ်ခဲ့တဲ့ ပဲလွန်းဖြူသီးနှံဟာလည်း ပဲသစ်များ အဝင်သိပ်မရှိခဲ့လို့ အရောင်းအဝယ်ပုံမှန်သာဖြစ်နေခဲ့ပါတယ်။ ပဲဈေးကတော့ တစ်တင်း ၂၈၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။

လဆန်းရက်က တစ်တင်း ၂၇၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် လလယ်မှစ၍ ပဲအဝင်နည်းလာလို့ ဈေးမြင့်တက်ခဲ့ကာ ယခုတစ်ပတ်မှာလည်း ဈေးအမြင့်နဲ့ ဆက်လက်ဈေးငြိမ်နေခြင်းဖြစ်ကြောင်း သိရပါတယ်။ ယခုနှစ်ဆန်းပိုင်း ကာလများတွင် ပြည်ပဝယ်လိုအားရှိတဲ့ ပဲများသာမက ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲများအားလုံးလိုလိုလည်း ဈေးကောင်းရနေခဲ့ကြပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်တွင်းဝယ်လက် ပဲကြီးနဲ့ ကုလားပဲသီးနှံရဲ့ ဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲများနဲ့ ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲများပါ အရောင်းအဝယ်ပြုလုပ်ကြရာတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ ပြည်ပဝယ်လက်အပေါ် မူတည်ပြီး ရန်ကုန်၊ မန္တလေး ဝယ်လက်များက အဓိကထားဝယ်ယူကြသလို ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲနဲ့ ပဲကြီးသီးနှံဟာ တစ်နှစ်တာလုံး ဒေသတွင်းဝယ်လက် ပဲခွဲစက်၊ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူကြတဲ့အတွက် တခြားပဲများနဲ့ ယှဉ်ရင် အရောင်းအဝယ်သွက်နေတဲ့ ပဲများဖြစ်ခဲ့ပါတယ်။

ကုလားပဲနဲ့ ပဲကြီးသီးနှံတို့ရဲ့ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများအခြေအနေကို လေ့လာရာမှာလည်း ကုလားပဲသီးနှံမှာ ရှေ့နှစ်များရဲ့ (ကာလတူအချိန်) တွင် ဈေးကောင်းမရခဲ့ဘဲ ယခုနှစ်မှာတော့ ဈေးနှုန်းများ ပြည်ပဝယ်လက်ပဲများနဲ့ အပြိုင်ဈေးကောင်းရရှိလာခဲ့တာကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ်။

**နှစ်အလိုက် ဈေးနှုန်းနှိုင်းယှဉ်မှု**

ရေတွက်ပုံ (တင်းဈေး) - ကျပ်

| ခုနှစ် | ကုလားပဲ | | ပဲကြီး | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ၂၀၁၃ ဇန်နဝါရီ | ၁၆၀၀၀ | ၁၈၉၀၀ | ၃၅၀၀၀ | ၃၆၀၀၀ |
| ၂၀၁၄ ဇန်နဝါရီ | ၁၄၉၀၀ | ၁၆၀၀၀ | ၄၀၀၀၀ | ၄၁၅၀၀ |
| ၂၀၁၅ ဇန်နဝါရီ | ၁၅၁၀၀ | ၁၆၀၀၀ | ၁၉၅၀၀ | ၂၅၀၀၀ |
| ၂၀၁၆ ဇန်နဝါရီ | ၄၁၀၀၀ | ၄၃၀၀၀ | ၃၀၀၀၀ | ၃၃၀၀၀ |

ကုလားပဲသီးနှံမှာ ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်မှ ၁၈၉၀၀ ကျပ်ထိသာရရှိကာ ၂၀၁၄ ခုနှစ်မှာတော့ ရှေ့နှစ်ထက် ဈေးလျော့သွားခဲ့ကာ ကျပ် ၁၅၀၀၀ တစ်ပတ်လည်ရရှိပြီး ၂၀၁၅ နှစ်ဆန်းပိုင်း မှာလည်း ၂၀၁၄ နဲ့ သိပ်မကွာဘဲ ဈေးအေးခဲ့တဲ့ နှစ်ဖြစ်ပါတယ်။

၂၀၁၅ ဩဂုတ်လမှစ၍ ပဲဈေးနှုန်းများမြင့်တက်လာ ခဲ့တဲ့အတွက် နှစ်ကုန်တွင်တော့ ဈေးနှုန်းများ ကောင်းခဲ့ပြီး အရောင်းအဝယ်မှာလည်း ပဲခွဲစက်လုပ်ငန်းသမားများ ပုံမှန်အဝယ်ရှိလို့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုနှစ်ဆန်းပိုင်းမှာလည်း ဈေးကောင်းဆက်ရနေခဲ့ကာ ပဲသစ်အချို့လည်း ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ ရှေ့ သုံးနှစ်ဆက်တိုက်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းမှာ ကျပ် နှစ်သောင်းအောက်သာရရှိပြီး၊ ၂၀၁၆ ရဲ့ နှစ်ဆန်းပိုင်းဈေးမှာ ရှေးကနှစ်များထက် တစ်တင်း ကျပ် ၂၅၀၀၀ ကျော်ခန့် မြင့်တက်လာခဲ့လို့ ပဲအထွက်လှိုင်လာချိန်မှာလည်း ဈေးကောင်းဆက်ရနေမယ်ဆိုပါက ပဲစိုက်ပျိုးထုတ်လုပ်သူများ အကျိုးအမြတ်ပိုရနိုင်ကြောင်း သိရှိရပါတယ်။

ပဲကြီးသီးနှံရဲ့ ဈေးနှုန်းများကို လေ့လာရာမှာတော့ ၂၀၁၅ ခုနှစ်တွင်သာ ဈေးအေးခဲ့ပြီး၊ ကျန်နှစ်များမှာတော့ နှစ်စဉ်နှစ်တိုင်းလိုလို ကျပ် သုံးသောင်းအထက်ရရှိခဲ့တဲ့ သီးနှံဖြစ်လို့ ပြည်တွင်းသာ ဝယ်လိုအားရှိသော်လည်း ဈေးကောင်းခဲ့တဲ့ သီးနှံတစ်ခုဖြစ်ကြောင်း သိရပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားများမှ တစ်နှစ်ပတ်လုံး အဝယ်ရှိလို့ ပွဲရုံများမှာလည်း တစ်နှစ်ပတ်လုံး သိုလှောင်ထားရှိကာ အရောင်းအဝယ်ဖြစ်ခဲ့ ကြပါတယ်။ ၂၀၁၃ နှစ်ဆန်းပိုင်းတွင် တစ်တင်း ၃၅၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ဖြစ်ခဲ့ကာ ကုလားပဲသီးနှံနဲ့ နှိုင်းယှဉ်ရင်လည်း ပဲကြီးသီးနှံက ဈေးပိုခဲ့ပါတယ်။ ၂၀၁၄ နှစ်ဆန်းပိုင်းမှာတော့ တစ်တင်း ၄၀၀၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်ထိ ဈေးထပ်မံမြင့်တက်လာခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာတော့ ဈေးထက်ဝက်လျော့ကျခဲ့တာကြောင့် ကုလားပဲသီးနှံနဲ့ ၎င်းနှစ်မှာ ဈေးသိပ်မကွာဘဲ ဈေးအေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ တစ်တင်း ၃၀၀၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်ရရှိခဲ့ပေမယ့် ကုလားပဲသီးနှံဈေးက ၎င်းဈေးထက် ယခုနှစ်ဈေးပိုလာခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ကြက်သွန်နီ အဝင်ကြမ်းပြီး ဈေးအေးလာ

ဇန်နဝါရီ နောက်ဆုံးပတ်မှာ ပြည်ကြက်သွန်နီပွဲရုံများသို့ ကြက်သွန်နီအိတ်တွေ အဝင်များလာပါတယ်။ တစ်ပတ်ထက် တစ်ပတ် အရည်အသွေးလည်း ပိုမိုကောင်းတဲ့ ကြက်သွန်နီစတွေ ဝင်လာခြင်းဖြစ်ပါတယ်။ အဝင်များလာတာကြောင့် ဈေးလည်းဆက်တိုက်ကျလာတာ တွေ့ရပါတယ်။ ရေနံချောင်း၊ ပခုက္ကူ၊ မကွေး၊ ဆိပ်ဖြူတို့ဘက်မှ ဝင်ရောက်လာပြီး ဒေသတွင်းအရောင်းအဝယ်ဖြစ်ပါတယ်။ ကြက်သွန်နီ (ပွဲရုံ) ဈေးတစ်ပိဿာ (ကြီး) ၇၅၀ ကျပ်၊ (လတ်) ၆၅၀ ကျပ်၊ (သေး) ၅၅၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကတော့ တစ်ပိဿာ (ကြီး) ၁၀၀၀ ကျပ်၊ (လတ်) ၈၅၀ ကျပ်၊ (သေး) ၆၅၀ ကျပ်တို့ဖြစ်ပါတယ်။ ဒေသတွင်းရောင်းဝယ်လျက်ရှိတဲ့ အိတ်ဆွဲသမားများကြောင့် ပွဲရုံများမှာ တစ်ရက်ကို အိတ် ၃၀၀ နီးပါး ပုံမှန်ဖြစ်နေတယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**

## ကျန်းမာရေးအတွက် စားသုံးကြလို့ ရှမ်းကြက်သွန်ဖြူ အဝယ်လိုက်

ဒီတစ်လမှာ ရှမ်းပြည်နယ်တောင်ပိုင်းက သီးနှံတွေ ဈေးတက်နေပါတယ်။ သီးနှံတွေက လက်ကျန်နည်း လာတယ်၊ အခုမှစပြီး ပေါ်လာတာရယ်ကြောင့် အဝင်ကလည်း နည်းနေပါတယ်။ အဲဒါကြောင့် လက်ကျန်နည်းလာ တဲ့ ရှမ်းကြက်သွန်ဖြူတွေလည်း ဈေးတက်လာပါတယ်။ စိုက်ပျိုးချိန်အပြီး တန်ဆောင်မုန်းလမှာတော့ ပိုတဲ့ မျိုးတွေကိုထုတ်ရောင်းကြတာကြောင့် ဈေးကအတက်အကျသိပ်မရှိခဲ့ဘဲ ဈေးနှုန်းက ကျပ် ၂၀၀၀-၂၅၀၀ ပတ်ချာလည်နဲ့ အီနေခဲ့ပါတယ်။ ဒေသတွင်းစားသုံးဖို့အတွက်ရယ်၊ ရန်ကုန်ဝယ်လက်တွေ အနည်းငယ်ဝယ်တာ ကလွဲရင် အရောင်းအဝယ်ကလည်း ထင်သလောက်မကောင်းခဲ့ပါဘူး။ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တရုတ်ကြက်သွန်တွေကိုသာ အသုံးများနေတာကြောင့် ရှမ်းကြက်သွန်ဖြူက သိပ်ပြီး ဈေးကွက်မဝင်တော့ပါဘူး။

ယခုနောက်ပိုင်းမှာ ကျန်းမာရေးအတွက် ရှမ်းကြက်သွန်ဖြူက ဆေးဘက်ဝင်ကြောင်း အသိပညာပေးမှု ကျယ်ပြန့်လာလို့ ရှမ်းကြက်သွန်ဖြူကို ပြန်ပြီးသုံးလာကြပါတယ်။ ဒါကြောင့် ရှမ်းကြက်သွန်ဖြူကပြန်ပြီး အဝယ်လိုက်လာပါတယ်။ အရင်တစ်ပတ်ကတော့ ကြက်သွန်ဖြူ တစ်ပိဿာကို အနိမ့်ဆုံး ၂၇၀၀ ကျပ်မှ အမြင့်ဆုံး ၃၃၀၀ ကျပ်ရှိခဲ့ပေမယ့်၊ ဒီတစ်ပတ်တော့ ဈေးပိုတက်လာပါတယ်။ လက်ကျန်ကလည်း နည်းလာပြီး၊ အဝယ်ပြန်လိုက်လာလို့ ဈေးကလည်း တက်လာပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာတော့ ကြက်သွန်ဖြူ တစ်ပိဿာဈေးက (လတ်ခြား) ၃၀၀၀ ကျပ်၊ (ထူး-၁) ၃၁၀၀ ကျပ်၊ (ထူး-၂) ၃၂၀၀ ကျပ်၊ (ထူး-၃) ၃၃၀၀ ကျပ်၊ (ထူး-၄) ၃၄၀၀ ကျပ်ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ကြက်သွန်ဖြူက ကုန်သလောက်ဖြစ်သွားပါပြီ၊ တစ်ပိဿာကို အနိမ့်ဆုံး ၂၅၀၀ ကျပ်မှ အမြင့်ဆုံး ၃၅၀၀ ကျပ်နဲ့ ဈေးပိတ်သွားတယ်လို့လည်း ဈေးကွက်က သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## နနွင်း

### နနွင်းတန်ချိန် ၁၅၀ ကျော် တင်ပို့နိုင်

ပြည်ပနိုင်ငံများကို ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း နနွင်း ၁၅၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ၁၀၅၀၀ တန်ဖိုးရှိ နနွင်း ၁၅ တန်ကိုပါကစ္စတန်နိုင်ငံ၊ ကန်ဒေါ်လာ ၁၉၆၀၀ တန်ဖိုးရှိ နနွင်း ၂၈ တန်ကို အိန္ဒိယနိုင်ငံနဲ့ ကန်ဒေါ်လာ ၈၂၁၀၀ တန်ဖိုးရှိ နနွင်း၁၁၆ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နနွင်းတင်ပို့မှုမှာ တန်ချိန် ၃၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၃၀ အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းနနွင်း အရောင်းအဝယ်အေးပြီး ဟိုပုံနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်ပန်းနနွင်းက အရောင်းအဝယ်ခပ်အေးအေးသာရှိပါတယ်။ အသစ်တွေကလည်း အဝင်သိပ်မရှိသေး ပါဘူး။ ဖော်ပြီးလှန်းတာနဲ့ပြုတ်တာပဲရှိနေပါသေးတယ်။ အရင်နှစ်က လက်ကျန်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေကြပြီး လက်ကျန်တွေလည်းရှိနေသေးတယ်လို့သိရပါတယ်။

ဟိုပုံးနနွင်းကတော့ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ဒီနှစ်မှာ မူဆယ်ဝယ်လက်တွေ အဝယ်နားသွား ပေမယ့် ရန်ကုန်ဝယ်လက်တွေကတော့ ဝယ်ယူနေဆဲဖြစ်ပါတယ်။ ဟိုပုံးနနွင်းလည်း အသစ်ဖော်လို့ရနေပေမယ့် ဈေးကွက်ကို မဝင်လာသေးဘဲ ပွဲရုံလက်ကျန်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေကြတယ်လို့ သိရပါတယ်။ ဝယ်လက်ကတော့ ကြိုက်တဲ့ဈေးတွေပေးပြီး ဝယ်ယူနေတာကြောင့် လွန်ခဲ့တဲ့တစ်ပတ်ကတော့ တစ်ပိဿာကို အနိမ့်ဆုံး ၁၆၅၀ ကျပ်ကစပြီး ဝယ်ပေမယ့် ဒီတစ်ပတ်မှာ ၁၇၇၀ ကျပ်ဈေးနဲ့ဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် ခြောက်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဟိုပုံးနနွင်းပွဲရုံတွေကသိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ချင်း

### ဟိုပုံးဈေးကွက် ချင်းအစိုက်နည်းလို့ အဝင်နည်း

ဟိုပုံးဈေးကွက်မှာ ချင်းအသစ်တွေစပြီးဝင်လာပါပြီ။ ဟိုပုံးနယ်တစ်ဝိုက်က ချင်းတွေဖြစ်ပြီး အဝင်ကတော့ နည်းနေပါသေးတယ်။ ချင်းတက်ဖော်လို့ရခါနီးမှ မိုးရွာလာတာကြောင့် တူးရခက်လို့ အဝင်ကလည်း နည်းသွားတယ်လို့ သိရပါတယ်။ လောလောဆယ်တော့ အဝင်နည်းပြီး ဈေးကွက်လည်းမရှိသေးတော့ အရောင်းအဝယ်ကလည်း သိပ်မဖြစ်သေးပါဘူး။ စိုက်တာနည်းပြီး၊ အထွက်နှုန်းလည်း နည်းတာကြောင့် တောင်သူတွေက နောက်နှစ်အတွက် အခက်ကြီး၊ အခက်လှတွေကို မျိုးအဖြစ်ချန်ထားပြီး ပယ်ချင်းတွေကိုသာ ထုတ်ရောင်းကြလို့ ဈေးကွက်မှာလည်း ဈေးကနှစ်မျိုးဖြစ်လာပါတယ်။ အခက်ကြီး၊ အခက်လှတွေကိုတော့ တစ်ပိဿာ ၄၀၀ ကျပ်ဈေးရှိပြီး၊ ပယ်ချင်းကတော့ ၃၀၀ ကျပ်ရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာ ၃၂၀၀ ကျပ်နဲ့ဈေးပိတ်သွားပြီး၊ ပစ္စည်းလက်ကျန်ကလည်း ကုန်သွားပါပြီ။ မနှစ်ကချင်းစိုဈေးကောင်းလို့ ချင်းခြောက်ကို မလုပ်တော့တာကြောင့် ပစ္စည်းက နည်းတယ်လို့ သိရ ပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းကပုံမှန်အဝင်ရှိနေပြီး ဈေးပတ်သမားတွေပဲအဝယ်ရှိနေပါတယ်။ ဈေးကလည်း အရင်တစ်ပတ်ကဈေးအတိုင်းဖြစ်ပြီး တစ်ပိဿာကို ၄၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက်တွင် အဝင်ရော အရောင်းပါ အေးနေ

ဒီတစ်ပတ် ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများအဝင်နည်းလာပြီး တစ်ပတ်ကို ပိဿာ သုံးဆယ်ဝင် အိတ် ၁၀၀ ခန့်အဝင်ရှိနေတယ်လို့ သိရပါတယ်။ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း အေးနေပြီး ယခင်တစ်နေ့ကို အိတ် ၅၀ ခန့်ရှိပြီး၊ ယခု ၁၅ အိတ်ခန့်သာ ရောင်းဝယ်မှုဖြစ်တယ်လို့ ချင်းပွဲရုံမှတစ်ဆင့် သိရပါတယ်။ ဈေးနှုန်းအားဖြင့်လည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ ချင်းတစ်ပိဿာကို (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့်သစ်များ ဈေးကွက်သို့ ဝင်ရောက်လာ

စားဖိုဆောင်သီးနှံ မန်ကျည်းမှည့်(သစ်)များ ပြည်ပွဲရုံသို့ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ဈေးကွက်ဝင်လာတာ တွေ့ရပါတယ်။ မန်ကျည်းမှည့်(အဟောင်း)များကတော့ ဒေသတွင်းစားသုံးရန်နှင့် အရောင်းအဝယ်ပြုရန် အနည်းငယ် လှောင်ထားပြီး အရောင်းအဝယ်ပြုနေကြခြင်းဖြစ်ပါတယ်။ လအတော်ကြာ ဈေးနှုန်း တည်ငြိမ်ပြီး အရောင်းအဝယ်ဖြစ်ရုံသာ ရှိနေခဲ့ပါတယ်။ မန်ကျည်းမှည့်(ဟောင်း) အစေ့လွတ် တစ်ပိဿာကို ၁၈၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ယခုဝင်ရောက်လာတဲ့ မန်ကျည်းမှည့် (သစ်) တွေကတော့ (အစေ့ပါ) ဈေးနှုန်းဖြစ်ပါတယ်။ တစ်ပိဿာကို ၉၀၀ ကျပ်ဈေးဖြစ်ပြီး ရွှေတောင်၊ ကျီးသဲနဲ့ ပြည်မြို့နယ်ဒေသတွင်းများမှ တစ်ရက်ကို ပိဿာ ၃၀၀ ကျော်ပွဲရုံများသို့ဝင်ရောက်နေတယ်လို့ သိရပါတယ်။ ပေါ်စမန်ကျည်းမှည့်သစ်များကို ရခိုင်၊ တောင်ကုတ်တို့ဘက်မှ အဝယ်ရှိတာကြောင့် တစ်ရက်ကိုပိဿာ ၂၀၀ ခန့်တင်ပို့ရပါတယ်။ ဒေသတွင်းမှာတော့ မန်ကျည်းမှည့်အသစ် တစ်ပိဿာကို ၁၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။ **နီနီဝင်း-ပြည်**

## ကြက်သွန်

### ပခုက္ကူကြက်သွန်နီ အရှုံး၊ အမြတ်လွန်ဆွဲ

ပခုက္ကူတွင် ကြက်သွန်နီအသစ် မိုးစိုက်(ဉစိုက်)ကြက်သွန်နီများ နိုဝင်ဘာလ နောက်ဆုံးပတ်မှစ၍ လက်ကားတစ်ပိဿာကို အမြင့် ၂၄၀၀ ကျပ်နဲ့ အနိမ့် ၁၄၀၀ ကျပ်ဈေးဖြင့် ဈေးကွက်တွင်းကိုစတင်ဝင်ရောက်ခဲ့ရာမှ ဇန်နဝါရီ ၂၈ ရက်တွင် ကြက်သွန်နီ ပင်ရင်းဈေးကွက်ဖြစ်သော လက်ကားဈေးမှာ တစ်ပိဿာ အမြင့် ၅၂၅ ကျပ်၊ အလတ် ၄၀၀ ကျပ်၊ အနိမ့် ၃၅၀ ကျပ်ထိ ကြက်သွန်နီဈေးနှုန်းမှာ တဖြည်းဖြည်းကျဆင်းလာခဲ့ပါတယ်။

ကြက်သွန်နီ စိုက်ပျိုးသူတောင်သူများအနေဖြင့် ကိုယ်ပိုင်မျိုးရှိသူ၊ မျိုးဝယ်ယူစိုက်ပျိုးသူနဲ့ သွင်းအားစု ထည့်သွင်းမှု၊ ကွာခြားမှုအလိုက် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ တူညီမှုမရှိဘဲ ကွာခြားနေပြီး အထွက်နှုန်းလည်း ကွာခြား၍ တစ်ပိဿာ စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်မှာ ၂၇၅ ကျပ်၊ ၃၀၀ ကျပ်၊ ၃၂၅ ကျပ်၊ ၃၅၀ ကျပ်၊ ၃၇၅ ကျပ် ရှိနေပါတယ်။

ယခုဖြစ်ပေါ်နေတဲ့ ပင်ရင်းလက်ကားဈေးမှာ တစ်ပိဿာ အမြင့် ၅၂၅ ကျပ်၊ အလတ် ၄၀၀ ကျပ်၊ အနိမ့် ၃၅၀ ကျပ်ရှိနေတဲ့အတွက် ထိပ်စ ၅၅၀ ကျပ်ဈေးဖြင့် ရောင်းချနိုင်မှသာ တောင်သူများအနေဖြင့် တွက်ခြေကိုက်အမြတ်ရနိုင်၍ ၄၀၀-၃၅၀ ကျပ်ဈေးနဲ့ အောက်သို့ဈေးဆက်၍ ကျသွားပါက တောင်သူများမှာ အရှုံးဘက်သို့ဦးတည်နေ၍ အချို့တောင်သူများမှာ တွက်ခြေမကိုက်၍ အတက်ဈေးကို မျှော်မှန်းလျက် မဖော်ဘဲထားသောကြောင့် ကြက်သွန်နီမှာ ယခင်ထက်အဝင်နည်းကာ တစ်နေ့ကို ပိဿာ ၁၅၀၀၀ - ၂၀၀၀၀ ခန့်သာ ဝင်လျက်ရှိပြီး ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ဈေးအနိမ့်၊ အမြင့်၊ အတက်အကျတွင် စောင့်စားလျက်ရှိကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

### ကြက်သွန်နီကို မြဝတီမှ တင်ပို့၊ ရိဒ်မှတင်သွင်း

ဇန်နဝါရီလ တတိယပတ်တွင် မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၄၈၈၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၁၈၂ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၄၂ တန်သာတင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှုပိုမိုလာတာတွေ့ရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၀ တန်တင်သွင်းလာခဲ့ပါတယ်။ ဒီဇင်ဘာလဆန်းလောက်က မြန်မာနိုင်ငံတစ်ဝန်း ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၀၀၀ ခန့်ရှိရာမှ ယခုရက်ပိုင်း တစ်ပိဿာကို ၁၀၀၀-၁၂၀၀ ကျပ်အထိ ကျဆင်းသွားပြီဖြစ်ပါတယ်။ စလင်း၊ ပွင့်ဖြူ၊ ရေနံချောင်းနဲ့ ပခုက္ကူ ဒေသများမှာ ကြက်သွန်နီ ထွက်ရှိနေပေမယ့် ကြက်သွန် (အသစ်) ပေါ်စမှာတော့ တောင်သူတွေ မျှော်မှန်းထားတဲ့ ယခင်ဈေးနှုန်းကို မမီကြဘူးလို့ ကြက်သွန်စိုက်တောင်သူတွေထံမှ သိရပါတယ်။

**မော်မော်အောင်**



### ဝက်လက်မြို့နယ်၌ ဇော်မွှား (ဘောင်တိုက်) ကြက်သွန်များနုတ်သိမ်းပြီး ရွှေဖလား (မြစ်သား) ကြက်သွန်များ စိုက်ပျိုးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်ရှိ ကျောက်တိုင်၊ မင်ကျီကျေးရွာများမှာ ဇော်မွှား (ဘောင်တိုက်) ကြက်သွန်များ နုတ်သိမ်းပြီးဖြစ်ပါတယ်။ " ကျွန်တော်တို့ရွာနဲ့ မင်းကျီကျေးရွာတွေမှာ ကြက်သွန်နီ စိုက်ဧက တစ်ရွာကို ဧက ၁၀၀၀၀ ရှိပြီး တစ်ဧကကို ပိဿာချိန် ၄၀၀၀ ကနေ ၅၀၀၀ အထိထွက်ရှိပါတယ်။ ထွက်ရှိတဲ့ ကြက်သွန်တွေကိုတော့ မန္တလေးကုန်စည်ဒိုင်အရောက် တစ်ပိဿာကို ၇၀၀ ကျပ်ဈေးနှုန်းနဲ့ သွင်းရပါတယ်" ဟု ကျောက်တိုင်ကျေးရွာမှ ကြက်သွန်သုံးဧကခွဲ စိုက်ပျိုးထုတ်လုပ်သူ ဦးခင်မောင်သန်းက ပြောပါတယ်။

"ကျွန်တော်ကတော့ လက်ရှိကြက်သွန်နှစ်ဧက စိုက်ပျိုးထားပါတယ်။ အခုဆိုရင် ၂၅ ရက်သားအရွယ် ရောက်နေပါပြီ၊ တစ်ဧကကို မြေဩဇာ၊ မျိုး၊ ရေဖျန်းစရိတ် အပါအဝင်အားလုံး ကုန်ကျစရိတ်ငါးသိန်း ခန့်ရှိပါတယ်။ စိုက်ပျိုးချိန်မှ ကြက်သွန်ပေါ်ချိန်အထိ လေးလကြာမြင့်မှာဖြစ်ပြီး တပေါင်းလဆိုရင် ကြက်သွန်ပေါ်ပါတယ်။ တစ်ဧကကို ကြက်သွန်ပိဿာချိန် ၅၀၀၀ ခန့်မှန်းထားပါတယ်။ တစ်ပိဿာကို ၂၀၀ ကျပ်၊ ၃၀၀ ကျပ် အနည်းဆုံးရောင်းရရင်တောင် အမြတ်ကျန်ပါတယ်။ ရေကတော့ နှစ်လသားအထိ ၁၀ ရက် တစ်ကြိမ်ဖျန်းရပြီး နှစ်လကျော်ရင်တော့ ရေသွင်းလို့ရပါပြီ။ စိုက်ပျိုးတဲ့စနစ်ကတော့ တစ်ပင်နှင့်တစ်ပင် အလျား၊ အနံ လက်ငါးလုံးခန့်စီခွာပြီး စိုက်ပျိုးပါတယ်။ ဒါမှကြက်သွန်ဥက အနေတော်ဖြစ်ပြီး ဈေးကွက်ဝင်ပါတယ်။ တချို့က လက်တစ်ထွာခြားပြီး စိုက်ပျိုးကြတော့ ကြက်သွန်ဥတွေကြီးလွန်းပြီး အထွက်နှုန်းနည်းတယ်၊ ဈေးကွက်မှာလည်း ကြိုက်သူနည်းပါတယ်"ဟု ဝက်လက်မြို့နယ် ဖွင့်လှိုင်ကျေးရွာမှ နှစ်စဉ်ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရောင်းချသူ ကိုမျိုးမင်းထွန်းက ပြောပါတယ်။

ဝက်လက်မြို့နယ်ဟာ အဓိကစိုက်ပျိုးသီးနှံအဖြစ် မိုး၊ နွေစပါးကို စိုက်ပျိုးပြီး စပါးပေါ်ချိန်မှာ သီးညှပ်အဖြစ် ကုလားပဲကို စိုက်ပျိုးလျက်ရှိပါတယ်။ ဆီထွက်သီးနှံအဖြစ် နှမ်း၊ မြေပဲ၊ နေကြာများလည်း စိုက်ပျိုးလျက်ရှိပါတယ်။ ကြက်သွန်စိုက်ပျိုးမှု အနေနဲ့ကတော့ တစ်မြို့နယ်လုံး နှစ်စဉ် ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးထွက်ရှိကြောင်း သိရပါတယ်။

**မျိုးထွန်း-မန္တလေး**

# ဘယ်စျေးကွက်ထဲက ဘယ်လိုလူလဲ

ခင်မောင်ညို(ဘောဂဗေဒ)

ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စတော့ရှယ်ယာစျေးကွက်တွေအပြိုင်အဆိုင်ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမယ့် အဲဒီစတော့ရှယ်ယာစျေးကွက်တွေကနေဖွံ့ဖြိုးဆဲနိုင်ငံကလူတွေ ဘယ်လောက်အကျိုးရှိခဲ့ကြသလဲဆိုတဲ့ မေးခွန်းတစ်ခုကိုမကြာခင်က ကျွန်တော်ဖတ်ခဲ့ရတယ်။

ဒီလိုပဲဖွံ့ဖြိုးဆဲနိုင်ငံတွေကစျေးကွက်မှာဖွံ့ဖြိုးပြီး နိုင်ငံတွေကစျေးကွက်ထက် အကျိုးအမြတ်တွေများများပိုရနိုင်တာနဲ့ နိုင်ငံကြီးတွေကရင်းနှီးမြှုပ်နှံတဲ့သူတွေ သွားရည်ကျစရာ ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံ ရေးအရထိခိုက်နိုင်စရာ၊ငွေလဲနှုန်းအရထိခိုက်စရာ၊ စီးပွားရေးလောက ရဲ့ အရှုံးအမြတ်ချက်ချင်းပြောင်းလဲသွားနိုင်တဲ့ သဘောတွေကိုလည်းအဲဒီရင်းနှီးမြှုပ်နှံတဲ့သူတွေကတစ်ဆင့်တွက်ကြပြန်တယ်။

အာရှဒေသရဲ့ နောက်ဆုံးစျေးကွက်အသစ်လို့ အပြောများကြတဲ့မြန်မာနိုင်ငံကို နိုင်ငံတကာကစီးပွားရေးသမားတွေ အသေအချာစိတ်ဝင်စားခဲ့ကြတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်းသိသိသာသာတိုးလာခဲ့တယ်။ ဒါပေမယ့် တစ်ဘက်မှာရင်းနှီးမြှုပ်နှံမှု မူဝါဒနဲ့ ပတ်ဝန်းကျင်အပြောင်းအလဲဖြစ်နိုင်တယ်ဆိုတာကိုလည်းချင့်ချိန်နေကြတာတွေ့ရပါတယ်။

ဒီလိုဆိုရင်မြန်မာစျေးကွက်ဟာဘယ်လိုစျေးကွက်လဲ၊ကိုယ်ကရောဘယ်လိုရင်းနှီးမြှုပ်နှံသူလဲ။ အခုပေါ်ပေါက်လာတော့မယ့် စတော့ရှယ်ယာစျေးကွက်ထဲကိုဘယ်လိုရင်းနှီးမြှုပ်နှံတဲ့သူပုံစံနဲ့ ဝင်မလဲ?

### နွားသိုးစျေးကွက်လား

စီးပွားရေး အဆောက်အအုံကြီးတစ်ခုလုံး အခြေအနေကောင်းနေတယ်။ စုစုပေါင်းပြည်တွင်းထုတ်ကုန်ကလည်းတိုးတက်နေတယ်။ လူတွေအလုပ်အကိုင်ရကြတယ်။ စတော့ရှယ်ယာစျေးတွေကလည်းတက်နေတယ်။ ဘယ်ကုမ္ပဏီရဲ့ စတော့ရှယ်ယာကို ဝယ်မယ်ဆိုပြီး ရွေးချယ်ရတာသိပ်မခက်ခဲဘူး။ကုမ္ပဏီတွေအားလုံးကအခြေအနေကောင်းနေတာကိုး။

ဒါပေမယ့် အခုလို နွားသိုးစျေးကွက်ဟာလည်း ကြာရှည်မခံဘူး။ စတော့ရှယ်ယာစျေးနှုန်းတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက်အဆမတန်များနေတတ်တဲ့ အန္တရာယ်ရှိတယ်။ အဆမတန်များနေရင် အချိန်မရွေးပြုတ်ကျနိုင်တယ်။

လူတစ်ယောက်ကသိပ်ပြီး အကောင်းမြင်လွန်းနေရင်၊ စတော့ရှယ်ယာစျေးတွေ တက်တော့မယ်လို့ ထင်နေရင်သူ့ကိုလည်း နွားသိုးနဲ့ နှိုင်းလေ့ရှိပါတယ်။ မြန်မာစကားမှာ နွားသိုးကြိုးပြတ်ဆိုတဲ့ စကားတစ်ခုလည်းရှိတယ်။ သူ့ရဲ့ရှုမြင်သုံးသပ်ပုံကိုလည်း နွားသိုးဆန်တယ်လို့ ပြောလို့ ရပါတယ်။



### ဝက်ဝံစျေးကွက်

စီးပွားရေးအခြေအနေကဆုတ်ယုတ်ကျဆင်းနေတယ်။ စတော့ရှယ်ယာစျေးတွေလည်းကျတယ်။ ဘယ်ကုမ္ပဏီရဲ့ စတော့ရှယ်ယာဝယ်ရင်အကျိုးရှိမလဲဆိုတာစဉ်းစားရ၊ ရွေးချယ်ရတာခက်တယ်။ ဒါဆိုဘာလုပ်မလဲ။ တစ်နည်းကတော့ ဘေးထွက်ထိုင်ပြီး ဝက်ဝံစျေးကွက် ရပ်သွားခါနီးအထိစောင့်မယ်။ တစ်နည်းအားဖြင့် နွားသိုးစျေးကွက်စပြီလို့ ယူဆတဲ့အချိန်ထိစောင့်မယ်။ စတော့ရှယ်ယာစျေးနှုန်းတွေကျတော့မယ်လို့ ထင်နေတဲ့သူတွေ အဆိုးမြင်တဲ့သူတွေကိုလည်း ဝက်ဝံလို တင်စားလေ့ရှိပြီး၊ သူတို့ရဲ့ စျေးကွက်အမြင်ကိုဝက်ဝံဆန်တယ်လို့ ပြောလေ့ရှိပါတယ်။

### ကြက်တွေ-ဝက်တွေ

ကြက်တွေကသိပ်ကြောက်တတ်ကြတယ်။ တစ်စုံတစ်ခုဆုံးရှုံးသွားမှာကိုသိပ်စိုးရိမ်တတ်ကြတယ်။ တစ်ခုခုအကျိုးအမြတ်ရမှာထက်၊ ဆုံးရှုံးမှာကိုစိုးရိမ်တဲ့စိတ်ကလွှမ်းမိုးထားတယ်။ စွန့်စားရတာမျိုးမလုပ်ဘူး။ အေးအေးဆေးဆေး၊ ပုံမှန်ရတာလေးလောက်နဲ့ ကျေနပ်တတ်ကြ တယ်။ အိပ်မပျော်စရာရင်းနှီးမြှုပ်နှံမှုတွေကိုမလုပ်သင့်တာကောင်းမွန်ပေမယ့် မစွန့်စားရင်လည်းဘာအကျိုးအမြတ်မှရမှာမဟုတ်ဘူး။

ဝက်တွေက အချိန်တိုအတွင်းချမ်းသာချင်တယ်။ နာမည် ကြီးတာတွေကိုသေသေချာချာမစုံစမ်းဘဲ လိုက်ဝယ်တယ်။ စိတ်မရှည် ဘူး။ လောဘကြီးတယ်။ စိတ်လှုပ်ရှားလွယ်တယ်။ အရမ်းစွန့်စားတယ်။ သူတို့ရောင်းတာဝယ်တာကို အကျိုးဆောင်တွေ၊ ပွဲစားတွေကသိပ်ကြိုက်ပေ့ါ။ ပြီးတော့ သူတို့ရှုံးလေ၊ ဝက်ဝံတွေ၊ နွားသိုးတွေ အကျိုးရှိလေပဲ။

### ကိုယ်ဘယ်သူလဲ

တကယ်တော့ ကိုယ်နားမလည်တဲ့အလုပ်၊ ကိုယ်အဆင်သင့်မဖြစ်သေးတဲ့ အလုပ်ဆိုမလုပ်သင့်ဘူး။ တစ်ယောက်နဲ့တစ်ယောက်ရင်းနှီးမြှုပ်နှံပုံမတူကြဘူး။ နွားသိုးတို့၊ ဝက်တို့ကစျေးကွက်အလှည့်အပြောင်းမှာတစ်လှည့်စီစားရတယ်။ ကြက်ကနည်းနည်းတော့ စားရတယ်။ "နွားသိုးတို့၊ ဝက်ဝံတို့ စားဖို့အရေး ဝက်က အသတ်ခံရတယ်" ဆိုတဲ့ဆိုရိုးစကားရှိပါတယ်။

# မြန်မာ့သဘာဝ ရော်ဘာ အရည်အသွေးပိုမိုကောင်းမွန်စေရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ





မြန်မာ့သဘာဝ ရော်ဘာ အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်ရေးစက်မှုဝန်ကြီးဌာန၊Ministry of Economy, Trade and Industry (METI) နှင့် The Overseas Human Resources and Industry Development Association (HIDA)၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပပြုလုပ်တဲ့ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၈ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ UMFCCI စတုတ္ထထပ်ရှိ အစည်းအဝေးခန်းမမှာလည်းကောင်း၊ ညနေပိုင်းတွင် ရန်ကုန်မြို့ ရှိ Summit Park View Hotel မှာလည်းကောင်း ကျင်းပခဲ့ပါတယ်။

နံနက်ပိုင်း တွေ့ဆုံပွဲမှာ ဂျပန်နိုင်ငံ စီးပွားရေး ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံမှူး၊ HIDA မှ ကျွမ်းကျင်သူပညာရှင်များ၊ Japan Rubber Manufactures Association (JRMA) နှင့် The Rubber Trade Association of Japan (RTAJ) မှ နည်းပညာအကူအညီပေးသူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ပါတယ်။

နေ့လယ်ပိုင်း ဆွေးနွေးပွဲမှာ ဖော်ပြပါတာဝန်ရှိသူများအပြင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ရော်ဘာကဏ္ဍတွင်ပါဝင်သော စိုက်ပျိုးသူခြံရှင်များ၊ ထုတ်လုပ်သူများ၊ စက်ရုံများ၊ ကုမ္ပဏီများ၊ ကိုယ်စားလှယ်များ၊ NGO များနဲ့ မီဒီယာများ တက်ရောက်ခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲမှာ ပထမဦးစွာ ဂျပန်နိုင်ငံ နည်းပညာအကူအညီပေးရေးဌာနမှ Ms. Rika IYADOMI က ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်ရေးနဲ့စက်မှုစီးပွားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့ ပူးပေါင်းပြီး မြန်မာ့ရော်ဘာ အရည်အသွေး မြင့်မားရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာအကူအညီပေးခြင်းဖြင့် ရရှိလာတဲ့ တိုးတက်မှုများ၊ အောင်မြင်မှုရရှိမှုများကို ဆွေးနွေးပွဲ တက်ရောက်လာသူများကို ကြည့်ရှုလေ့လာစေမှာဖြစ်ကြောင်းနဲ့ ပညာရှင်တစ်ဦးချင်းက ကူညီပံ့ပိုးမှုများကို ရှင်းလင်းပြောကြားမှာဖြစ်ကြောင်းကို ပဏာမပြောကြားခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဝင်းမြင့်က ပြောကြားရာမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဲဒီလို ဆောင်ရွက်ရာမှာ အပြည်ပြည်ဆိုင်ရာ အကူအညီများကို ရယူနေရကြောင်း၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ဂျပန်နိုင်ငံကလည်း မိတ်ဆွေကောင်းပီသစွာပံ့ပိုးကူညီမှုများစွာ ပေးခဲ့ကြောင်း၊ METI နှင့် HIDA မှလည်း ၂၀၁၃ ခုနှစ်မှစ၍ နည်းပညာအကူအညီပေးခဲ့သည်မှာ သုံးနှစ်သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံဟာ နည်းပညာနဲ့ ပညာရေးမှာ ထိပ်ဆုံးအဆင့်မှာရှိလို့ မြန်မာနိုင်ငံအတွက် များစွာအထောက်အကူရခဲ့ကြောင်း၊ မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေးအတွက် အကူအညီပေးခဲ့သဖြင့် ရော်ဘာစိုက်ပျိုးရေးကဏ္ဍတွင် ထုတ်လုပ်မှုကဏ္ဍတိုးတက်လာကြောင်း၊ ဓါတ်ခွဲခန်းတစ်ခုတည်ဆောက်ဖို့လည်း နည်းပညာရောပစ္စည်းပါ ကူညီပေးတဲ့အတွက် အဆင့်မီစွာရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းကလည်း များစွာအထောက်အကူပြုတဲ့အတွက်နည်းပညာသင်တန်းပို့ချပေးခြင်းမှာ တန်ဖိုးမဖြတ်နိုင်ကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပကို ဓာတ်ခွဲခန်းပညာ လက်တွေ့သင်ကြားစေခဲ့ကြောင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ရော်ဘာစိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနဲ့ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီပေးစေလိုကြောင်း၊ တတ်မြောက်ပြီးသားပညာကို ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်ရေးစက်မှုဝန်ကြီးဌာနမှ Director Mr. Tadashi Mogi က ပြောကြားရာမှာ မြန်မာသဘာဝရော်ဘာရဲ့ လက်ရှိအနေအထား၊ ကမ္ဘာလုံးဆိုင်ရာ အရည်

➲ စာမျက်နှာ - ၁၃ သို့

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၂၇၀ ကျော်ဝင်

ဇန်နဝါရီ ၁၇ ရက် မှ ၂၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၁၀၈၇၉၅၈၇ တန်ဖိုးရှိ ဒီဇယ် ၁၈၀ ဒသမ ၂၆၂ တန်နဲ့ ကန်ဒေါ်လာ ၆၅၂၅၇၁၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၁ ဒသမ ၄၂၃ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် အခြားစက်သုံးဆီများသာအဝင်ရှိခဲ့ပြီး ဓာတ်ဆီ၊ ဒီဇယ်အဝင်နားခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်၊ရန်ကုန်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချ နေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊ အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရောဓာတ်ဆီပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပီပါဈေးများ ငြိမ်နေသလို တစ်ဂါလန်ဈေးများလည်း ယခင်တစ်ပတ်ဈေးနဲ့ ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီ၂၅ ရက် ဒီဇယ်ဝယ်ဈေးမှာ ၉၃၀၀၀ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၈ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေး ပြန်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ၂၅ ရက်မှာ ဝယ်ဈေး ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ကျပ်ရှိခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီက တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ လက်လီဈေးများမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ ဈေးမှာဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ ကျပ်၊ ဒီဇယ် ၅၆၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၃၀ ကျပ်၊ အောက်တိန်း(95) ၇၃၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇန်နဝါရီ ၂၅ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ၂၆ ရက်တွင် ဝယ်ဈေး ၃၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ၂၈ ရက်တွင် ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၂၅ ရက်မှာ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီဈေးပါ နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၉၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရောဒီဇယ်ပါဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၂၉၀၀ ကျပ်၊ ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း ၂၇၉၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 29-1-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 33.61 | 0.39 | 1.17 |
| Brent Crude Futr (USD/bbl) | 34.30 | 0.41 | 1.21 |
| Gasoline Rbob Fut (Cent/gal) | 109.00 | 1.10 | 1.02 |
| Natural Gas Futr (USD/MMBtu) | 2.23 | 0.05 | 2.29 |
| Heating Oil Futr (Cent/gal) | 104.20 | 1.11 | 1.08 |

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ၁၂၉၉ ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ကျဆင်းလာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိသဖြင့် စက်သုံးဆီတင်သွင်းသူများက အနည်းငယ်သာတင်သွင်းနေကြသဖြင့် ဒေါ်လာဝယ်လိုအားများ ကျဆင်းလျက်ရှိကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြမည့် အလုပ်သမားများ၏ ဗီဇာကြေးကိစ္စများကြောင့်လည်း ဒေါ်လာဝယ်လိုအားများ ကျဆင်းနေသဖြင့် ဈေးများကျဆင်းရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဈေးကွက်ထဲမှာ ဝယ်လိုအားက တော်တော်လေးကို ကျနေတယ်။ အဝယ်မလိုက်တော့ ဈေးက တစ်နေ့တခြားကျလာတယ်။ ကမ္ဘာ့ငွေဈေးကွက်မှာလည်း ဒေါ်လာနဲ့လဲလှယ်နှုန်းက ကျနေတော့ ဒီမှာလည်းလိုက်ပြီးကျလာတာပါ။ ဈေးကျတယ်ဆိုပေမယ့် သိပ်အကျကြီးတော့မဟုတ်ပါဘူး။ ပြီးခဲ့တဲ့တစ်ပတ်ထက်စာရင်တော့ ခုနစ်ကျပ်လောက်ကျသွားတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်လောက်ပါပဲ"ဟုဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများ၌ ဇန်နဝါရီ ၂၅ ရက်တွင် ရောင်းဈေး ၁၂၉၆ကျပ်၊ ဝယ်ဈေး ၁၂၉၄ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဇန်နဝါရီ ၂၇ ရက်တွင် ရောင်းဈေး ၁၂၉၅ ကျပ်၊ ဝယ်ဈေး ၁၂၉၃ ကျပ်ရှိခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်တွင် ရောင်းဈေး ၁၂၉၄ ကျပ်၊ ဝယ်ဈေး ၁၂၉၂ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ဗဟိုဘဏ်မှ ယခုတစ်ပတ်အတွင်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို လျှော့ချထုတ်ပြန်ပေးခဲ့သဖြင့် ငွေလဲနှုန်းများ ကျဆင်းခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဗဟိုဘဏ်သည် ဇန်နဝါရီ ၂၅ ရက်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ၁၂၉၈ ကျပ်ဟုသတ်မှတ်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ၁၂၉၄ကျပ်သို့ လျှော့ချသတ်မှတ်ခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ကျပ် ခုနစ်သိန်းရှစ်သောင်းအထိ ရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်း



ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်နေခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့ကာ ကျပ် ခုနစ်သိန်းရှစ်သောင်းအထိ မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးနှင့်အတူ လိုက်ပါမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ကမ္ဘာ့ရွှေဈေးနှင့်အတူ လိုက်ပါမြင့်တက်ခဲ့ပြီးနောက် ရက်သတ္တပတ်၏နောက်ဆုံးရက်များတွင် ပြန်လည်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးကွက်တွင် အဝယ်ထက် အရောင်းပိုများလာခဲ့ပြီး ဈေးကွက်အတွင်း ပြန်လည်ဈေးကျလာခြင်းဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့ဈေးကွက်မှာ ရွှေဈေးမြင့်တက်လာတာကြောင့် ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီးမြင့်တက်လာတယ်။ ရွှေဈေးမြင့်တက်လာတာကြောင့် ပြည်တွင်းဈေးကွက်မှာ ရောင်းလိုအားမြင့်တက်လာတယ်။ ဈေးကွက်ထဲမှာ ရောင်းလိုအားမြင့်တက်လာတဲ့အတွက် ဈေးက ပြန်ကျလာတယ်။ ကမ္ဘာ့ရွှေဈေးကလည်းပြန်ကျလာတော့ဈေးကျတော့မယ်ဆိုတဲ့စိတ်နဲ့ ပြန်ရောင်းကြတာပါ။ ဒါကြောင့်လည်း ပြည်တွင်းရွှေဈေးက ပြန်လည်ကျဆင်းလာရတာပါ"ဟု ရွှေကုန်သည် ဦးလှမြင့်က ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီ ၂၅ ရက်က ကျပ် ၇၆၇၅၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ကျပ် ၇၈၀၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်တွင် ပြန်လည်ကျဆင်းလာခဲ့ပြီး ကျပ် ၇၇၄၀၀၀ သို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၂၅ ရက်တွင် ၁၁၀၀ ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ၁၁၂၀ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၈ ရက်တွင် ၁၁၂၂ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ၁၁၁၄ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

January 29, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 78.50 |
| CAD | Canada Dollars | 1.40 |
| CNY | China Yuan Renminbi | 6.57 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 67.97 |
| I DR | Indonesia Rupiahs | 13810.34 |
| JPY | Japan Yen | 120.31 |
| MYR | Malaysia | 4.14 |
| PKR | Pakistan Rupees | 104.92 |
| PHP | Philippines Pesos | 47.70 |
| RUB | Russia Rubles | 76.08 |
| SGD | Singapore Dollars | 1.42 |
| KRW | South Korea Won | 1204.97 |
| LKR | Sri Lanka Rupe | 144.07 |
| THB | Thailand Baht | 35.76 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22215.00 |

*Source : xe.com*

### World Gold Price

January, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1098 | 1099 | 1099 |
| 26 | 1112 | 1113 | 1113 |
| 27 | 1118 | 1116 | 1116 |
| 28 | 1115 | 1115 | 1115 |
| 29 | 1111 | 1112 | 1112 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-1- 2016 | 768.00 | 767.70 |
| 26-1- 2016 | 775.00 | 776.00 |
| 27-1- 2016 | 778.50 | 778.10 |
| 28-1- 2016 | 776.00 | 775.30 |
| 29-1- 2016 | 774.00 | 773.90 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6 .58 | 35.95 | 78.45 | 67.65 |
| 26 | 6. 58 | 35.99 | 78.22 | 68.03 |
| 27 | 6 58 | 35.81 | 78.45 | 68.03 |
| 28 | 6 .58 | 35.88 | 78.29 | 68.13 |
| 29 | 6.57 | 35.76 | 78.50 | 67.97 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25 - January | 14.11 | 1533.50 | 1506.85 | 4528.38 | 837.00 |
| 26 - January | 14.34 | 1542.69 | 1500.58 | 4514.72 | 859.00 |
| 27 - January | 14.43 | 1613.25 | 1525.22 | 4609.70 | 875.00 |
| 28 - January | 14.39 | 1610.56 | 1533.28 | 4596.48 | 876.00 |
| 29 - January | 14.23 | 1600.03 | 1531.94 | 4592.90 | 866.00 |

Source:kitco.com

## ဘိလပ်မြေ

## ဘိလပ်မြေတန်ချိန် ငါးသောင်းကိုးထောင်ကျော်ဝင်

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၄၉၀၀၅၄၁ တန်ဖိုးရှိ ဘိလပ်မြေ ၅၉၃၂၅ ဒသမ ၄၃၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၁၂ တန်၊ စင်ကာပူနိုင်ငံမှ ၈၉ဒသမ ၉၃၆ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၉၁၂၃ဒသမ ၅၀တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင် မှာ တန်ချိန် ၆၂၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၂၇၀၀ ကျော် အဝင် လျော့ခဲ့တယ် လို့သိရပါတယ်။

## ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ် မြေအဝင်မှာ ၅၉၃၂၅ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၂၀၄၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၂၇၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ် မြေအဝင်မှာ တန် ၃၈၇၈၇ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ၂၃၀၈၈ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၅၆၉၉ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့်ဒီတစ်ပတ် ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းပါတယ်။ ဈေး ကွက်ထဲလည်း ပစ္စည်းအဝင်မှုနေတာကြောင့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၂၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ဆင်မင်း(ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်း ခေါင်း ၄၅၀၀ ကျပ်၊ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန် ၇၀၀၀ကျပ် နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ ဒီတစ်ပတ်အရောင်းပုံမှန်ရှိတယ်လို့ သိရ ပါတယ်။ ပွင့်လင်းရာသီကြောင့် လုပ်ငန်းတွေလည်း ကောင်းတယ်။ အိမ်ဆောက်၊ အိမ်ပြုပြင်ခြင်းများ များပြားတာကြောင့်လက်လီဆိုင်များလည်း အရောင်းအဝယ် ကောင်းတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင် (ထိုင်း) ၅၉၇၅ ကျပ်၊ စိန် (ထိုင်း) ၅၉၀၀ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်း အဝယ် ပုံမှန်ရှိပေမယ့် ဈေးကွက်ထဲမှာ မြင်းခေါင်းက ပစ္စည်းပြတ်နေပါတယ်။ ဆင်(ထိုင်း) နဲ့ မက်စ်မြန်မာကဈေးငြိမ်နေပေမယ့် အပါချီကဈေးကျလာတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ ၅၀၀၀ ကျပ်၊ မက်စ်မြန်မာ ၄၇၀၀ ကျပ်၊ ကြံ့နှစ်ကောင် ၅၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှစုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေသြဇာ

## ယခင်တစ်ပတ်ထက်တန်ချိန်သုံးထောင်ကျော် မြေသြဇာ အဝင်လျော့

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၉၇၉၀၀ တန်ဖိုးရှိ မြေသြဇာ ၂၁၆၃ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဂျပန်နိုင်ငံမှ တန်ချိန် ၁၀၀၊ တရုတ်နိုင်ငံမှ ၁၇၀၃ တန်၊ အိန္ဒိယနိုင်ငံမှ ၁၀ တန်၊ မလေးရှား ၃၀၀ ဒသမ ၅၀ တန်၊ စင်ကာပူ နိုင်ငံမှ တန် ၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများ မှာ ကွန်ပေါင်း၊ **DIAMOND**၊ **Golden fertilizer**၊ **BULKBLENDING** နဲ့ ရွှေ တောင်သူစတဲ့ အမျိုးအစားများသွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၅၈၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင် သွင်းမှုနဲ့ယှဉ်ရင်တန်ချိန် ၃၇၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## မြေသြဇာဈေးကွက် အရောင်းအေး

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၂၁၆၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၅၈၇၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာ အဝင်မှာ ၁၇၂၈၇ တန်ကျော် ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၀၅၆၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၃၂၇၈ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးနေဆဲ ဖြစ်တယ် လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ အသေး၊ ကွန်ပေါင်း ၁၅ ပတ် လည်နဲ့ တီစူပါ က၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ က ၅၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) က အာနိသင် နည်းလို့ အသုံးပြုသူ နည်းလာတယ်။ တောင်သူတွေ အကြိုက်နည်းတာကြောင့် အခုတင်လက်စကုန်အောင် ရောင်းပြီးရင် တော့ ဆက်မတင်တော့ဘူးလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက် ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ် လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း)၂၉၀၀၀ကျပ်၊ တီစူပါ ၄၆% (သံကွင်း- တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ် အေးနေဆဲဖြစ် သလို ဈေးလည်း ဒီတစ်ပတ်မှာ ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး- တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၅၀၀ကျပ် ၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၈၀၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ် ပတ်မှာ အရောင်းပုံမှန်ရှိပေမယ့် မြေသြဇာဈေးတွေ နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကျတာက အများကြီးမဟုတ်ဘဲ ၁၀၀ ကျပ်မှ ၂၀၀ ကျပ်အတွင်း သာ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယူရီးယားရွှေတောင်က ပစ္စည်းပြတ် နေပြီး တီစူပါ ၁၆% က ဈေးကွက်ထဲ ပြန်ဝင်လာပါတယ်။ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ပန်းဖူး- တရုတ်) ၁၉၂၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%- တရုတ်) ၁၉၃၀၀ ကျပ်၊ (**GTSP** ၁၆%-တရုတ်)၁၉၅၀၀ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၆၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်း ဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာ ကအရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ် လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား(ရွှေတောင် -တရုတ်) ၂၀၃၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၂၀၂၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ပတ်လည်(နေရွက်လှေ- တရုတ်) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

## နို့ဆီ အဝင်နည်း၊နို့မှုန့် အဝင်ပို

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၈၀၀၀ တန်ဖိုးရှိနို့ဆီ ၁၂ တန်ကိုတင် သွင်းခဲ့ပါတယ်။

ဒီတစ်ပတ်မှာ နို့ဆီတစ်မျိုးတည်း သာဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၄၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့နှိုင်းယှဉ်ရင် အဝင်တော်တော် လေး လျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူး ဇီလန်မှ ၁၅၃ဒသမ ၆၀တန်၊ မလေးရှား မှ ၈ဒသမ ၆၃ တန်၊ နယ်သာလန်မှ သုည ဒသမ ၅၄ တန်နဲ့ စင်ကာပူမှ ၈ဒသမ ၇၆၈ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန် ချိန် ၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ် ပတ်အဝင်နဲ့ယှဉ်ရင် ၄၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁ မှ ၂၂/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁ မှ ၁၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၉၅.၇၅ | ၁၄၈၂.၂၀ | (+) ၂၁၃.၅၅ |
| ၂။ | လွယ်ဂျယ် | ၆၂၅.၀၀ | ၁၁၂၇.၀၀ | (-) ၅၀၂.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၀၀.၀၀ | (-) ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၁၆၈.၅၀ | ၂၈၅၇.၀၀ | (+) ၁၃၁၁.၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀၀.၀၀ | ၃၀၀၀.၀၀ | (+) ၇၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၄၈၀.၃၀ | ၁၉၆၄.၆၄ | (-) ၄၈၄.၃၄ |
| ၇။ | ကော့သောင်း | ၁၆၉၃၈.၄၀ | ၁၂၂၈၃.၀၀ | (+) ၄၆၅၅.၄၀ |
| ၈။ | မြိတ် | ၃၈၈၀.၀၀ | ၂၇၅.၀၀ | (+) ၃၆၀၅.၀၀ |
| ၉။ | မော်တော | - | - | - |
| | စုစုပေါင်း | ၃၈၇၈၇.၉၅ | ၂၃၀၈၈.၈၄ | (+) ၁၅၆၉၉.၁၁ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁ မှ ၂၂/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁ မှ ၁၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၀၁၄.၃၂၉ | ၁၈၁၂၅.၇၅၀ | (-) ၂၁၁၁.၄၂၁ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၇၁၉.၄၀၀ | ၂၂၃၇.၀၀၀ | (-) ၁၅၁၇.၆၀၀ |
| ၆။ | ကော့သောင်း | ၂၅၃.၅၀၀ | ၁၀၃.၀၀၀ | (+) ၁၅၀.၅၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၃၀၀.၀၀၀ | ၁၀၀.၀၀၀ | (+) ၂၀၀.၀၀၀ |
| | စုစုပေါင်း | ၁၇၂၈၇.၂၂၉ | ၂၀၅၆၅.၇၅၀ | (-) ၃၂၇၈.၅၂၁ |

တင်တင်ထွန်း MIRT

## နှမ်း

### ပြည်နှမ်း အဝင်များပြီး အရောင်းအဝယ်အကုန်ဖြစ်

ယခုတစ်ပတ် ပြည် ပဲ၊ နှမ်းပွဲရုံများသို့ နှမ်းအိတ်တွေ အဝင်များနေတာ တွေ့ရပါတယ်။ နှမ်းဈေးတွေမှာ နှမ်းနီတွေ ဈေးငြိမ်ပါတယ်။ နှမ်းနက်ဈေးက အနည်းငယ်မြောက်ပြီး အရောင်း အဝယ်တွေ အကုန်ဖြစ်တယ်လို့ သိရပါတယ်။

တစ်ရက်ကို နှမ်းအိတ် ၇၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ဟသ်ာတ၊ ပဲခူး၊ မော်လမြိုင်နဲ့ ပြည်၊ မြန်အောင် ကြားဒေသ တွင်းများမှဝင်နေတာ တွေ့ရပါတယ်။ ဝင်လာသမျှနှမ်းအိတ် တွေကိုပြည် ဆီစက်သမားများနှင့် နယ်သို့တင်ပို့ရခြင်းကြောင့် လက်ကျန်မရှိ အရောင်းအဝယ် ဖြစ်လျက်ရှိနေပါတယ်။

နှမ်းနီတွေကို ပြည်ဆီစက်သမားများမှ အဝယ်ရှိပြီး၊ နှမ်းနက်များကိုတော့ ရန်ကုန်နဲ့ မန္တလေးသို့ တစ်ရက်အိတ် ၅၀၀ နီးပါး တင်ပို့ရကြောင်း သိရပါတယ်။

ဇန်နဝါရီလနောက်ဆုံးပတ် နှမ်းဈေးတွေကတော့ နှမ်းနီ တစ်တင်းကို ၂၈၃၀၀ ကျပ်ဖြင့် ဈေးငြိမ်ပြီး နှမ်းနက် တစ်တင်းဈေး ၃၈၃၀၀ ကျပ်၊ စမုံနက် တစ်တင်းဈေး ၅၈၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ တစ်တင်းကို ယခင် တစ်ပတ်ကထက် ၂၀၀၀ ကျပ်၊ ၅၀၀၀ ကျပ်နီးပါးဈေးအနည်း ငယ် တက်လာပါတယ်။ နှမ်းဆီတစ်ပိဿာ ဈေးနှုန်း နှမ်းဦးဆီ ၄၄၀၀ ကျပ်နဲ့ နှမ်းဆီသန့် ၄၂၀၀ ကျပ်တို့ဖြင့် ဈေးအနည်း ငယ်ကျလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

### ချင်းရွှေဟော် နယ်စပ်မှသာ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီတတိယပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၁၂၃ သန်း တန်ဖိုးရှိ နှမ်းနက် ၁၇၂၄ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၅၇၅ သန်း တန်ဖိုးရှိ နှမ်းဖြူ ၄၇၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်း ပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၃၆၉၁ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်နှမ်းတင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးမှ နှမ်းတင်ပို့မှု မရှိခဲ့တာ သီတင်းနှစ်ပတ်ရှိတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူ တစ် တန်ကို မိမိဘက်ဈေး ၁၅၃၆၅၂၂ကျပ်၊ နှမ်းနက်ဈေး ၁၉၂၂၉၉၅ ကျပ်သို့ ဈေးပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ မြန်မာပြည် အထက်ပိုင်းရှိပဲ၊ နှမ်းအမျိုးမျိုးကိုအဓိက ရောင်းဝယ်ဖောက်ကားနေတဲ့ မန္တလေးကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်ကုန်သည်များက ဈေးကွက်ကို အဓိကထိန်းချုပ်နေတာလို့သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုးခိုင်မာလာတဲ့အတွက် လနှစ်ဆယ်အတွင်း အမြင့်ဆုံးကိုရောက်ရှိနေတဲ့ စားအုန်းဆီဈေးနှုန်းတွေ ပြန်လည်ကျဆင်း

မလေးရှားစားအုန်းဆီကြိုရောင်းဈေးတွေက ဇန်နဝါရီ ၂၈ ရက် ဈေးဖွင့်ချိန်မှာ လ ၂၀ အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပေမယ့် မလေးရှားနိုင်ငံသုံး ငွေကြေးရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် နောက်ပိုင်းမှာ စားအုန်းဆီဈေးတွေ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ ဘီရီကော်ဒါဝက်ဘ်ဆိုဒ်သတင်းမှာ ဖော်ပြထားပါတယ်။

ဇန်နဝါရီတတိယပတ်အတွင်းက စားအုန်းဆီ တစ်တန်ကို ၂၄၀၈ ရင်းဂစ်နှုန်းနဲ့ သီတင်းနှစ်ပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီးနောက် တစ်တန်ကို ၂၅၁၂ ရင်းဂစ် နှုန်းဖြင့် လ ၂၀ အတွင်း အမြင့်ဆုံးနှုန်းအဖြစ် ရောက်ရှိခဲ့ပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စောစောပိုင်းက တစ်တန်ကို ၂၅၁၂ ရင်းဂစ်နှုန်းဖြင့် ၂၀၁၄ ခုနှစ် မေ ၂၈ ရက်နောက်ပိုင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပြီးမှ တစ်တန်ကို ၂၄၈၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၉ ဒသမ ၀၇ ဒေါ်လာ) နှုန်းဖြင့် ဈေးပိတ်တဲ့အတွက် သုညဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ကုန်စည်ဒိုင်မှာ ရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိ အတွဲ ၄၅၈၆၉ တွဲအထိရောက်ရှိခဲ့ပါတယ်။ "ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့တာကိုအကြောင်းပြုပြီး ဈေးနှုန်းကအပြောင်းအလဲဖြစ်ခဲ့ပါတယ်" လို့ ကွာလမ်လာပူအခြေစိုက် အကျိုးဆောင်လုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးကပြောပါတယ်။

"စားအုန်းဆီ တစ်တန်ကို ၂၄၀၈ ရင်းဂစ်နှုန်းကနေ တစ်တန်ကို ၂၅၁၂ ရင်းဂစ်နှုန်းထိဆွဲတင်ပြီးမှ ဒီလို ကျဆင်းတတ်တာကလည်း သဘာဝပါပဲ"လို့ သူကပြောပါတယ်။

ဒေါ်လာ/ရင်းဂစ် ဖလှယ်နှုန်းမှာ ရင်းဂစ်တန်ဖိုးက တစ်ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၄ ဒသမ ၂၁ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းရင် တခြားနိုင်ငံခြား ငွေကိုင်ဆောင်ထားသူတွေအတွက် စားအုန်းဆီဈေးက ကျဆင်းပြီး သက်သာသွားမှာဖြစ်တဲ့အတွက် စားအုန်းဆီရောင်းအားကို အထောက်အကူပြုနိုင်ပါတယ်။

၂၀၁၆ ခုနှစ်မှာ စားအုန်းဆီထုတ်လုပ်မှုကျဆင်းမယ်လို့ခန့်မှန်းထားပြီးဖြစ်တဲ့အတွက် စားအုန်းဆီ ပျမ်းမျှဈေးနှုန်းက တစ်တန်ကို ရင်းဂစ် ၂၅၉၀ ဝန်းကျင်မှာ ရှိနိုင်ကြောင်း၊



မလေးရှား စားအုန်းဆီကောင်စီ (Malaysia Palm Oil Council- MPOC) ရဲ့ပြောကြားချက်ကို ကိုးကားပြီး၊ မလေးရှားနိုင်ငံပိုင်သတင်းအေဂျင်စီတစ်ခုဖြစ်တဲ့ ဘာနာမားသတင်းမှာဖော်ပြပါတယ်။ မလေးရှားစားအုန်းဆီ ထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်မှာ တန် ၁၉ ဒသမ ၉၆ သန်း ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၂၀ ဒသမ ၁ သန်းထိရှိမယ်လို့ MPOC အမှုဆောင်ချုပ် ယူဆွတ်ဘာဆီရွှန်က ပြောပါတယ်။

စားအုန်းဆီ ထုတ်လုပ်ရာမှာ အင်ဒိုနီးရှားပြီးလျှင် ဒုတိယအများဆုံးဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ ဇီဝဒီဇယ်ထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်မှာ တန် ၅၃၀၀၀၀ အထိ ရှိခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်နဲ့နှိုင်းယှဉ်ရင် မြင့်တက်မှုရှိခဲ့ပါတယ်။ လောလောဆယ်မှာ ဒီဇယ်ထဲကို ဇီဝလောင်စာဆီပါဝင်မှု ၁၀ ရာခိုင်နှုန်းအထိ ထည့်သွင်းသုံးစွဲမယ့် B7 အစီအစဉ်ကို မလေးရှားနိုင်ငံက အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဇီဝဒီဇယ်ဆီထုတ်လုပ်ရာမှာ စား အုန်းဆီပါဝင်မှုကို တိုးမြှင့်သတ်မှတ်ပေးတဲ့အတွက် စားအုန်းဆီသုံးစွဲမှု မြင့်တက်လာပြီး၊ စားအုန်းဆီအခြေခံစံထားဈေးတွေ မြင့်တက်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

စားအုန်းဆီနဲ့ဆက်နွှယ်မှုရှိနေတဲ့ ရေနံစိမ်းဈေးနှုန်းကို ကြည့်ရင် ရေနံအဓိကထုတ်လုပ်သူတွေက ထုတ်လုပ်မှုနဲ့အညီ ဈေးနှုန်းမြှင့်တင်နိုင်အောင် ညှိနှိုင်းလျက်ရှိရာထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ သဘောတူညီမှုရဖို့ လက္ခဏာတွေတွေ့နေရတဲ့အတွက် ရေနံစိမ်းဈေးက တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာအထိရောက်ရှိခဲ့ပါတယ်။

အမေရိကန်ပဲပုပ်ဈေးကွက်မှာ မတ်လအတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုညဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံဈေးကွက်ရှိ (Dalian Commodity Exchange) ရှိပဲပုပ်ဆီဈေးက သုညဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၁-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| ရန်ကုန် | ၄၃၀၀ | ၄၃၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၃၄၅ | ၁၃၈၅ | △ |
| မန္တလေး | ၄၄၀၀ | ၄၀၀၀ | ▽ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၄၀ | ၁၄၇၀ | △ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၃၀ | ၁၄၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၆၀၀ | ၃၆၀၀ | □ | ၁၄၇၀ | ၁၄၉၀ | △ |
| စစ်ကွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၁-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၀၄.၀၀ | ၅၂၁.၅၀ | △ |
| **RBD P.Olein** | ၅၂၉.၀၀ | ၅၃၉.၀၀ | △ |
| **RBD P.Strarin** | ၅၀၈.၅၀ | - | – |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉- ၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၆၈.၆၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၉၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၀၉.၂၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၁-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၀၀ ဒေါ်လာ၊ FOB ၅၇၅ ဒေါ်လာနှင့် USD ဈေး ၁၂၉၄ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၉-၁-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၉၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲရှိနိုင်ပါသည်။




# မပြီးသေးသော TF ပန်းချီကားများ

|ညီညီအောင်|

”

**၂၀၁၁-၂၀၁၅ ခုနှစ်ကာလတွင် နိုင်ငံတော်၏အုပ်ချုပ် ရေးတာဝန်ကို တာဝန်ယူထမ်းဆောင်ခဲ့သော ဒီမိုကရေစီ အစိုးရသစ်၏ မပြီးသေးသော ပန်းချီကားများကို ဆက်လက်ခြယ်သ ရေးဆွဲကြရပေမည်။**

ယနေ့ မြန်မာနိုင်ငံတော်သည် မဝေးတော့သည့်ကာလတွင် အစိုးရအဖွဲ့သစ်၏ အုပ်ချုပ်ရေးယန္တရားသစ်ဖြင့် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် မြန်မာနိုင်ငံတော်သစ်ဆီသို့ ဆက်လက်ချီတက်ကြပေဦးမည်ဖြစ်သည်။ ၂၀၁၁-၂၀၁၅ ခုနှစ်ကာလတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးတာဝန်ကို တာဝန်ယူထမ်းဆောင်ခဲ့သော ဒီမိုကရေစီအစိုးရသစ်၏ မပြီးသေးသောပန်းချီကားများကိုဆက်လက်ခြယ်သရေးဆွဲကြရပေမည်။ မိမိတို့လုပ်သားပြည်သူတစ်ရပ်လုံးကလည်းကျရာကဏ္ဍမှနေ၍ နိုင်ငံတော် အစိုးရအဖွဲ့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးကြရပေမည်။ သို့မှသာမိမိတို့နိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံအသီးသီး၏အလယ်တွင်ဂုဏ်ယူဝင့်ထည်စွာရပ်တည်နိုင်မည်ဖြစ်သည်။

ယခင်အုပ်ချုပ်ခဲ့သောအစိုးရအဖွဲ့လက်ထက်တွင် မိမိတို့ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ(Logistic Industry)အတွက် အမျိုးမျိုးသောဆေးအဖုံဖုံတို့ ဖော်စပ်ပေးခဲ့ပေသည်။ အောင်မြင်သည့်ဆေးဝါးများကိုဖော်စပ်ပေးနိုင်ခဲ့သည်လည်းရှိသကဲ့သို့ လုပ်သားပြည်သူတစ်ရပ်လုံးနှင့် မတည့်သော ဆေးဝါးများကိုလည်း ထုတ်လုပ်ခဲ့သည်။ အချို့သောကုန်စည်လျင်မြန်ချောမွေ့စေရေးစက်ရုံများမှာ အစိုးရအဖွဲ့ဟောင်းနှင့် အတူပြန်လည်ပိတ်သိမ်းသွားခဲ့သည် လည်းရှိ၏။ မိမိတို့သည်လည်း ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဟု ထင်သည်။ သို့မှသာ ပြန်လည်သုံးသပ်၍ ရရှိလာသောရလဒ်ကောင်းများကို ၂၀၁၆ခုနှစ် ဧပြီလ ၁ ရက်မှ စတင်တာဝန်ထမ်းဆောင်တော့မည့် အစိုးရသစ်အားလက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၂) ဖြင့်အသက်ဝင်လာခဲ့ပြီး သုံးနှစ်တိုင်တိုင်တာဝန်ထမ်းဆောင်ခဲ့ပြီးသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team) ကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့၏။ နှလုံးသားနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ကြရသောအကောက်ခွန် ဝန်ဆောင်မှုကိုယ်စားလှယ်တို့သည် မိုဘိုင်းအဖွဲ့၏ရည်ရွယ်ချက်ကို ဤသို့နားလည်ကြ၏။ နိုင်ငံတော်အတွင်းတရားဝင်အခွန်မဆောင်ဘဲတင်သွင်းလျက်ရှိသည့် ကုမ္ပဏီကြီးများအားပညာပေးရန်၊ ထို့နောက်ဆက်လက်လုပ်ကိုင်နေလျှင် အပြစ်ပေးအရေးယူရန်စသဖြင့် နားလည်ထားကြသည်။ တရားမဝင်ကုန်သွယ်မှုမှာ တရားဝင်အထောက်အထားများဖြစ်သောသွင်းကုန်လိုင်စင်၊ အစားအသောက် ကွပ်ကဲရေးအဖွဲ့လက်မှတ် (FDACertificate) စသည်တို့မှာ အခွန် အကောက်နှင့်စားသုံးသူကာကွယ်ရေးအတွက် အရေး ကြီးလှသဖြင့် အဆိုပါစာရွက်စာတမ်းများမပါလျှင် ထိန်းချုပ်ဖမ်းဆီး ရမည်မှာ အမှန်ပင်ဖြစ်သည်။ ရုတ်တရက် နှုတ်မဆက်ပါဘဲ မိုဘိုင်းအဖွဲ့မှ ပြန်လည်ရုပ်သိမ်းထွက်ခွာသွားသဖြင့် စိတ်မကောင်းဖြစ်ရတော့ မလိုလို၊ ဝမ်းသာရမလိုဖြစ်ကြသည်။ စိတ်မကောင်းဖြစ်ရသည်မှာ တရားဝင် အကောက်ခွန်၊ ကုန်သွယ်ခွန်၊ ကြိုတင်ခွန်များအပြည့်အဝ ပေးသွင်းပြီး တင်သွင်းရောင်းချသောကုမ္ပဏီတချို့မှာ တရားမဝင် တင်သွင်းလာသူများအားယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် စိတ်မကောင်းဖြစ်ရခြင်းဖြစ်သည်။

နိုင်ငံတကာကုန်သွယ်မှုကို လေ့လာကြည့်ပြန်တော့လည်း ကုန်သွယ်မှုဌာနများသည် နိုင်ငံတော်၏ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်သက်သာခွင့်များရရှိရေးအတွက် လိုအပ်သော ATIGA FORM D , FORM E, FORM AK, ထောက်ခံချက်များ၊ ကုန်စျေးနှုန်းဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း၊ စားသုံးသူရေးရာကာကွယ်ရေးကိစ္စများ၊ ထုတ်ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးခြင်း၊ ကုန်စည်ပြပွဲများစီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဦးစားပေးလုပ်ကိုင်ကြသည်ကိုသာ တွေ့ရ၏။

ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနပထမထပ် အစည်းအဝေးခန်းမ၌ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ၁၃ ရက်နေ့တွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြန်သည်။ တနင်္ဂနွေနေ့ ရုံးပိတ်ရက်ကြီး အစည်းအဝေးလုပ်သဖြင့် အရေးကြီးသည့် အစည်းအဝေးတစ်ခုဖြစ်လိမ့်မည်ဟုခန့်မှန်းမိသည်။နိုင်ငံတော်သမ္မတရုံးဝန်ကြီးများ၊ နိုင်ငံတော် သမ္မတအကြံပေးပုဂ္ဂိုလ်များ တက်ရောက်လာကြသည်ကိုသတိထားမိခဲ့သည်။အစည်းအဝေးစတော့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့အကြောင်းရှင်းပြသည်။

မိမိတို့ထောက်ပံ့ပို့ဆောင်ရေးအသိုင်းအဝိုင်း(Logistic Industry)အတွက် အထူးကျေးဇူးတင်စရာကောင်းသောပုံရိပ်မှာ ဆိပ်ကမ်းများတွင် “ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ ”၏ တိုက်တွန်းချက်အရအကောက်ခွန်က Risk Management တစ်ရပ်ကိုပုံမှန်ထက်စောပြီး အဆင်ပြေသည့် နည်းလမ်းကိုရွေးချယ်၍ မြန်မြန်ဆန်ဆန်ကျင့်သုံးပေးနိုင်ခဲ့ခြင်းဖြစ် သည်။ တစ်ချိန်က အစည်းအဝေးတိုင်းတွင် ဆိပ်ကမ်းမှကုန်ပစ္စည်းများအချိန်မီမထွက်ရခြင်းမှာ အေးဂျင့်ဖြစ်သူကတစ်ယောက်တည်းဖိုင် ၁၀ဖိုင်ခန့်ကိုင်ဆောင်၍ ထုတ်နေခြင်းကြောင့်ဖြစ်သည်ဟု အစည်းအဝေးတိုင်းတွင်တိုင်ကြားခံရသည်။ ကုန်သေတ္တာအဖွဲ့လည်း အေးဂျင့်တစ်ယောက်တည်း ကားတွေငှားပြီးဖိုင်မပြီးသည့်အတွက် ဆိပ်ကမ်းသို့ဖိုင်များ ရောက်မလာသဖြင့် ပေးထားသောကားများဆိပ်ကမ်းအတွင်းကုန်သေတ္တာတင်ပြီးမှပြန်ချရကြောင်း တင်ပြကြပြန်သည်။ အကောက်ခွန်ကယခုကျင့်သုံးသော Risk Management မှာ Green Channel, Yellow Channel နှင့် Red Channel ဟူ၍ သတ်မှတ်ပေးထားပြီးကုန်သေတ္တာ ၁၀လုံးလျှင် ခြောက်လုံးမှာလုံးဝအကောက်ခွန်စစ်စရာမလို၊ သုံးလုံးမှာ X.Ray ဖြတ်ရုံသာဖြစ်ပြီး တစ်လုံးသာလျှင် ပလက်ဖောင်းပေါ်ချစစ်သဖြင့် ယခင်ကကုန်သေတ္တာတစ်လုံးခြောက်နာရီခန့်စစ်ဆေးနေရာမှ ယခုစက်ယန္တရားအပြည့်အစုံ၊ ပလက်ဖောင်းလည်းအားနေလျှင် နာရီဝက်ခန့်သာကြာတော့သည်။ ထို့အပြင် တစ်ရက်ကြိုတင်မဲနှိုက်ကြရသဖြင့် ကုန်သေတ္တာကားများကိုလည်းတစ်ရက်ကြိုတင်စီစဉ်နိုင်ကြသည်။ အေးဂျင့်များအတွက်အပြစ်ဆိုဖွယ်ရာမရှိတော့ပေ။

RiskManagement မှာ အေးဂျင့်များအတွက်တစ်ဖက်က အကောက်ခွန်လုပ်ငန်း မြန်ဆန်သဖြင့်ဝမ်းသာကြရ၏။ ဆိပ်ကမ်းအတွင်းနှင့် ကုန်သေတ္တာလွင်ပြင် (CY)များတွင်ယန္တရားများ (Reach Stackers,Kalmas, Forklift trucks) ပြည့်စုံသော်လည်း ပြုပြင်နေကြရသည့်အချိန်ကများ၏။ ကုန်သေတ္တာတစ်လုံးတင်ရန်စောင့်ရသည့် အချိန်ကြာမြင့်ခြင်းကို ဖြေရှင်းမပေးနိုင်ခဲ့သဖြင့် စိတ်မကောင်းဖြစ်ကြရသည်။ မိမိတို့မှာပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့ဆက်လက်ရှိသည်ဖြစ်စေ၊ မရှိတော့သည်ဖြစ်စေ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး(Trade Facilitation) ခရီးလမ်းကိုအစိုးရသစ်လက်ထက်သို့ရောက်သည့်တိုင် ဆက်လက်လျှောက်လှမ်းကြရဦးမည်သာဖြစ်သည်။

တစ်ဖန် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်တွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ကျင်းပခဲ့သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဖိုရမ်ကို ထူထောင်ခွင့်ပြုခဲ့သည်။ မြန်မာ့စီးပွားရေးဖိုရမ်တွင်လုပ်ငန်းအဖွဲ့(Working Group)များကို (၁)စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တောနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့၊ (၂)သဘာဝအရင်းအမြစ်များတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့၊ (၃)ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ (၄) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့၊ (၅)ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ (၆)ဝန်ဆောင်မှုလုပ်ငန်း၊ (၇) အခြေခံအဆောက်အဦးတည်ဆောက်ရေးလုပ်ငန်းစသဖြင့်ဖွဲ့စည်းထားသည်။

တွေ့ကြုံရသည့်လုပ်ငန်းအခက်အခဲများကို တင်ပြစေကာ နိုင်ငံတော်သမ္မတအထိ တင်ပြပေးရန်စီစဉ်ခဲ့ကြသည်။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းမှာ အမှတ်စဉ် (၆)ဝန်ဆောင်မှုလုပ်ငန်းခေါင်းစဉ်အောက်တွင်ပါဝင်သည်။ မိမိတို့ဝန်ဆောင်မှုလုပ်ငန်း၏အတားအဆီးအခက်အခဲများကို တင်ပြကြရာအကောက်ခွန်ရုံးအတွင်းဖိုင်လိုက်ရာတွင် ကြာမြင့်ခြင်း၊ အကောက်ခွန် တန်ဖိုးသတ်မှတ်ရာတွင်ကြာမြင့်ခြင်း၊ အကောက်ခွန်ဝန်ဆောင်မှုသင်တန်းများရန်ကုန်တွင်မဖွင့်လှစ်သည်မှာကြာမြင့်နေခြင်းစသည်တို့ပါဝင်သည်။ တချို့သောကဏ္ဍများမှာပြုပြင်၍ မြန်ဆန်သော်လည်း Valuation ကြန့်ကြာမှုမှာတော့ မပြောင်းလဲသေးသည်ကိုတွေ့ရ၏။ ၂၀၁၆ခုနှစ် ဧပြီလတွင် မြန်မာ့အကောက်ခွန်က WTO ၏ပြဋ္ဌာန်းချက်ဖြစ်သော WTO Valuation Methods များကို စတင်ကျင့်သုံးတော့မည်ဟုလည်းသိရပြန်သည်။ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်မနီးစပ်သောကုမ္ပဏီများနှင့်ဆက်ဆံကြရသည့်အခါ Valuation ကြန့်ကြာမှုမှာ စိတ်ရှည်လက်ရှည်ရှင်းပြစရာအလုပ်တစ်ခုဖြစ်လာသည်။ မိမိတို့မှာမြန်မာ့ BusinessForum တွင် လက်ရှိဆောင်ရွက်ထားကြသောကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး (Trade Facilitation) ပန်းချီကားကြီးကိုအစိုးရသစ်လက်ထက်တွင် မပြီးသေးသော ပန်းချီကားအဖြစ် ဆက်လက်ရေးဆွဲကြရဦးမှာသေချာသည်။

■

# ကိုရီးယားနိုင်ငံတွင် ပြည်တွင်း ဆန်စျေးနှုန်းများ ဆက်လက် ကျဆင်းလျက်ရှိ

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း ဆန်စျေးနှုန်းသည်ကျဆင်းလျက်ရှိပြီး အချိန်ကာလတစ်ခုအထိ ဆက်လက်ကျဆင်းနိုင်သည့်အတွက် တောင်သူလယ်သမားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပြီး မူဝါဒချမှတ်သူများကိုလည်း အကျဉ်းအကျပ်နှင့် ကြုံတွေ့စေလျက်ရှိသည်။ ပြီးခဲ့သည့် ရိတ်သိမ်းရာသီက ပျမ်းမျှစျေးနှုန်းသည် ၈၀ ကီလိုဂရမ်လျှင် ၁၅၂,၁၅၈ ဝမ် ရှိခဲ့ပြီး ၂၀၁၄ ရိတ်သိမ်း ရာသီက စျေးနှုန်းထက် ၉ ဒသမ ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း CS&J ပုဂ္ဂလိက အစားအသောက်နှင့် လယ်ယာထွက်ကုန်ဆိုင်ရာ သုတေသနအထူးအဖွဲ့၏ စစ်တမ်းများအရ သိရှိရသည်။ စျေးနှုန်းကျဆင်းရခြင်းသည် ယမန်နှစ်က သီးနှံအမြောက်အမြားထွက်ရှိမှုနှင့် အစိုးရက အမြောက်အမြား သိုလှောင်ထားမှုတို့ကြောင့်ဖြစ်သည်ဟု ၎င်းအဖွဲ့ကယူဆသည်။

ဆန်စျေးနှုန်းများ ကျဆင်းလာရခြင်း၏နောက်ကွယ်ရှိ အခြားသောကြီးမားသည့် အကျိုးသက်ရောက်သည့် အချက်မှာ မြောက်ကိုရီးယားနိုင်ငံသို့ ဆန်ထောက်ပံ့မှုကို ကာလကြာရှည်စွာ ဆိုင်းငံ့ထားခြင်းကြောင့်လည်း ဖြစ်သည်။ ကိုရီးယားကျေးလက်စီးပွားရေးအဖွဲ့အစည်းများမှရရှိသော အချက်အလက်များအရ မြောက်ကိုရီးယားနိုင်ငံသို့ ဆန်ထောက်ပံ့မှုသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း တန်ချိန် ၄၀၀,၀၀၀ ကျော်ရှိခဲ့ရာ ပြည်တွင်းစားသောက်ကုန်စျေးနှုန်းကို ၁ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးတက်စေခဲ့၍ အစိုးရ၏ သိုလှောင်ကုန်များကို လျှော့ချရန်လည်း အထောက်အကူပြုခဲ့သည်။ စုစုပေါင်း ထုတ်လုပ်မှု အနက်မှ ဟက်တာ ၃၀,၀၀၀ သည် စိုက်ပျိုးမွေးမြူရေးမြေများဖြစ်သည့်အတွက် ပိုလျှံသည့် ဆန်များကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေး၊ အစားအသောက်နှင့် ကျေးလက်ဒေသဆိုင်ရာ ဝန်ကြီးဌာနက ဇန်နဝါရီလပထမပတ် အတွင်းက ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဟာလာစားသောက်ကုန်စျေးကွက်သို့ တောင်ကိုရီးယားရှိ စားသောက်ကုန်ထုတ်လုပ်သူများ ဦးတည်လာကြ

တောင်ကိုရီးယားနိုင်ငံ၏ အစားအသောက်ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် လယ်သမားများသည် ပြိုင်ဆိုင်မှုလျင်မြန်စွာကြီးထွားလာသည့် ကမ္ဘာ့ဟာလာစျေးကွက်တွင် စျေးကောင်းရရှိရန်အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြကြောင်း စက်မှုလုပ်ငန်းစောင့်ကြည့်သူများက ပြောကြားခဲ့သည်။ ဟာလာအစားအသောက်များသည် အစ္စလာမ်ဘာသာဆိုင်ရာ ရှာရီယာဥပဒေအရ သီးခြားနည်းလမ်းဖြင့် ပြင်ဆင်ဆောင်ရွက်ထားသည့် အစားအသောက်များကို ဆိုလိုပြီး အသားများသာမက အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များပါပါဝင်သည်။ ကမ္ဘာပေါ်တွင်နေထိုင်သည့် လူဦးရေ လေးဦးလျှင် တစ်ဦးနှုန်းသည် အစ္စလာမ်ဘာသာဝင်ဖြစ်သည့်အတွက် ကမ္ဘာ့ဟာလာ စျေးကွက်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ ခန့်ရှိပြီး၊ စုစုပေါင်း အစားအသောက်စျေးကွက်၏ ၁၈ ရာခိုင်နှုန်းခန့်ကို နေရာယူထားသည်။ ပြည်တွင်း အစားအသောက်ထုတ်လုပ်သူများသည် ဟာလာစျေးကွက်တွင် အဓိကရည်မှန်းချက်ထားသောကြောင့် တောင်ကိုရီးယားနိုင်ငံ၏ အစားအသောက်နှင့် လယ်ယာသားငါးဆိုင်ရာ ထုတ်ကုန်များကို မွတ်ဆလင်နိုင်ငံများသို့ အများအပြားတင်ပို့ လျက်ရှိပြီး အစ္စလာမ်ဘာသာဝင်လူဦးရေ တိုးပွားလာသည်နှင့်အမျှ ဆက်လက်ကြီးထွားဖွယ်ရာရှိသည်ဟုလည်း မျှော်လင့်ကြသည်။

လယ်ယာစိုက်ပျိုးရေး ဆိုင်ရာဝန်ကြီးဌာန၏ အချက်အလက်များအရ အစားအသောက်နှင့် လယ်ယာသားငါး ထုတ်ကုန်များကို ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (Gulf Cooperation Council -GCC) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မွတ်ဆလင်နိုင်ငံများသို့ တင်ပို့မှုသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကာလ အတွင်း ၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၃၉ သန်းအထိရှိခဲ့သည်။ ယမန်နှစ်က အဆိုပါ GCC နိုင်ငံများသို့တင်ပို့မှု အပါအဝင် ဟာလာစားသောက်ကုန်တင်ပို့မှုများအားလုံးသည် တန်ဖိုးအမေရိကန်ဒေါ်လာသန်း ၈၆၀ အထိရှိခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဟာလာစားသောက်ကုန်များတင်ပို့မှုသည် ၆၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ တစ်နိုင်ငံလုံး၏ လယ်ယာထွက်နှင့် စားသောက်ကုန်တင်ပို့မှု၏ ၅၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျင်မြန်စွာတိုးတက်နေရာယူခဲ့သည်။ GCC နိုင်ငံများအပြင် အင်ဒိုနီးရှား၊ မလေးရှားနှင့် အီရန်နိုင်ငံများသို့ တင်ပို့မှုသည်လည်း သိသာထင်ရှားစွာမြင့်တက်ခဲ့သည်။ ဟာလာစားသောက်ကုန်များသည် စျေးကွက်အရွယ်အစားကြောင့် အလားအလာကောင်းလျက်ရှိပြီး မွတ်ဆလင်နိုင်ငံအများစုသည်စျေးနည်းသည့် ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူခြင်းထက် စိတ်ချလုံခြုံပြီး အရည်အသွေးမြင့်မားသည့် ဟာလာစားသောက်ကုန်များကို ဝယ်ယူလိုခြင်းကြောင့်လည်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖွန်လကုန်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ပြည်တွင်း လယ်သမားများနှင့် စားသောက်ကုန် ထုတ်လုပ်သူများကို အခွင့်အလမ်းများပိုမိုဖန်တီးပေးနိုင် သည့် ဟာလာ စားသောက်ကုန်တင်ပို့မှု အား ၂၀၁၇ ခုနှစ်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ တိုးတက်တင်ပို့နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် မျှော်လင့်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ စျေးကွက်အလားအလာများအရ ပြည်တွင်းကုမ္ပဏီများသည် ဟာလာစားသောက်ကုန်များပြုလုပ်ရန် လိုင်စင်များ၊ အသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး ဆောင်ရွက်လာကြသည်။ ၎င်းတို့သည် ပို့ကုန်စျေးကွက်အခြေအနေနှင့်ပတ်သက်၍ နောက်ဆုံးသတင်းများ ရရှိရန်နှင့် ပြည်ပစျေးကွက် ခိုင်မာမှုရရှိနိုင်ရေးအတွက် အစိုးရနှင့် ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီကဲ့သို့သော ကုန်သွယ်မှုမြှင့်တင် ရေးအေဂျင်စီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

➲ စာမျက်နှာ ၈- မြန်မာ့သဘာဝ ရော်ဘာ ••• မှ အဆက်

အသွေး မြန်မာနဲ့ ဂျပန်နှစ်နိုင်ငံ အပြန်အလှန် အကျိုးအမြတ်ရရှိမယ့် အနေအထားကို ဆွေးနွေးခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ရော်ဘာကို တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့မှဝယ်ယူနေရကြောင်း၊ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်က ဝယ်ယူမှုမရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်မှာ ရော်ဘာ ၁၈ တန်၊ ၂၀၁၄ ခုနှစ်မှာ ၁၉၄၀ တန်၊ ၂၀၁၅ ခုနှစ်မှာ ၅၈၈၉ တန် အထိတိုးတက်လာတာတွေ့ရကြောင်း၊ ဒီကိန်းဂဏန်းများက စီမံကိန်းရဲ့ အောင်မြင်မှုကို သက်သေပြနေတာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်က ရော်ဘာ ထွက်ရှိမှုမှ တန်ချိန်တစ်သိန်းသုံးသောင်းခန့်ရှိပြီး ၂၀၁၄ ခုနှစ်မှာ တစ်သိန်းရှစ်သောင်းခန့် အထိ ထုတ်လုပ်နိုင်ကြောင်း၊ ကမ္ဘာအဆင့်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်း အဆင့်သာရှိကြောင်း၊ တစ်ကမ္ဘာလုံးက ထုတ်တဲ့ ရော်ဘာ ၇၀ ရာခိုင်နှုန်းမှာ တာယာလုပ်ငန်းအတွက် အသုံးပြုခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ခာတ်ခွဲခန်း မရှိသေးကြောင်း၊ မြန်မာ့သဘာဝရော်ဘာအရည်အသွေး မြှင့်တင်ရန် IRA က အသိအမှတ်ပြုဓာတ်ခွဲခန်း တစ်ခုလိုအပ်ကြောင်း၊ အရည်အသွေး တစ်ဆင့်ပြီးတစ်ဆင့် တက်အောင်၊ စက်ရုံအသီးသီးမှာရှိတဲ့ လုပ်သားများ ကိုယ်တိုင် စဉ်းစား တွေးခေါ်တတ်တဲ့ အသိဉာဏ်မျိုး ရရှိလာရေး သင်တန်းများ ပို့ချပေးခဲ့ကြောင်း၊ ကြိုးစားထုတ်လုပ်မှုဖြင့် အရည်အသွေးကောင်းမွန်လာပြီး စျေးကွက်လည်း ပိုမိုရရှိလာမှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နဲ့ ယှဉ်ပြိုင်ပြီး မြန်မာ့ရော်ဘာကိုလည်း မှန်ကန်တဲ့ အရည်အသွေး ဖြစ်ဖို့ Made in Myanmar ဆိုတဲ့ အမှတ်အသားနဲ့ ကမ္ဘာ့စျေးကွက်ကို ထိုးဖောက်စေဖို့ စျေးကွက်ရလာတာနဲ့အမျှ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဆင်းရဲနွမ်းပါးမှုလည်း လျှော့ချနိုင်မှာ ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

HIDA မှ ကျွမ်းကျင်ပညာရှင်များဖြစ်တဲ့ Bridgestone Co., မှ Mr. Hajime KONDO က မြန်မာ့ရော်ဘာအရည်အသွေးမြှင့်တင်ရန် ဓာတ်ခွဲခန်းတစ်ခု အရေးတကြီး လိုအပ်ကြောင်း၊ ရော်ဘာကဏ္ဍကို လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်အောင် ၂၀၁၃ ခုနှစ်မှ စတင်အကူအညီပေးခဲ့ကြောင်း၊ တစ်နိုင်ငံလုံးမှာရှိ တဲ့ စက်ရုံအားလုံးရဲ့ ကိုယ်စားပြု နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းရရှိဖို့လိုကြောင်း၊ ဒါကြောင့် လှည်းကူးမှာ အဆင့်မီဓါတ်ခွဲခန်းတစ်ခု တည်ဆောက်ခဲ့ကြောင်း၊ Bridgestone တာယာကုမ္ပဏီမှ လိုအပ်တာ ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ယခုအခါ အရည်အသွေးခြောက်မျိုးကို တိတိကျကျ စစ်ဆေး ပေးနိုင်ပြီဖြစ်ကြောင်း ဆက်လက်ပြီး International Rubber Association (IRA) မှ အသိအမှတ်ပြုလက်မှတ် ရရှိအောင်နဲ့ ISO 17025 ရရှိအောင် လုပ်ဆောင်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာလောကတွင် ပါဝင်သူအားလုံး ဓာတ်ခွဲခန်းအသုံးပြုဖို့ ရောင်း သူဝယ်သူ အဆင်ပြေလွယ်ကူဖို့ ဓာတ်ခွဲ ခန်းလုပ်ဆောင်ရာမှာ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်း ဥပဒေများ ဆောင်ရွက်ရာမှာ အစိုးရရဲ့ပံ့ပိုးကူညီမှု မရရှိပါက ခြေထောက်တစ်ဖက်တည်းနဲ့ လမ်း လျှောက်နေသလို ခရီးမတွင်ဖြစ်မှာမို့ အစိုးရရဲ့ပူးပေါင်း ကူညီပံ့ပိုးမှု လိုအပ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

ဒ့ါအပြင် HIDA မှ ပညာရှင် Mr.Nobuo NAKAHARA က ၂၀၁၃ ခုနှစ်မှ သုံးနှစ်တာကာလ အတွင်းမှာ စက်ရုံနှစ်ရုံဖြစ်တဲ့ Yoma Top နဲ့ Light House တို့မှ ဝန်ထမ်းများနဲ့ ဂျပန်နိုင်ငံ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်း များရရှိခဲ့ကြောင်း၊ Yoma Top အတွက် RSS-1 နဲ့ Light House အတွက် TSR များ အရည်အသွေး မြှင့်တင်ရာတွင် RSS-1 ကို သုညရာခိုင်နှုန်းမှ ၁၀၀ ရာ ခိုင်နှုန်းနီးပါး မြှင့်တင်နိုင်ကြောင်း၊ TSR အတွက် ကုန်ကြမ်းအဆင့် အရည်အသွေးမြှင့်တင်ရန်လိုကြောင်း၊ ကုန်ကြမ်း ဝယ်ယူသူက ဘာဖြစ်ဖြစ်ဝယ်ကြောင်း၊ စျေးနှုန်းကိုလည်း ပစ္စည်းပေါ် အခြေမခံဘဲ တန်းတူစျေးပေးဝယ်ခြင်းကြောင့် ကုန်ကြမ်းအရည်အသွေး ကျဆင်းခြင်းဖြစ်ကြောင်း၊ ဒ့ါကြောင့် ကုန်ကြမ်းအရည်အသွေး မကောင်းပါက ရင်ဆိုင်ကြုံတွေ့ရတဲ့ ဆိုးကျိုးများဖြစ်ပုံကိုရှင်းလင်းပြရကြောင်း၊ ကုန်ကြမ်းတွင်အမှိုက်ကင်းစင်အောင်ပြု လုပ်ခြင်းဖြင့် စျေးကောင်းရရှိမှာ ဖြစ်တဲ့အတွက် Supply Chain လုပ်ဖို့လိုကြောင်း၊ RSS အတွက်ရော်ဘာအစေး၊ ရော်ဘာအပြား အထူအပါး၊ ကျက်မကျက်၊ စံချိန် စံညွှန်း၊ အရည်အသွေးထိန်းသိမ်းဖို့လိုကြောင်း၊ White Spot ကိုရာခိုင်နှုန်း နည်းအောင် အချိန်ယူ လုပ်ဆောင်ရ မည်ဖြစ်ကြောင်း၊ အရည်အသွေး မြှင့် တင်ရေးမှာ အပြီးသတ်ပန်း တိုင်ဆိုတာမရှိကြောင်း၊ ဒီထက်ပို ကောင်းအောင် လုပ်ဆောင်သွားရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ကျွမ်းကျင်ပညာရှင် Mr.Yasushi NAKATANI က ရော်ဘာအရည်အသွေးမြှင့်တင်ရာမှာ 5 S ခေါ်တဲ့ စည်းကမ်းရှိခြင်း၊ ရှင်းလင်းခြင်း၊ စနစ်တကျထားသိုခြင်း၊ သန့်ရှင်းခြင်း၊ သပ်သပ်ရပ်ရပ်ရှိခြင်းတို့ကို ဂရပ်များနဲ့ ပြသဆွေးနွေးခဲ့ပါတယ်။ အဓိကမှာ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးခြင်း ဖြစ်ကြောင်း၊ စက်ရုံ အလုပ်သမားများရဲ့ အတွေးအခေါ်နဲ့ စိတ်ဓာတ်ကို ပြောင်းလဲပေးပြီး ပတ်ဝန်းကျင်သန့်ရှင်းမှ စိတ်ချမ်းသာမှုကို ဖန်တီး နိုင်မှာဖြစ်ကြောင်း၊ ဒါမှ ထုတ်လုပ်မှုတန်ဖိုးနဲ့ အရည်အချင်း တိုးတက်လာမှာ ဖြစ်ကြောင်း၊ စက်ရုံအလုပ်သမားများရဲ့ သင်တန်းမပေးမီက ပတ်ဝန်းကျင်အခြေအနေနဲ့ သင်တန်းပေးပြီးပုံ ကွာခြားမှုကို ရှင်းလင်းပြသခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ရော်ဘာအရည်အသွေးမြှင့်တင်ဖို့ မြန်မာ့ဓာတ်ခွဲခန်းကို နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရရှိရေး၊ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေထုတ်ပြန်ရေးအတွက် အစိုးရရဲ့ ပံ့ပိုးကူညီမှု ရရှိစေရေး၊ Logistic ပိုင်းတွင် ကုန်ချောပစ္စည်းများ သိုလှောင်ထုပ်ပိုးသယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်သော သိထားသင့်တဲ့ အချက်များ လိုအပ်ချက်များ ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲသို့ တက်ရောက်လာသူ ၁၀၉ ဦးရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁-၂-၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ ပုံမှန် အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်)တွေ အဝင်များလာသလို အိန္ဒိယဘက်မှလည်း ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၅၃၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ယခင်နှစ်နဲ့နှိုင်းယှဉ်ပါက ဈေးကောင်းပိုရတာကြောင့် တောင်သူရော ကုန်သည်ပါ ထိုက်သင့်တဲ့အကျိုးအမြတ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အခုလတ်တလော အိန္ဒိယဘက်မှ ဝယ်လိုအားက တောက်လျှောက်ရှိနေတယ်။ ပဲအဝင်က များလာတော့ ဈေးကွက်သဘောသဘာဝအရ ဈေးကတက်မလာဘဲ အမြင့်ဈေးမှာ တန့်နေတဲ့အနေအထားဖြစ်နေတယ်လို့ ဘုရင့်နောင်အခြေစိုက်ပဲကုန်သည်တစ်ဦးက ပြောပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) ကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၁၅ ကျပ် (တစ်တန်ကို ၁၄၇၈၉၂၀ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်းအိတ် ၁၄၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက ဝယ်လိုအားလျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၆၈၅ ကျပ် (တစ်တန်ကို ၁၀၃၁၈၇၇ ကျပ်) ဈေးဖြင့်နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××



## ရေစကြိုဈေးကွက်မှာ မတ်ပဲ(သစ်) ဝင်ရောက်၊ ပြောင်းသီးနှံ ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေပြီး တစ်ပိဿာကို ၂၇၅၀ ကျပ် (တစ်တန်ကို ၁၆၈၄၀၇၂ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ပြောင်းသီးနှံကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၄၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၈၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနှင့် သိပ္ပံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၃၅ ကျပ် (တစ်တန်ကို ၁၁၈၄၉၇၄ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ကတော့ အဝင်လျှိုင်နေသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၂၀ ကျပ် (တစ်တန်ကို ၁၄၈၁၉၈၃ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၃၈၄၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) နှင့် နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) တွေ အဝင်များလာသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်းတစ်ပိဿာကို ၂၄၁၅ ကျပ် (တစ်တန်ကို ၁၄၇၈၉၂၀ ကျပ်) ဈေးဖြင့်တစ်ရက်ကို အိတ် ၅၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို မန္တလေးဝယ်လက် ဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းလှော်လုပ်ငန်းရှင်များက ဝယ်လိုအားများခဲ့သလို ရောင်းသူကုန်သည်တွေကလည်း အဆိုပါဈေးဖြင့် အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်နီတစ်ပိဿာ ၁၉၈၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၃၅ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၆၇၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၀၀၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၈၀၀၀ မှ ၁၈၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တော့မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၈ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ ပဲပုပ် (သစ်) ပဲလွန်းဖြူ(သစ်)နှင့် ပဲလွန်းနီ (သစ်) ဝင်ရောက်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် ပဲပုပ်(သစ်) တွေ ဈေးကွက်ထဲ စတင်ဝင်လာပေမယ့် အဝင်မလျှိုင်သေးကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၉၅၀ ကျပ် (တစ်တန်ကို ၅၈၁၇၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ (သစ်) ကတော့ ဈေးကွက်ထဲစတင်ဝင်ရောက် လာပြီး တစ်ပိဿာကို ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ပဲလွန်းနီကလည်း ဈေးကွက်သို့ ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက် ပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် ဒီတစ်ပတ် ပဲစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၇၅ ကျပ် (တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်) ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အဝင်ပိုများလာပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၇၅ ကျပ် (တစ်တန်ကို ၁၄၅၄၄၂၆ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ (သစ်) နှင့် ပဲစင်းငုံနီ (သစ်) ဆက်လက်ဝင်ရောက်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေ ဈေးကွက်ထဲဆက်လက်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များကလည်း တစ်ပိဿာကို ၂၈၅၀ ကျပ် (တစ်တန်ကို ၁၇၄၅၃၁၁ ကျပ်) ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) အနေဖြင့် ဈေးကွက်သို့ အဝင်လျှိုင်လာသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်ကလည်း တစ်ပိဿာကို ၂၄၃၀ ကျပ် (တစ်တန်ကို ၁၄၈၈၁၀၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ၊ မတ်ပဲနှင့် ပဲတီစိမ်း ကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ အဝင်များလာပြီး ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ဆက်တိုက်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပမာဏ များခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်) တွေ ဆက်လက်ဝင် ရောက်နေသလို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်များက တစ်ပိဿာ ၂၈၅၀ ကျပ် (တစ်တန်ကို ၁၇၄၅၃၁၁ ကျပ်) ဈေး ဖြင့်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း ကြီးကတော့ တရုတ်ဝယ်လက်က တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါကဈေးတန့်နေကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပဲစင်းငုံနီ (သေး) အသစ် စတင်ဝင်ရောက်လာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီသေး (အသစ်) တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း ရန်ကုန်ဝယ်လက်ကလည်း စတင်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံအနေဖြင့် အဝင်ပါးသွားပေမယ့် မန္တလေးဝယ်လက်၊ ပြည်တွင်းဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များ က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၄၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သုံးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်အား ပုံမှန်ရှိ

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းကိုတရုတ်ဘက်မှ ဝယ်လိုအား ပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းဝန်းကျင်ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ဖြစ်

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တန် ၂၆၀၀၀ ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဘက်မှလည်း တရုတ်နှစ်သစ်ကူးပွဲတော်မတိုင်မီ ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၈၀ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

# EU Food Labelling Requirements

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်

ဂျာမနီနိုင်ငံ GIZ နှင့် ဥရောပသမဂ္ဂ (EU) တို့ပူးပေါင်းပြီး " EU Food Labelling Requirements အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ဘုရင့်နောင်လမ်းပေါ် ရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်တွင် အစိုးရဌာနများအတွက် ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်များတွင် ပုဂ္ဂလိကကဏ္ဍများအတွက် ဆွေးနွေးပို့ချပေးမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း - ၂၅၄၀၂၄၊ ဖက်စ် - ၂၅၄၀၂၃၊ Email: itpic.moc@gmail.com တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**MTC (YGN)**

# ASEAN Green Hotel Standard Award 2016 ဆုကို Kempinski ဟိုတယ် နေပြည်တော် ရရှိ



မြန်မာ့ရိုးရာလက်မှုပညာများနှင့် ဥရောပခေတ်မှလက်ရာများဖြင့် ပေါင်းစပ်တည်ဆောက်ထားသည့် Kempinski ကြယ်ငါးပွင့်ဟိုတယ် နေပြည်တော်သည် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် ASEAN Tourism Forum (ATF)2016 အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့သည့် ASEAN Green Hotel Standard Award 2016 ဆုကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

Kempinski ဟိုတယ်နေပြည်တော်သည် ဟင်းလျာများချက်ပြုတ်ရာတွင် အသုံးပြုသည့် သဘာဝသစ်ဥ သစ်ဖုများ၊ လတ်ဆတ်သည့် အသီးအရွက်များ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ၎င်း၏ကိုယ်ပိုင်သဘာဝစိုက်ခင်းမှ ရယူသုံးစွဲနေသော နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘာဝအသီးအနှံများကိုအသုံးပြု၍ ဟိုတယ်၏နာမည်ကျော်စားဖိုမှူးများက ဥရောပနှင့် အာရှဟင်းလျာများကို ရာသီအလိုက် ပြင်ဆင်ချက်ပြုတ်၍ ဧည့်သည်များအား တည်ခင်း ဧည့်ခံလျက်ရှိကြောင်း ဟိုတယ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် စိမ်းလန်းစိုပြေသော ဟိုတယ်၏ အတွင်းနှင့်အပြင် နေရာထိုင်ခင်းများနှင့် လာရောက်တည်းခိုသူ ဧည့်သည်များအား လေကောင်းလေသန့်ရရှိစေကာ စိတ်အပန်းပြေကျေနပ်စေရန် စီစဉ်ထားကြောင်း သိရသည်။

"ဒီလိုသတင်းကောင်းကို ကျွန်တော်တို့ရဲ့ ဧည့်သည်တွေနဲ့ မိတ်ဆွေတွေကို ဝေမျှခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက်မိပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ ဟိုတယ်ဆိုတာ သဘာဝနဲ့ အကျွမ်းတဝင်ရှိမှုနဲ့ စွမ်းအင်ချွေတာသုံးစွဲမှုကို အမြဲအလေးပေးထည့်သွင်းစဉ်းစားတဲ့ ဟိုတယ်ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ ဟိုတယ်တွေမှာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ဆက်စပ်တဲ့ အစီအစဉ်တွေ၊ သဘာဝထုတ်ကုန်တွေ သုံးစွဲမှု၊ ဝန်ထမ်းတွေကို သဘာဝပတ်ဝန်းကျင်နဲ့ စွမ်းအင်ချွေတာမှုဆိုင်ရာသင်တန်းတွေ ပံ့ပိုးပေးနိုင်မှုစတဲ့ လုပ်ဆောင်ချက်တွေ ရှိရပါမယ်။ Kempinski ဟိုတယ်နေပြည်တော်က ဒီလိုသတ်မှတ်ချက်တွေ အဆင့်အတန်းတွေနဲ့ ပြည့်မီခဲ့တဲ့အတွက် အခုလိုဆုမျိုးကိုရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု Kempinski ဟိုတယ် နေပြည်တော်၏ ဟိုတယ်မန်နေဂျာဖြစ်သူ မစ္စတာ Jonas Illing က ပြောသည်။

ASEAN Green Hotel Standard Awardဆုပေးအပ်ရခြင်း၏ ရည်ရွယ်ချက်မှာအာဆီယံနိုင်ငံများအကြား သဘောတူညီထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်၍ စွမ်းအင်ချွေတာသည့် အာဆီယံဟိုတယ် အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ South East Asian Nations (ASEAN) Green Hotel Standard အဖွဲ့က ထိုအချက်များနှင့် ကိုက်ညီသည့် ဟိုတယ်များအားရွေးချယ်၍ ဆုချီးမြှင့်ခြင်းဖြစ်သည်။

ယခုချီးမြှင့်သည့် ASEAN Green Hotel Standard Award 2016-2018 ဆုသည် ဟိုတယ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ၊ ဟိုတယ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ၊ သဘာဝထုတ်ကုန်များအသုံးပြုမှု၊ ရေဆိုးစနစ်တကျစွန့်ပစ်မှုအပေါ် စီမံခန့်ခွဲခြင်း၊ စွမ်းအင်နှင့် ရေအသုံးချခြင်း စီမံခန့်ခွဲမှု၊ ဟိုတယ် အတွင်း အပြင် လေကောင်းလေသန့် ရရှိမှု၊ အသံဆူညံမှုကိုစီမံခန့်ခွဲမှု စသည့် ဧည့်သည်များနှင့် လူအဖွဲ့အစည်းများအတွက် အကျိုးရှိသည့် လုပ်ငန်းများ လုပ်ဆောင်မှုအပေါ် အသိ အမှတ်ပြု၍ ပေးအပ်ခြင်းဖြစ်သည်။

Kempinski ဟိုတယ် နေပြည်တော်အား ချီးမြှင့်ခဲ့သည့် ဆုသည် ဟိုတယ် စတင်ဖွင့်လှစ်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ခြောက်ဆုမြောက်အဖြစ်ရရှိသည့် ဆုဖြစ်ကြောင်း သိရသည်။Kempinskiဟိုတယ်နေပြည်တော်သည် "Best Luxury Hotel, Myanmar 2015" ဆု၊ Mekong Tourism Alliance Awards (MTAA) က ချီးမြှင့်သည့် မြန်မာနိုင်ငံအတွက် "The Best Five Star Hotel of the Year 2015" ဆု၊ Myanmar Property Award က ချီးမြှင့်သည့် "Best Landscape Architecture Design," "Best Hotel Development," နှင့် "Best Hotel Interior Design" ဆုတို့ကို ၂၀၁၅ ခုနှစ်အတွင်းက ဆွတ်ခူးရရှိထားသော မြန်မာနိုင်ငံ၏ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုဖြစ်သည်။ **မယ်သီတာ**

# အသိဉာဏ်ပစ္စည်းဆိုင်ရာ Geographical Indication (GI) ဟောပြောပွဲကျင်းပ

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး အရာတော်မြို့ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံးမှာ ဇန်နဝါရီလ ၂၆ရက်နေ့က သနပ်ခါးနှင့် ပတ်သက်၍ အသိဉာဏ်ပစ္စည်းဆိုင်ရာ Geographical Indication (GI) ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဌ၊ အတွင်းရေးမှူးနဲ့ အသင်းသားများ၊ သနပ်ခါးစိုက်ပျိုးသူ တောင်သူများ စုစုပေါင်းတက်ရောက်သူ ၅၈ဦး တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဌက မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာအသင်းနှင့် ဆက်သွယ်ပြီး အကြံဉာဏ်များရယူရန်၊ သိသင့်သိထိုက် သောဥပဒေများကို လေ့လာရန်၊ ကိုယ့်ပစ္စည်းကိုအရည်အသွေးမီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရအောင်ရှာဖွေရန်၊ ရရှိပြီးသောဈေးကွက်ကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်၊ Brand, Logo များပြုလုပ်ရာတွင် ပညာပါရမည်၊ အများနှင့်မတူအောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ အရာတော်မြို့နယ် သနပ်ခါးအသင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ မသိရှိသည်များကို သိရှိစေရန်၊ မြန်မာသနပ်ခါးကို ကမ္ဘာကသိအောင် မှတ်ပုံတင်ခြင်း (Registration ) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ မိမိတို့အသင်းက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပါတယ်။

အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက "အသိဉာဏ်ပစ္စည်းနှင့် ပိုင်ဆိုင်သူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးသိန်းအောင် (တရားလွှတ်တော်ရှေ့နေ)က "GI အမွေအနှစ်နဲ့ ပျိုမျစ် နေတဲ့ရွှေမြန်မာ" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဌ ဒေါ်တင်ဥမ္မာထွန်းက "မမျှတသော ယှဉ်ပြိုင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါတယ်။

အသိဉာဏ်ပစ္စည်းဆိုသည်မှာ မိမိ၏ကိုယ်ပိုင်တွေးခေါ်မှု အသိဉာဏ်ဖြင့်ဖန်တီးတီထွင်ကြံဆထားသည့် ပစ္စည်းကိုဆိုလိုကြောင်း၊ အသိဉာဏ် ပစ္စည်းတွင် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း၊ တီထွင်မှုနှင့် မူပိုင်ခွင့်တို့ပါဝင်ပြီး မြန်မာနိုင်ငံတွင် ဥပဒေကြမ်းအဖြစ် ကုန်အမှတ်တံဆိပ်ဥပဒေ၊ ဒီဇိုင်းဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေအနုပညာဆိုင်ရာမူပိုင်ခွင့် ဥပဒေရေးဆွဲပြီး လွှတ်တော်တွင်တင်ပြထားပြီးဖြစ်ကြောင်း၊ ကုန်အမှတ် တံဆိပ်ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို တခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများမှ ခွဲခြားသိရှိ နိုင်ရန် အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့်မြင်တွေ့နိုင်သောထင်ရှားသည့် အမှတ်အသားတစ်ခုဖြစ်ကြောင်း၊ မိမိဖန်တီးထားသော ကုန်အမှတ်တံဆိပ်ကို လူသိများကျော်ကြားလာသောအခါ ကုန်အမှတ်တံဆိပ်သည် တန်ဖိုးရှိလာမည်ဖြစ်ကြောင်း၊ ပထဝီဆိုင်ရာ အညွှန်း GI မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် တခြားထူးခြားသော ဝိသေသလက္ခဏာများ ပါရှိသည့် ကုန်ပစ္စည်း ထွက်ရှိရာ နိုင်ငံ၏နယ်မြေ၊ ဒေသ သို့မဟုတ် ဒေသန္တရမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြချက်တစ်ခုခုကို ဆိုလိုပါကြောင်း၊ GI ဥပဒေ မပေါ်ပေါက်သေးမီ တစ်ဦးချင်းစီ၏ လုပ်ငန်းဆိုင်ရာ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ထားရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်ရှိ မြို့နယ် လယ်ယာ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၌ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ မှတ်ပုံတင်ထားခြင်းဖြင့် ကုန်အမှတ်တံဆိပ်ကို ကာကွယ်နိုင်ပါကြောင်း၊ GI ကို လွှဲပြောင်း၍မရ/ပြန်လည်ရောင်းချ၍ မရပါကြောင်း၊ ဒေသမှ သို့မဟုတ် အသင်းအဖွဲ့၊ အဖွဲ့အစည်းက စုပေါင်း၍ ပိုင်ဆိုင်ကြောင်း၊ GI ရရှိပါက နိုင်ငံတကာစံချိန်စံညွှန်းနှင့်ညီအောင် အားလုံးက ဆောင်ရွက်ရမည်ဖြစ်ပြီး Quality Control လုပ်ပြီး GI ရေရှည် တည်တံ့အောင်ထိန်းသိမ်းရမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး တက်ရောက် လာသူတောင်သူများက သိလိုသည်များ မေးမြန်းခြင်းအား ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

# မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ ၁၆ ရက်မှ ၂၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၅ ဒသမ ၂၈၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၄၄၁၇ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂၆၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၆၂ တန်ကျော်၊ ကဏန်း ၁၄ တန်ကျော်၊ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၄၇၃ သန်းတန်ဖိုးရှိငါးမျိုးစုံ ၅၄၆ တန်ကျော်၊ ပုစွန် ၃ တန်ကျော်၊ ကင်းမွန် ၅ တန်ကျော်၊ ကဏန်း ၁၀ တန်ကျော်နဲ့ တခြားရေထွက် ၁၃ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၃၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၄ ဒသမ ၆၉၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၆၅၁ တန်ကျော်၊ ငါးမှုန့် ၁၈၆၂ တန်ကျော်၊ ရေခန်ပုစွန် ၅၃ တန်ကျော်၊ အေးခဲကဏန်းပျော့ ၃၄ တန်ကျော်၊ ကဏန်းနီ ၇၆ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) ၁၁ တန်ကျော်၊ ကင်းမွန် ၃၆ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်နဲ့ ကင်းမွန်ခေါင်း ၈ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၂၆၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ကာလတူထက် နို့မှုန့်ပိုမိုတင်သွင်းသော်လည်း နို့ဆီ၊ နို့စိမ်းလျော့နည်းတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီ ၂၂ ရက်ထိ ပြည်ပမှ နို့မှုန့် ၉၇၂၅ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၂ သန်းကျော်ဖိုး တင်သွင်းနိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၇၈၀ ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃ သန်းကျော်ဖိုး ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ နို့မှုန့်တင်သွင်းမှု ပိုမိုသော်လည်း နို့ဆီနဲ့ နို့စိမ်းတင်သွင်းမှုမှာ လျော့နည်းခဲ့ပါတယ်။ ကာလတူနဲ့ တင်သွင်းမှုအား နှိုင်းယှဉ်ဖော်ပြလိုက်ရပါတယ်-

**တန်ဖိုး-ကန်ဒေါ်လာသန်း**

**ရေတွက်ပုံ-တန်ချိန်ထောင်ပေါင်း**

| | | ယခုနှစ် | ကာလတူ | +/- |
|---|---|---|---|---|
| နို့ဆီ | တန်ချိန် | ၁၂၅၇၃. ၀၀၀ | ၁၉၅၁၀. ၀၀၀ | (-) ၆၉၃၆. ၀၀ |
| | တန်ဖိုး | ၂၀. ၀၄၅ | ၂၆. ၆၃၅ | (-) ၆. ၅၉ |
| နို့စိမ်း | တန်ချိန် | ၂၃၆၁၅. ၀၀၀ | ၂၄၁၇၃. ၀၀၀ | (-) ၅၅၈. ၀၀၀ |
| | တန်ဖိုး | ၂၈. ၂၂၂ | ၂၉. ၈၃၃ | (-) ၁. ၆၁၁ |

**MIRT**

# ရခိုင်ပြည်နယ်ထွက် ငါးခြောက်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီလ ၁၆ ရက်မှ ၂၂ ရက်တာသီတင်းပတ်အတွင်း ဒေါ်လာ ၈၉၈၁၉ တန်ဖိုးရှိ ငါးစုံလေးခြောက်ကီလို ၁၁၀၄၇၈ ၊ ငါးနီတူခြောက် ၃၀၀၀၀ ကီလိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ ဒေါ်လာ ၂၀၄၀၄ ဖိုးပိုမိုတင်ပို့ခဲ့ပါတယ်။

မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်ထွက် ငါးခြောက်မျိုးစုံ အဓိကတင်ပို့နေရပြီး ငါးစုံလေးခြောက်နဲ့ ငါးနီတူခြောက်များမှာ အများဆုံးတင်ပို့တဲ့ ပို့ကုန်များဖြစ်ကြောင်း ငါးခြောက်တင်ပို့သူတစ်ဦး ထံမှသိရပါတယ်။ ငါးခြောက်က မိုးတွင်းမှာ တင်ပို့မှုနည်းပါးပြီး ပွင့်လင်းရာသီတွင် တင်ပို့တဲ့ပမာဏ များပါတယ်။ အခုဆိုရင် သံတွဲ၊ စစ်တွေဘက်ကငါးခြောက်တွေ တော်တော်များများ ဝင်လာပြီဖြစ်တယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

**မြင့်မြင့်မာ**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ တတိယပတ် ကုန်သွယ်မှုလိုငွေပြ

၂၁၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ တတိယပတ် ၁၆ ရက်မှ ၂၂ ရက်အထိ ကာလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၂၈၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၃၅၀ သန်းကျော်ဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ကန်ဒေါ်လာ ၆၃၂ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သတ္တုနဲ့ သတ္တုရိုင်း၊ ချုပ်ပြီးအထည်များ လျော့နည်းတင်ပို့ခဲ့တာကြောင့် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၆၈ သန်းဖြစ်ပေါ်ခဲ့ရကြောင်း သိရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်ထိ ပို့ကုန်ကန်ဒေါ်လာ ၈၄၅၈ သန်းခန့်၊ သွင်းကုန် ကန်ဒေါ်လာ ၁၃၃၁၈ သန်းကျော်ဖြစ်သဖြင့် စုစု ပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၁၇၇၆ သန်းကျော် ဖြစ်ပါတယ်။ သွင်းကုန်အသာစီးရရှိမှုက ကန်ဒေါ်လာ ၄၈၆၀ သန်းကျော်ဖြစ်ပါတယ်။ ပို့ကုန်ပိုင်းမှာ နိုင်ငံပိုင်အပိုင်းမှ ကန်ဒေါ်လာ ၄၁၆၇ သန်းခန့်နဲ့ ပုဂ္ဂလိကပိုင်းက ၄၂၉၀ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ သွင်းကုန်ပိုင်းမှာလည်း နိုင်ငံပိုင်က ကန်ဒေါ်လာ ၂၁၉၅ သန်းနဲ့ ပုဂ္ဂလိကပိုင်းက ကန်ဒေါ်လာ ၁၁၁၂၃ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

အုပ်စုအလိုက် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် အပိုင်းတင်ပို့မှုကို ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါကပုဂ္ဂလိကပိုင်းက လယ်ယာထွက်ကုန်ပိုင်းမှာသာ လျော့နည်းခဲ့ပြီး နိုင်ငံပိုင်အပိုင်းက ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုမှ တင်ပို့မှုလျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း တင်ပို့မှုမှာ ကာလတူထက် ကန်ဒေါ်လာ ၁၂၁၅ သန်းကျော်လျော့နည်းခဲ့ သော်လည်း နယ်စပ်မှကုန်သွယ်မှုက ကန်ဒေါ်လာ ၁၅ သန်းခန့်ပိုမိုခဲ့ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ပင်လယ် ရေကြောင်းမှ တင်သွင်းမှုက ၁၄၅ သန်းကျော် လျော့နည်းခဲ့ပြီး နယ်စပ်မှ တင်သွင်းမှုက ၂၉၂ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ ကုန်သွယ်မှုကိန်းဂဏန်းအရ သိရှိရပါတယ်။

**MIRT**

# မူဆယ်မှ ဆီးဆံ ၁၆ တန်ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၁၆ ရက်မှ ၂၂ ရက်ထိကာလ အတွင်း ကန်ဒေါ်လာ ၁၁၈၀၀၀ တန်ဖိုးရှိ ဆီးဆံတန် ၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ ဆီးဆံ ၁၆ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၁၄ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှု မရှိသော်လည်း ဆီးဖတ် ၃၃ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၃၇၉၅ ဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ကာလတူထက် ဓာတ်မြေဩဇာ လျော့နည်းတင်သွင်း

စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဇန်နဝါရီလ ၂၂ ရက်ထိ ပြည်ပမှ တင်သွင်းနိုင်မှုမှာ တန်ချိန်အားဖြင့် ၉ ဒသမ ၅၂၂ သိန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၈၅ သန်းကျော် တင်သွင်းမှုရှိခဲ့သော်လည်း ယမန်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၇၃၅၃၀ သိန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၄ သန်းကျော်ဖိုး လျော့နည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# ဘိလပ်မြေပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကာလအတွင်း ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်ထိ ဘိလပ်မြေ တန်ချိန် ၂၈ သိန်းကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၄၇ သန်းကျော်ဖိုးတင်သွင်းခဲ့ရာ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၁၇၃၁၃ တန် ပိုမိုတင်သွင်းနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့်တော့ ကန်ဒေါ်လာ ၁၀ သန်းကျော် လျော့နည်းခဲ့ပါတယ်။

**MIRT**

# ကာလတူထက် ဂျုံစေ့ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၂၂ ရက်အထိ ပြည်ပမှ ဂျုံစေ့ တန်ချိန် ၂ ဒသမ ၈၅၁ သိန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈၆ သန်းကျော်ဖိုး တင်သွင်းနိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန် အားဖြင့် ၃၅၇၅၁ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀ သန်းကျော်ဖိုး ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။

ဂျုံမှုန့်တင်သွင်းမှုမှာတန်ချိန်အားဖြင့် ၂၆၅၉ တန်ခန့်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၉၄၆ သန်းဖိုးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၂၈၀၀ ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ တစ်သန်းကျော်ဖိုးလျော့နည်းတင်သွင်းခဲ့ပါတယ်။

**MIRT**

# ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီအထိ ရင်းနှီးမြှုပ်နှံမှုနဲ့လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ ကန်ဒေါ်လာ ၁၄၆ သန်းကျော် ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလမှ ဇန်နဝါရီလ ၂၂ ရက်အထိ သွင်းကုန် ကန်ဒေါ်လာ ၁၃၃၁၈ သန်းဝန်းကျင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကာလတူမှာ ကန်ဒေါ်လာ ၁၃၁၇၁ သန်းဝန်းကျင် ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ လေယာဉ်နဲ့ လေယာဉ်အပို ပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံနဲ့ သံမဏိပစ္စည်းများ၊ အခြားစက္ကူများ၊ လုပ်ငန်းသုံးသီးနှံဆီများ ဓာတုဗေဒပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ ကာလတူထက် ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက်ဖြစ်ပါတယ်။

**MIRT**

# ယမန်နှစ်ကာလတူထက် ပို့ကုန်ကန်ဒေါ်လာ သန်း ၁၂၀၀ ကျော် လျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလ ၂၂ ရက်ထိ ပို့ကုန်ကန်ဒေါ်လာ ၈၄၅၈ သန်းခန့်ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူတွင် ကန်ဒေါ်လာ ၉၆၅၈ သန်းကျော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကာလတူထက် ပို့ကုန်ကန်ဒေါ်လာ ၁၂၀၀ သန်းကျော် လျော့နည်းခဲ့ပါတယ်။ ထိုကဲ့သို့ လျော့နည်း ရခြင်းမှာ လယ်ယာထွက်ကုန်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုများ ကာလတူထက် လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

လယ်ယာထွက်ကုန်အုပ်စုတွင် ဆန်ကွဲပိုမိုတင်ပို့သော်လည်း ဆန်တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ ပဲအမျိုးမျိုး တင်ပို့မှု တန်ချိန်ကျဆင်းခဲ့သော်လည်း ပို့ကုန်ရငွေဈေးနှုန်းများ မြင့်တက်မှုကြောင့် ပို့ကုန်အပေါ်ရငွေမှာ ပိုမိုခဲ့ပါတယ်။ ပြောင်းတင်ပို့မှုတွင် တန်ချိန်ရော တန်ဖိုးပါ ကာလတူထက် လျော့နည်းခဲ့ပြီး နှမ်းတင်ပို့မှုတွင် တန်ချိန် ပိုမိုခဲ့သော်လည်း ရောင်းရငွေမှာ လျော့နည်းခဲ့ပါတယ်။ ယခင်ဘဏ္ဍာ နှစ်ကာလတူထက် နှမ်းဈေးကျဆင်းတဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။ ရော်ဘာစိမ်းတင်ပို့မှုတွင် တန်ချိန်ရော တန်ဖိုးပါ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပဲတစ်မယ်ချင်း တင်ပို့မှုကို ကာလတူနဲ့ နှိုင်းယှဉ်ရာမှာ ပဲတီစိမ်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲပုတ်စေ့၊ နိုင်လွန်ပဲတို့ တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့ခဲ့ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံမှာမူ တင်ပို့တဲ့ ပမာဏလျော့နည်းခဲ့သော်လည်း ပို့ကုန်ရငွေဈေးနှုန်းများ မြင့်တက်မှုကြောင့် ရငွေ ပိုမိုခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၂၂ ရက်အထိ ထိပ်ဆုံး ငါးနေရာတွင်ရှိသည့် ပဲတင်ပို့မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| | တန်ချိန် (ထောင်ပေါင်း) | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| မတ်ပဲ | ၃၉၃. ၂၈၂ | ၃၈၅. ၈၉၆ |
| ပဲတီစိမ်း | ၂၂၉. ၀၇၃ | ၂၃၃. ၄၅၂ |
| ပဲစင်းငုံ | ၁၃၅. ၉၅၆ | ၁၃၀. ၁၅၃ |
| ကုလားပဲ | ၂၃. ၂၅၈ | ၁၁. ၃၀၅ |
| ပဲလွန်းဖြူ | ၁၄. ၁၆၉ | ၉. ၆၅၁ |

**MIRT**

# မော်တော်ယာဉ်ယန္တရားနဲ့ မော်တော်ယာဉ်ဆက်စပ်အပိုပစ္စည်းတင်သွင်းမှု ယမန်နှစ်ကာလတူထက်လျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလ ၂၂ ရက်ထိ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆက်စပ် အပိုပစ္စည်း တင်သွင်းမှုသည်စီးရေ ၁၁၈၄၆၈ တန်ဖိုးအားဖြင့် ကန်ဒေါ်လာသန်း ၁၅၄၀ ကျော်ဖိုးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက စီးရေ ၃၁၉၃၁ စီးလျော့နည်းခဲ့ပါတယ်။ တန်ဖိုးအားဖြင့်မူ ကာလတူထက် ကန်ဒေါ်လာ ကိုးသန်းကျော် ပိုမိုခဲ့ပါတယ်။ လူစီးယာဉ်နဲ့ မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှုကာလတူထက် လျော့နည်းခဲ့သော်လည်း လူစီးယာဉ်နဲ့မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှု ကာလတူထက် လျော့နည်းခဲ့ သော်လည်း လူစီးယာဉ်၊ ဘတ်စ်၊ ထရပ်ကားများ တင်သွင်းတဲ့ စီးရေလျော့နည်းခဲ့ပြီး လူစီးယာဉ်တင်သွင်းမှုကတော့ တန်ဖိုးပါ ကျဆင်းခဲ့ပါတယ်။ ဘတ်စ်နဲ့ ထရပ်ကားများ တင်သွင်းတဲ့ တန်ဖိုးကာလတူထက်ပိုမိုခဲ့ပါတယ်။ ယန္တရား တင်သွင်းမှုကတော့ ကာလတူ ထက်စီးရေ ၃၇၀၃ စီး၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၇၉ သန်းကျော် ပိုမိုခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ် ပေးရေးအသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ကျိုင်းတုံမြို့ တွဲဖက်အထက်တန်းကျောင်း အ. လ. က (၅) တွင် ဇန်နဝါရီလ ၁၈ ရက် နံနက်က စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးခြင်းအား ဆောင်ရွက်ခဲ့ပြီး ကျောင်းမုန့်ဈေးတန်းသို့ ကျောင်းအုပ်ကြီး၊ ဆရာမများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ကျောင်းအုပ်ကြီး ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးမှူးက စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာပညာပေး ဆွေးနွေးခြင်း၊ တားမြစ်ထားရှိသော စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ တို့ကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ ၂၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ဦး၊ ကျောင်းမုန့်ဈေးတန်းဈေးသည် ၆ ဦး၊ စုစုပေါင်း ၃၇၆ ဦးနှင့် ဝန်ထမ်း ၅ ဦးတို့ တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာလက်ကမ်းစာ စောင်များဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ခဲ့ ကြောင်းသတင်း ရရှိပါသည်။

**ဦးမြင့်ကြည်** (Dtpca- ကျိုင်းတုံ)

# လပွတ္တာမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ လပွတ္တာမြို့နယ်မှ ကျင်းပပြုလုပ်တဲ့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် နံနက်က လပွတ္တာမြို့နယ် အမှတ် (၃) ရပ်ကွက် အထက်တန်းကျောင်း တွင်ကျင်းပ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် မြောင်းမြခရိုင်၊ ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်းက အဖွင့်အမှာစကားပြောကြား ရာတွင်ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ ဌာနကဆောင်ရွက်နေတဲ့ ပညာပေးဟောပြောပွဲများ၊ စားသုံးသူရေးရာဥပဒေများကိုလည်းကောင်း၊ လပွတ္တာမြို့နယ် ဦးစီးမှူး ဦးအောင်မြင့်ဦးက စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ လက်ကမ်းစာစောင်များဝေငှပြီး၊ အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပါတယ်။ ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းမုန့်ဈေးတန်းကို လှည့်လည်ကြည့်ရှုခဲ့ပါတယ်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာမှခုနစ်ဦး ဆရာ၊ဆရာမ ၃၄ ဦး၊ ကျောင်းမုန့်ဈေးတန်းပိုင်ရှင် ၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၄၂၈ ဦး၊ စုစုပေါင်း ၄၇၄ ဦးတက်ရောက် ခဲ့ကြောင်းလည်း သိရှိရပါတယ်။

**လှထွန်းဦး (မြောင်းမြ)**

# ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်ရှိ ကျေးလက်စာသင်ကျောင်းများသို့ ကွင်းဆင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ဖျာပုံမြို့နယ် ကံ့ကူကျေးရွာရှိအမှတ်(၈၇) အခြေခံပညာမူလတန်းကျောင်းတွင် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးသည့် စည်ပင်သာယာရေးအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့တို့သည် ဇန်နဝါရီလ ၂၀ ရက်မှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

ထိုအခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များကို ဆရာ/ဆရာမများနဲ့ ကျောင်းသူကျောင်းသားများ သိရှိထားနိုင်ဖို့အတွက် အခုလိုလာရောက် ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာ အဖွဲ့များနဲ့လည်း ပူးပေါင်းပြီးစားသုံးရန်မသင့်တဲ့ အစားအစာများကို ဈေးကွက်ထဲမှာ မရှိအောင်ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ အစားအသောက်များ စားသောက်တဲ့အခါများမှာ သတိရှိရှိ ဆင်ခြင် စားသောက်ကြပြီး အန္တရာယ်ရှိတဲ့ အစားအစာများရှောင်ရှားနိုင်အောင် တစ်ဖက်ကလည်း မသမာတဲ့နည်းလမ်းနဲ့ မထုတ်လုပ်နိုင်အောင် ဝိုင်းဝန်းတားဆီးနေသလို ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ဆောင်ရွက်ကြဖို့လိုပါကြောင်း၊ ယနေ့ဆွေးနွေးပို့ချချက်များကို မိဘညီအကိုမောင်နှစ်မ ဆွေမျိုးသားချင်းမိတ်ဆွေများအား ဆင့်ပွားဖြန့်ဝေပေးဖို့ လိုကြောင်းပြောကြားခဲ့ပါတယ်။ ထို့နောက် စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သက်သက်ကြူက သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် အစားအသောက်များ အကြောင်းကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်မိုးမိုးစံက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဆိုးဆေးအန္တရာယ်များ အကြောင်းကို လည်းကောင်း၊ အသီးသီးဟောပြောကြပြီး ထိုအခမ်းအနားသို့ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသားကျောင်းသူ ၂၆၈ ဦး၊ ကျောင်းဈေးသည် ၅ ဦး၊ စုစုပေါင်း ၂၈၃ ဦးတက်ရောက်ကြောင်း လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်းသိရပါတယ်။

ထို့ပြင်ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ဦးမင်းဇော်က ကင်ဆာရောဂါဆင်ခြင်စရာအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက ဆိုးဆေးအန္တရာယ် တို့ကာကွယ် ခေါင်းစဉ်ဖြင့်လည်းကောင်းဆွေးနွေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုတင်က ကျေးဇူးတင်စကားပြောကြားခဲ့ပါတယ်။ အဆိုပါအခမ်းအနားသို့ ကျောင်းဆရာ၊ ဆရာမ ၆ ဦး၊ ကျောင်းသားကျောင်းသူ ၁၁၀ ဦး၊ ကျောင်းဈေးသည် ၅ ဦး၊ စုစုပေါင်း ၁၂၁ ဦးတက်ရောက်ခဲ့ကြပါတယ်။

ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာရှိ တွဲဖက်အလယ်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၂ ရက်က ကျင်းပပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးသန့်က အဖွင့်အမှာစကား ပြောကြားပြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအုန်းလွင်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က စားသောက်ကုန်များနှင့် အန္တရာယ်များအကြောင်း ကိုလည်းကောင်း အသီးသီးဟောပြောကြပါတယ်။ ထို အခမ်းအနားသို့ ကျောင်းဆရာ/ဆရာမ ၁၅ ဦး၊ ကျောင်းသားကျောင်းသူ ၂၅၀ ဦး၊ ကျောင်းဈေးသည် ၆ ဦး၊ စုစုပေါင်း ၂၇၁ ဦး တက်ရောက်ကြပြီး လက်ကမ်း စာစောင်များလည်း ဝေငှခဲ့ကြကြောင်း သိရပါတယ်။

**မင်းဇော်မွန် -ဖျာပုံ**




# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တင်မာကြည် (သု/နည်း)

၂၀၁၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၁၆ ခုနှစ်ကို ရောက်ရှိလာတဲ့ အချိန်မှာ ၂၀၁၅ ခုနှစ်အတွင်းက ထူးခြားဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး သုံးသပ်ချက်တွေကို စာစောင်တွေမှာ ဖတ်ခဲ့ရပါတယ်။ ဒီထူးခြားဖြစ်စဉ်တွေထဲက ၂၀၁၅ ခုနှစ် ဇူလိုင် နောက်ဆုံးပတ်ကနေ ဩဂုတ်လအထိ ရွာသွန်းခဲ့တဲ့ မုတ်သုံမိုးကြောင့် မြန်မာနိုင်ငံရှိ တိုင်းနဲ့ ပြည်နယ် ၁၄ ခုအနက် ၁၂ ခုမှာ ရေလွှမ်းမိုးမှုဟာ ဒေသစံချိန် တင်ခဲ့သလို ပျက်စီးဆုံးရှုံးမှုဟာလည်း စံချိန်တင်ခဲ့ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်တန်း ဒေသတွေမှာ မြေပြိုမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဧရာဝတီမြစ်တစ်လျှောက်မှာ မိုးရေအပြင် မြစ်ရေလျှံမှုများပါ တစ်ဆက်တည်း ကြုံခဲ့ရတဲ့အတွက် ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ရေအားလျှပ်စစ်ထုတ်လုပ်တဲ့ ဆည်တချို့မှ သိုလှောင်ထားတဲ့ ရေတွေကို ရေလွှဲမြောင်းတွေကနေ ဖောက်ချလိုက်ရတဲ့အတွက် ဆည်အနီးအနားမှာနေတဲ့ ဒေသခံပြည်သူတွေဟာ မြစ်ရေလျှံ၊ ဆည်ရေတိုးပြီး အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ကြရပါတယ်။ ဒီလိုသဘာဝ ဘေးအန္တရာယ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ဒီအဖြစ်ဆိုးတွေဖြစ်ပေါ်လာရတဲ့ အရင်းအမြစ်တစ်ခုအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုတွေကို ကာကွယ်တားဆီးဖို့လိုအပ်နေပြီဆိုတာကို တပ်လှန့်သလို ဖြစ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဒ်မ ၄၂ ပုဒ်မခွဲ ၉-ခ အရ အပ်နှင်းတဲ့ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်မှာ ထုတ်ပြန်လိုက်တယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ဆောင်ဖို့ လိုအပ်နေတဲ့ လုပ်ငန်းအမျိုးအစား ၁၄၀ နီးပါးရှိကြောင်းလည်း သိရပါတယ်။ ဒီလုပ်ငန်းအမျိုးအစားတွေထဲမှာ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းနဲ့ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတွေလည်း ပါဝင်ပါတယ်။

ကမ္ဘာ့လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများပြားခြင်းဟာလည်း သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်စေတဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချနိုင်မှသာ ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပြင်းထန်တဲ့ ဘေးအန္တရာယ်တွေကိုလည်း လျော့နည်းစေမှာပါ။ ဒါကြောင့် ကမ္ဘာအနှံ့အပြားမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချနိုင်အောင် ကြိုးပမ်းမှုတွေကို ဆောင်ရွက်နေကြပါတယ်။ စွမ်းအင်ထုတ်ယူသုံးစွဲမှုကဏ္ဍမှာလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုမရှိတဲ့ ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ် သုံးစွဲရေး ကို ဦးစားပေးဆောင်ရွက်လာကြ ပါတယ်။

## ပြန်ပြည့်မြဲစွမ်းအင် *(Renewable Energy)*

သဘာဝအရင်းအမြစ်များမှ စဉ်ဆက်မပြတ်ရရှိနိုင်တဲ့ စွမ်းအင်ကို ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) လို့ခေါ်ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ကို အဓိကအနေနဲ့ (၁) နေစွမ်းအင် (Solar Energy)၊ (၂) လေစွမ်းအင် (Wind Energy)၊ (၃) ရေအားမှရနိုင်တဲ့ စွမ်းအင် (Hydropower Energy)၊ (၄) ဇီဝဒြပ်ထုမှ ရနိုင်တဲ့စွမ်းအင် (Biomass Energy)နဲ့ ဘူမိအပူစွမ်းအင် (Geothermal Energy) ဆိုပြီးပိုင်းခြားလေ့လာကြပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ဟာ ကမ္ဘာတည်သရွေ့ မကုန်ခမ်းနိုင်ဘဲ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေတဲ့ သန့်စင်စွမ်းအင်ဖြစ်ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ကို နည်းစနစ်မှန်မှန် သုံးမယ်ဆိုရင် မဟာဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့ ကျေးလက်ဒေသများမှာ လျှပ်စစ်စွမ်းအင်အဖြစ်ရရှိနိုင်ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်မှရရှိတဲ့စွမ်းအင်ဟာ လုံခြုံစိတ်ချရပါတယ်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်ပါတယ်။ ဇီဝမျိုးကွဲများဆုံးရှုံးမှုကို ကာကွယ်နိုင်သလို လူထုကျန်းမာရေးကိုလည်း မထိခိုက်စေပါဘူး။ အလုပ်အကိုင်အခွင့်အလမ်းကိုလည်းဖော်ဆောင်နိုင်ပါတယ်။ ကျေးလက်ဒေသမှာ စွမ်းအင်ရရှိစေခြင်းနဲ့ ကျေးလက်မီးလင်းရေးအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာပါ။ ဒ့ါအပြင် ပြန်ပြည့်မြဲစွမ်းအင်ဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လက်ရှိအခြေအနေမှာ လျှော့ချနိုင်ရုံမက နောင်အနာဂတ်အထိပါ ရေရှည်လျှော့ချနိုင်ပြီး အသုံးဝင်တဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဒါကြောင့် စွမ်းအင်လိုအပ်ချက်တွေကို ထောက်ပံ့ဖို့အတွက် ပြန်ပြည့်မြဲစွမ်းအင်ကို ပြောင်းလဲသုံးစွဲလာကြပါတယ်။

ပြန်ပြည့်မြဲစွမ်းအင်ထုတ်ယူခြင်းဆိုင်ရာ နည်းပညာတွေရဲ့ ကုန်ကျစရိတ်တွေကိုလေ့လာရာမှာ အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်အေဂျင်စီ (ARENA) ရဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လထုတ်ပြန်ချက်အရ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဟာ ရင်းနှီးမြှုပ်နှံမှုနဲ့ တစ်ယူနစ်ကုန်ကျစရိတ် အနည်းဆုံးဖြစ်တယ်လို့ သိရပါတယ်။ သို့ပေမယ့် အကြီးစား ရေအားလျှပ်စစ် တည်ဆောက်မယ်ဆိုရင် ရေရှည်ဖွံ့ဖြိုးမှု (Truly Sustainable) ရရှိရေးကို သေချာအောင် ဆောင်ရွက်ရတဲ့အတွက် စီးပွားရေးဆိုင်ရာ ခန့်မှန်းမှု (Economic Assessment) တွေ၊ သင့်တော်တဲ့ လူမှုရေးသဘာဝပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုတွေကို လေ့လာသုံးသပ်တဲ့ Social and Environmental Impact Assessments တွေ မဖြစ်မနေပြုလုပ်ရပါမယ်။ ဒီလိုစနစ်တကျဆောင်ရွက်မှသာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေကြောင့် ရေကြီးရေလျှံတာ၊ မြေပြိုတာ၊ ငလျင်လှုပ်တာစတဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်မှုကို လျော့ပါးစေမှာပါ။ ဒ့ါအပြင် အကြီးစားရေအားလျှပ်စစ်တည်ဆောက်ဖို့အတွက် သစ်တောတွေ ခုတ်ထွင်ရှင်းလင်းရတာကြောင့် သစ်ပင်၊ သစ်တောတွေပျက်စီးဆုံးရှုံးမှုရှိတဲ့အပြင်ဒေသတွင်း လယ်ယာမြေတွေ၊ ရေချိုအရင်းအမြစ်တွေကိုလည်း ရင်းနှီးမြှုပ်နှံရပါတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနဲ့ ဒေသခံတွေ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ပိုမိုအားထားလာကြပါတယ်။ အသေးစားရေအားလျှပ်စစ်နဲ့ အကြီးစားရေအား လျှပ်စစ်တို့ထုတ်လုပ်ရာမှာ တူညီတဲ့ အချက်ကတော့ ပတ်ဝန်းကျင်၊ နည်းပညာနဲ့ စီးပွားရေးဆိုင်ရာတွေကို ထည့်သွင်းစဉ်းစားတွက်ချက် ဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်။ မတူညီတာက အသေးစားရေအားလျှပ်စစ်ထုတ်ယူရာမှာ နေရာကျယ်ကျယ်မလိုဘဲ ချောင်းငယ်၊ မြောင်းငယ်များမှာ ထုတ်ယူနိုင်တဲ့အတွက် လယ်မြေ၊ သစ်တော၊ ရေချို တွေလည်း ရင်းနှီးမြှုပ်နှံစရာမလို ဇီဝမျိုးကွဲတွေလည်း မဆုံးရှုံးတဲ့အပြင် အသံဆူညံမှုလည်းမရှိတဲ့ အားသာချက်တွေ ရှိပါတယ်။

## နည်းပညာလိုအပ်ချက်

ပြန်ပြည့်မြဲစွမ်းအင်ကို ရေရှည်ဖွံ့ဖြိုးမှုရရှိရေး (Truly Susta - inable) သေချာအောင် ဆောင်ရွက်နိုင်ဖို့အတွက် နည်းပညာလိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြန်ပြည့်မြဲစွမ်းအင်အရင်း အမြစ်တွေ ပေါကြွယ်ဝပေမယ့် ပြန်ပြည်မြဲစွမ်းအင်ဆိုင်ရာနည်းပညာတွေနဲ့ပတ်သက်တဲ့ ဗဟုသုတမှာတော့ အားနည်းမှုရှိပါတယ်။ ဒီနည်းပညာတွေမှာ သဘာဝအရင်းအမြစ်များမှ ပြန်ပြည့်မြဲစွမ်းအင်ကို ရေရှည်အသုံးချနိုင်ဖို့အတွက် ရှာဖွေစူးစမ်းစစ်ဆေးမှုပြုလုပ်နည်းတွေ ထုတ်ယူရရှိနိုင်မယ့် လျှပ်စစ်ဓာတ်အားပမာဏကို ခန့်မှန်းတွက်ချက်နည်းတွေ အသုံးပြုနိုင်မယ့် စက်ပစ္စည်းတွေ၊ စွမ်းအင်




ပုံ-၁




ပုံ-၂




ပုံ-၃




ပုံ-၄

ထုတ်ယူရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် တပ်ဆင်ထုတ်လုပ်နည်းတွေ၊ ရရှိစွမ်းအင်တွေနဲ့ ပြည်သူလူထုအတွက် အကျိုးရှိအောင် အသုံးပြုနိုင်မယ့် နည်းလမ်းတွေ၊ ရေရှည်သုံးစွဲနိုင်အောင်ပြုပြင်ထိန်းသိမ်းနည်း တွေ၊ ရရှိစွမ်းအင်အသုံးပြုပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အသုံးချနည်းတွေ စတဲ့နည်းပညာတွေ ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့စွမ်းအင်တွေကို ပြန်ပြည့်မြဲ စွမ်းအင်တွေကနေ စနစ်တကျ ထုတ်ယူပြီး ဖြည့်စွမ်းနိုင်ဖို့ ရည်ရွယ်ပြီး ဂျပန်နိုင်ငံက ပြန်ပြည့်မြဲစွမ်းအင်နဲ့ ပတ်သက်တဲ့ နည်းပညာတွေ အကြောင်း မိတ်ဆက်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်တွေကို တင်ပြလိုပါတယ်။

## ပြန်ပြည့်မြဲစွမ်းအင်ကို ရေရှည်အသုံးပြုနိုင်မယ့် ဂျပန်နည်းပညာ

ပြန်ပြည့်မြဲစွမ်းအင်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနဲ့ ရေရှည်အသုံးပြုနိုင်မယ့် ဂျပန်နည်းပညာတွေအကြောင်း မိတ်ဆက်တဲ့ အလုပ်ရုံဆွေးနွေးပွဲ "Introducing Japanese Renewable Energy Technology for Sustainable Development" ကို ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ဒီဇင်ဘာလ ၁၈ ရက်ကနေ ၁၉ ရက်အထိ ကျင်းပခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန (Department of Research and Innovation-DRI) နဲ့ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (Renewable Energy Association Myanmar-REAM) တို့ ပူးပေါင်းစီစဉ်ပြီး ဂျပန်နိုင်ငံ၊ Asia Air Survey (AAS) Co., Ltd. က ဂျပန်နိုင်ငံရဲ့ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ နည်းပညာတွေကို ပံ့ပိုးကူညီခဲ့တာ ဖြစ်ပါတယ်။

AAS JAPAN ကုမ္ပဏီဟာ ဂျပန်နိုင်ငံရဲ့ နည်းပညာများနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးလိုတဲ့ဆန္ဒရှိတဲ့အတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ AAS MYANMAR ကုမ္ပဏီခွဲကို တည်ထောင်ထားတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ ပြန်ပြည့် မြဲစွမ်းအင်နဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်လာခဲ့ပြီး ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ထားတယ်လို့ သိရပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ကို ထုတ်ယူမယ့်ဒေသဝန်းကျင်မှာ လေ့လာစူးစမ်းမှုတွေပြုလုပ်ခြင်း၊ ရရှိနိုင်မယ့် အလားအလာတွေကို တွက်ချက်ခြင်းတို့မှာ အတွေ့အကြုံများတဲ့ ကုမ္ပဏီဖြစ်ပြီး အလားတူကုမ္ပဏီများဖြစ်တဲ့ Fugro Co., Ltd., Kawabata Co., Ltd., Stirling Engine Asia Co., Ltd. တို့နဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ ကုမ္ပဏီလည်းဖြစ်ပါတယ်။

## အသေးစားရေအားလျှပ်စစ်အတွက် *"TARAI"*

ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အသေးစားရေအားလျှပ်စစ်ကို သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနဲ့ အလွယ်တကူ ထုတ်ယူနိုင်မယ့် ဂျပန်နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ "TARAI" ကို ASIA Air Survey ကုမ္ပဏီက မိတ်ဆက်ပေးခဲ့ပါတယ်။ TARAI ကို **ပုံ (၁)** မှာပြထားသလို တပ်ဆင်အသုံးပြုနိုင်ပါတယ်။ တပ်ဆင်အသုံးပြုရာမှာ ရေစီးနှုန်း 20 Liter/Sec uae 50 Liter/Sec ရှိ မြစ်ငယ်၊ ချောင်းငယ်များမှာပါ အသုံးပြုနိုင်ပါတယ်။ ရေဆင်းအမြင့်လည်းမလိုဘဲ ဆင်ခြေလျှော (Slope) မှ စီးဆင်းလာတဲ့ ရေလမ်းကြောင်းမှာ တပ်ဆင် ပြီးသုံးနိုင်ပါတယ်။ မြစ်ချောင်းငယ်များမှာ အချင်း (1 - 1.5) meter ရှိတဲ့ TARAI ကို သုံးနိုင်ပြီး **ပုံ(၂)**မှာပြထားသလို ရေစီးကြောင်းတစ်ဝက်မှာပဲ တပ်ဆင်အသုံးပြုနိုင်တာကြောင့် ငါးဆင်းလမ်းရှိပြီး ငါးများရှင်သန်ပေါက်ပွားမှုကို မထိခိုက်စေပါဘူး။ TARAI ရဲ့ အဓိကအစိတ်အပိုင်းကို Basin ပုံစံ တည်ဆောက်ထားပြီး အတွင်းပိုင်းရှိ Rotor မှာ Blade ခြောက်ပြား တပ်ဆင်ထားပါတယ်။ Blade ခြောက်ပြားထက်ပိုပါက Basin ထဲရောက်ရှိလာတဲ့ ငါးတွေသေဆုံးနိုင်တဲ့အတွက် Blade အရေအတွက် ခြောက်ပြားကို စံအဖြစ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

Basic specification for "TARAI" hydro power equipment

| Model | | KT-1000 | | KT-1500 | |
|---|---|---|---|---|---|
| Diameter of basin | m | 1 | | 1.5 | |
| Water-level difference | m | 1 | | 1.5 | |
| Quantity of water | l/s | 25 | 45 | 50 | 100 |
| Output | W | 20 | 80 | 150 | 300 |
| Generator | | SKY-HR160 | | SKY-HR250 | |
| Voltage | V | 109.9 | | 141.1 | |
| Electric current | A | 0.926 | | 2.36 | |
| Output | W | 100 | | 333 | |

ဇယား-၁

Basin ထဲဝင်လာတဲ့ ရေအားနဲ့ Blade ပြားကိုတွန်းစေပြီး Rotor ကိုလည်စေပါတယ်။ Rotor နဲ့ Generator ကိုချိတ်ဆက်ပြီး ရရှိတဲ့လျှပ်စစ်ဓါတ်ကို ထုတ်ယူသုံးစွဲနိုင်ပါတယ်။ (1-1.5) meter ရှိတဲ့ TARAI uae (100-300) watt အထိ ရရှိနိုင်ပါတယ်။ လျှပ်စစ်ဓါတ်ပိုမိုလိုအပ်ခဲ့ရင်တော့ TARAI တွေကို ၂ ခု ၃ ခု ဆင့်သုံးနိုင်တယ်လို့သိရပါတယ်။ (1-1.5)meter ရှိ TARAI နဲ့ပတ်သက်ပြီး အသေးစိတ်ဖော်ပြချက်ကို ဇယား(၁)မှာ လေ့လာနိုင်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံမှာ (6.5) meter ရှိတဲ့ TARAI ကိုသုံးပြီး 15 kw အထိ ထုတ်နိုင်ခဲ့တယ်လို့သိရပါတယ်။ TARAI ရဲ့ Basin အပိုင်းကို ကွန်ကရစ်(Concrete)၊ စတီး (Steel)၊ သစ်သား (Woods)၊ ကျောက်တုံး (Stones) တို့နဲ့တည်ဆောက်နိုင်ပါတယ်။ TARAI ကို မြစ်/ချောင်းငယ်များ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေသွင်းမြောင်းများ၊ ရေပူစမ်းများ၊ စက်ရုံမှ စွန့်ထုတ်သော ရေမြောင်းများမှာ အသုံးပြုနိုင်ပြီး လျှပ်စစ်ထုတ်ယူနိုင်တဲ့အတွက် ရရှိတဲ့လျှပ်စစ်ဓာတ်ကို ကျေးလက်ဒေသမီးလင်းရေးနဲ့ အသေးစား စက်မှုလုပ်ငန်းများမှာ အသုံးပြုနိုင်ပါတယ်။

## Biomass Generator, Stirling Engine

မြန်မာနိုင်ငံမှာ ဒီနေ့အထိ မဟာဓာတ်အားလိုင်း (National Grid) နဲ့ ဝေးကွာပြီး လျှပ်စစ်မီး မရသေးတဲ့ ကျေးရွာ အများအပြားရှိနေပါသေးတယ်။ ဒီကျေးရွာတွေအတွက် ဂျပန်နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ဇီဝဒြပ်ထု (Biomass)သုံးအသေးစား လျှပ်စစ်ထုတ်ကိရိယာ (Micro power generator) တစ်မျိုးဖြစ်တဲ့ Stirling Engine ကို Asia Air Survey Co., Ltd. ကထပ်မံ မိတ်ဆက် ပေးခဲ့ပါတယ်။ Stirling Engine မှာ လောင်စာအနေနဲ့ ဂျုံရိုး၊ စပါးခွံ၊ သစ်သားစ၊ အုန်းခွံ စတဲ့ ဇီဝဒြပ်ထု အားလုံးနီးပါးအသုံးပြုနိုင်ပါတယ်။ Stirling Engine တည်ဆောက်ပုံကို **ပုံ(၃)**မှာ ဖော်ပြထားပြီး တပ်ဆင်အသုံးပြုပုံကို **ပုံ(၄)**မှာ လေ့လာနိုင်ပါတယ်။ အသုံးပြု လောင်စာဖြစ်တဲ့ ဇီဝဒြပ်ထု တွေဟာ Combustor အတွင်းမှာ Complete Combustion ဖြစ်တဲ့အတွက် ကတ္တရာ (Tar) မထွက်ပါဘူး။ ဒီလောင်စာတွေ

Specification

| | |
|---|---|
| Engine Output | 3kW |
| Fuels | Almost all biofuels |
| Fuel consumption | e.g. ) 10 kg /hr of wood |
| Lubrication | Dry bearing: no oil |
| Working fluid | Air |
| Working pressure | 5 bar, self-pressurizing |
| Heater head temp. | 650 °C |
| Dimensions | 450 x 450 x 1200 mm |
| Weight | 200 kg |

The details of technical data were confirmed by Kansai Electric Co. in Japan.

ဇယား -၂

## လေစွမ်းအင်၊ ဘူမိစွမ်းအင်တို့ကိုမိတ်ဆက်ခြင်း

မြန်မာနိုင်ငံမှာ လေစွမ်းအင်ကိုအသုံးပြုပြီး လျှပ်စစ်ထုတ်ယူခြင်းကို တောင်တန်းဒေသတွေမှာ ဆောင်ရွက်နိုင်သလို ပင်လယ်ကမ်းခြေ (Onshore) နဲ့ ကမ်းလွန် (Offshore) ဒေသတွေမှာလည်း ဆောင်ရွက် နိုင်တယ်လို့ သိရပါတယ်။ သို့သော်လည်း လေအားလျှပ်စစ်ထုတ်ယူနိုင်မယ့်နေရာကို စနစ်တကျလေ့လာ ရွေးချယ်ဖို့ လိုပါတယ်။ ဒါ့အပြင် ရွေးချယ်ပြီးတဲ့နေရာများရဲ့ လေတိုက်ခတ်နှုန်း၊ လေဖိအားများအပြင် ဒေသခံများထံမှ နယ်မြေသတင်းအချက်အလက်နဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေတွေကို သိရှိဖို့အရေးကြီးပါတယ်။ ဒီအချက်အလက်တွေ စုဆောင်းပြီးမှ ဘယ်နေရာမှာ တည်ဆောက်သင့်တယ်ဆိုတာ စဉ်းစားသင့်ပါတယ်။ နေရာရွေးချယ်ပြီးရင်လည်း အဲဒီနေရာ တစ်ဝိုက်ရဲ့ လေတိုက်ခတ်နှုန်း၊ လေဖိအားနဲ့ လေကြောင်းပြောင်းလဲနိုင်ခြေတွေကို သုံးနှစ်လောက် အချိန်ယူပြီး ကွင်းဆင်းစစ်တမ်းကောက်ယူပြီးမှသာ တည်ဆောက်သင့်တယ် လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားလျှပ်စစ်စွမ်းအားရရှိရေးစီမံကိန်း (National Electrification Plan- NEP) အရ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးကို ဦးတည်ရည်မှန်းထားပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒီရည်မှန်းချက်ပြည့်မီဖို့ဆိုရင် မြန်မာနိုင်ငံရှိ သဘာဝစွမ်းအင်အရင်းအမြစ်များမှ ပြန်ပြည့်မြဲ စွမ်းအင်တစ်မျိုးဖြစ်တဲ့ ဘူမိအပူစွမ်းအင် (Geothermal Energy) မှလည်း လျှပ်စစ်ထုတ်ယူသင့်တယ်လို့ဆွေးနွေးကြပါတယ်။ ဘူမိအပူစွမ်းအင်အရင်းအမြစ်တွေဟာ မီးတောင်တွေ၊ မီးတောင်ဟောင်းတွေ၊ ရေပူတွင်းတွေ၊ ရေပူစမ်းတွေမှာ အခြေခံပါတယ်။ ပညာရှင်များရဲ့ စစ်တမ်းကောက်ယူချက်အရ မြန်မာနိုင်ငံမှာ ရေပူစမ်း ၉၃ ခုရှိတယ်လို့သိရပါတယ်။ ရေပူစမ်းကနေ လျှပ်စစ်ထုတ်မယ်ဆိုရင် ရေပူရဲ့ အပူချိန်ဟာ အဓိကကျပါတယ်။ မြန်မာနိုင်ငံမှာ ရေပူစမ်းနဲ့ ပတ်သက်ပြီး စီးပွားဖြစ်လုပ်ငန်းအနေနဲ့ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ရေပူစမ်းအချို့ကို ရေပူစိမ်ကန်များ၊ ရေချိုးခန်းများအဖြစ် အသုံးချတာပဲတွေ့ရပါတယ်။ ၂၀၁၃ ခုနှစ်က တာချီလိတ်မြို့မှာ ဘူမိအပူနဲ့ ပတ်သက်ပြီး အချက်အလက် စုဆောင်းခဲ့ဖူးတယ်လို့ သိရပါတယ်။ ဂျပန်နိုင်ငံမှာ ရေပူစမ်း ၈၀၀၀ ကျော်ရှိပြီး ရေပူစမ်းကနေ လျှပ်စစ်ထုတ်တဲ့အတွေ့အကြုံလည်းများစွာရှိတယ်လို့ သိရပါတယ်။ ဘူမိအပူကနေ လျှပ်စစ်ထုတ်မယ်ဆိုရင်ရယူနိုင်လောက်တဲ့ နေရာတစ်ဝိုက်ကို ရဟတ်ယာဉ်နဲ့ တိုင်းတာစစ်ဆေးပြီး မြေနေရာရွေးချယ်ဖို့လိုအပ်ပါတယ်။ ရွေးချယ်ပြီးတဲ့မြေနေရာမှာလည်း ဘူမိသွင်ပြင်နဲ့ဆိုင်တဲ့ လေ့လာစူးစမ်းမှုတွေ ပြုလုပ်ရပါမယ်။ မြေအောက်ကိုပါတူးဖော် စမ်းသပ်စစ်ဆေးပြီး အချက်အလက်များလည်း စုဆောင်းပြီးတွက်ချက်ရမယ်လို့ ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးချက်တွေအရမြန်မာနိုင်ငံမှာ ပြန်ပြည့်မြဲစွမ်းအင်များဖြစ်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်၊ ရေအားမှ ရနိုင်တဲ့စွမ်းအင်၊ ဇီဝဒြပ်ထုမှ ရနိုင်တဲ့စွမ်းအင်နဲ့ ဘူမိအပူစွမ်းအင်တို့ အားလုံးထုတ်ယူနိုင်တဲ့ အရင်းအမြစ်တွေ ရှိနေတာကို ခိုင်ခိုင်မာမာသိရှိလာပါတယ်။ ဒီစွမ်းအင်အရင်းအမြစ်တွေကနေ လျှပ်စစ် စွမ်းအင်အဖြစ်ပြောင်းလဲထုတ်ယူဖို့အတွက် နည်းပညာတွေက ဂျပန်နိုင်ငံမှာရှိပြီး ပံ့ပိုးလိုတဲ့ ဆန္ဒလည်း ရှိနေတာကို သိရပါတယ်။ သို့သော်လည်း ဂျပန်နည်းပညာများဟာ အဆင့်မြင့်တဲ့အတွက် စွမ်းအင်အရင်းအမြစ်တွေကနေ လျှပ်စစ်စွမ်းအင်ကို စီးပွားဖြစ်ထုတ်ယူမယ်ဆိုရင် စနစ်တကျ စူးစမ်းလေ့လာ သုတေသနပြုရမယ့် ကုန်ကျစရိတ်နဲ့ လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်တဲ့ စက်ကိရိယာများ TARAI, Stirling Engine စတဲ့ ပစ္စည်းများ တန်ဖိုးကလည်း ကြီးမြင့်လှပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားဖို့ဆိုရင် ဂျပန်ကုမ္ပဏီနဲ့ မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်ပါတယ်။ Stirling Engine လို ပစ္စည်းမျိုး အတွက်ဆိုရင် အင်ဂျင်ပိုင်းကို ဂျပန်မှ သယ်လာပြီး ကျန်အစိတ်အပိုင်းတွေကို မြန်မာနိုင်ငံမှာ စက်ရုံတည်ဆောက်ထုတ်လုပ်နိုင်မှသာ သင့်တင့်တဲ့ဈေးနှုန်းနဲ့ မြန်မာတစ်ပြည်လုံးအတိုင်းအတာထိ ဖြန့်ဝေရောင်းချနိုင်မှာဖြစ်ပါတယ်။

ပြန်ပြည့်မြဲစွမ်းအင်နဲ့ ဆက်နွယ်တဲ့ ဂျပန်နည်းပညာများ မျှဝေမှုအပိုင်းမှာလည်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေနိုင်မယ်လို့ သုံးသပ်ကြပါတယ်။ အကောင်းဆုံး နည်းလမ်းကတော့ နိုင်ငံတော်ပိုင်းမှ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ AAS ကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင်နဲ့ ပတ်သက်ပြီး အတွေ့အကြုံလည်းရှိ၊ မြန်မာနိုင်ငံကိုလည်း ကူညီလိုတဲ့ ဂျပန်ကုမ္ပဏီ၊ပါဝင်ကူညီ ဆောင်ရွက်လိုတဲ့ INGO များ၊ NGO များ၊ ဒေသခံပြည်သူများ အားလုံး ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက မြန်မာ့စွမ်းအင် အရင်းအမြစ်များကနေ ပြန်ပြည့်မြဲစွမ်းအင်များကို စနစ်တကျ ထုတ်ယူသုံးစွဲ နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးလျှပ်စစ်မီးရနိုင်ရုံမကစက်မှု လက်မှု လုပ်ငန်းများ ထွန်းကားလာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း ဆွေးနွေး သုံးသပ်ချက်များကို ရေးသားဖော်ပြလိုက်ပါတယ်။

■

## ပြောင်း

### ဒေသစုံက ပြောင်းသစ်တွေ ဈေးကွက်ဝင်လာပြီဖြစ်လို့ လှောင်လက်တို့ ဝယ်လှောင်ပြီ

ပြီးခဲ့တဲ့ တစ်ပတ်ကအထိ ဈေးကျနေတဲ့ ရှမ်းပြောင်းက ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းစတဲ့ ဒေသတွေကလည်း ထွက်တာကြောင့် ဈေးကွက်မှာ အဝင်များပြီး ဈေးနှုန်းကလည်း ကျလာပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းကထွက်တဲ့ ပြောင်းကိုတော့ ပြည်တွင်းဈေးကွက်ဖြစ်တဲ့ တိရစ္ဆာန်အစာနဲ့ အရက်ချက်ဖို့အတွက်သာ ဝယ်ယူမှုများပြီး၊ ရန်ကုန်ဝယ်လက်ကတော့ ပင်လယ်ရေကြောင်းကပို့ဖို့အတွက် ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။

အခုတစ်ပတ်မှာတော့ တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်နည်းသွားပါတယ်။ ဝယ်လက်တွေဖြစ်တဲ့ တိရစ္ဆာန်အစာစပ်ကုမ္ပဏီတွေကလည်း တောက်လျှောက်ဝယ်ယူနေတော့ အထွက်နှုန်းရဲ့ တစ်ဝက်တောင် လျော့သွားပြီလို့လည်း သိရပါတယ်။ ဒီလမှာ လှောင်လက်တွေက ဝယ်ပြီး လှောင်လာကြပါတယ်။ ဧပြီ၊ မေလမှာမှ ပြန်ထုတ်ရောင်းဖို့အတွက် ဝယ်ပြီးလှောင်ကြတာလို့လည်း ဈေးကွက်က သိရပါတယ်။ အဲဒီအချိန်ဆိုရင် လက်ကျန်နည်းသွားလို့ ဈေးတက်ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ မန္တလေးအရက်ချက်စက်ရုံ၊ ရန်ကုန်ဝယ်လက်တွေနဲ့ ဒေသတွင်း ဝယ်လက်တွေကတော့ ရိုးရိုးပြောင်းကို ဝယ်ယူနေပြီး၊ တိရစ္ဆာန်အစာစပ်တွေကတော့ သန့်စင်ပြီး ပြောင်းတွေကိုဝယ်ယူကြပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာပေါက်ဈေးတွေက ရိုးရိုးပြောင်းက ၄၃၅ ကျပ်နဲ့ အစာစပ်စက်ရုံတွေက ဝယ်နေတဲ့ ပြောင်းက ၄၅၅ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ပြောင်းတင်ပို့မှု လျော့နည်း

ဇန်နဝါရီလ တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ တတိယပတ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၅၅၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၄၆၉၉ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၂ သန်းဖိုးရှိ ပြောင်း ၆၃၁ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၃၀၅၄၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၂၅၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရဲ့ပြောင်းတင်ပို့မှု လျော့နည်းခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးဟာ ယခင်တစ်ပတ်က ၂၉၂၄၅၆ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၂၉၂၁၇၄ ကျပ်သို့ အနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြောင်းတစ်တန်ကို ၁၅၆၀ ယွမ်ဈေးရှိကြောင်း မူဆယ် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

**၂၅-၁-၂၀၁၆ မှ ၂၉-၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 234 | 15,940,000.325 |
| 2 | Form D | 39 | 2,333,403.180 |
| 3 | Form E | 70 | 2,438,968.600 |
| 4 | Korea GSP | 3 | 27,473.200 |
| 5 | Form AK | 59 | 3,220,248.080 |
| 6 | Form AJ | 12 | 319,664.430 |
| 7 | Form AI | 50 | 2,626,787.582 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 467 | 26,906,545.397 |

## သကြား

### နယ်စပ်မှ တရုတ်နိုင်ငံသို့ သကြားဖြူတန်ချိန် သုံးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၆ ရက်မှ ၂၂ ရက်တာ ကာလအတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၈ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ သကြားဖြူ ၃၂၁၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၂၁၈၄၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နှစ်သစ်ကူးရာသီချိန်နီးလာပြီဖြစ်ရာ တရုတ်နိုင်ငံဈေးကွက်တွင် သကြားလိုအပ်ချက်များနေတဲ့အတွက် သကြားပမာဏများစွာ တင်ပို့နေရကြောင်း သကြားတင်ပို့နေတဲ့ ကုန်သည်များထံက သိရပါတယ်။ လက်လီသကြားဈေး ကတော့ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘူးလို့သိရပါတယ်။ **မြင့်မြင့်မာ**

## ဝဥ

### ဝဥခြောက်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ တတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၈၆ သန်းတန်ဖိုးရှိ ဝဥခြောက် ၄၆ တန် တင်ပို့ခဲ့ပါတယ်။ ဒုတိယပတ်မှာ ၁၉ တန်ခွဲ ၊ ပထမပတ်မှာ ၅၃ တန်ခွဲတင်ပို့ခဲ့လို့ မူဆယ်မှတစ်ဆင့် တရုတ်ပြည်ကို ဝဥခြောက်တင်ပို့မှု ပုံမှန်ရှိနေတယ်လို့ဆိုရပါမယ်။

ဝဥကိုပြည်တွင်းမှာ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံတွေမှာ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေကို တင်ပို့ကြတယ်လို့ သိရပါတယ်။ ဝဥခြောက်မှာ အဆီကျစေတဲ့ အာနိသင်ရှိပြီး ကိုလက်စထရောကျစေတာကြောင့် ဆေးဖော်စပ် ရာမှာအသုံးပြုကြပါတယ်။ **မော်မော်အောင်**

## ပျားရည်

### ပြည်ပနိုင်ငံများသို့ ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီတတိယပတ်တွင် ကန်ဒေါ်လာ ၈၄၀၀ တန်ဖိုးရှိ ပျားရည် ၁၂ တန်တင်ပို့ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်အတွင်းက ပျားရည် တန် ၃၀ အထိတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစပြီး ပျားရည်နှင့် ပျားထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးကို ပျားမွေးမြူရေးဌာနမှ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ပနိုင်ငံများသို့ ၂၀၁၅ ဧပြီလမှ နိုဝင်ဘာလထိ ပျားရည်တန် ၇၆၀ ခန့်တင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာ့ ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ယခုအခါ အမေရိကန် ၊ ဥရောပ၊ ဂျပန်နဲ့ မလေးရှားနိုင်ငံတွေအထိ တင်ပို့နေကြောင်း ပျားလုပ်ငန်းဌာနမှ သိရပါတယ်။

**မော်မော်အောင်**

### ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၌ အသိပညာပေးဟောပြောပွဲ၊ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးအနေဖြင့် ဌာနရဲ့ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ နောက်ဆုံးပတ်နှင့် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်မည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနဲ့ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကုန်စည်ပြပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲ ဦးစီးကော်မတီ၊ ကျင်းပရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီနှင့် ဆပ်ကော်မတီများမှ ဖိတ်ကြားရေး၊ ပြခန်းများဆောက်လုပ်ရေး၊ ပြခန်းများ စနစ်တကျ ပြသနိုင်ရေးနဲ့ ပြသမည့်လုပ်ငန်းရှင်များအဆင်ပြေစေရေး၊ ကြော်ငြာကိစ္စများ၊ ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက် ဖော်ပြနိုင်ရေး အစရှိသည့် လုပ်ငန်းများအား တင်ပြဆွေးနွေးခဲ့ကြပြီး ယခင်ကျင်းပခဲ့သော လုပ်ငန်းအတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များကို နမူနာယူ၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေး အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးက ဇန်နဝါရီ ၂၈ ရက်တွင် မတ္တရာမြို့၊ အခြေခံပညာအထက်တန်း ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ၊ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကန်တော်ကြီး တွင် ကျင်းပပြုလုပ် မည့် သစ်သီးဝလံနှင့်ပန်းမာန်ပြပွဲ၌ မိမိတို့ဌာနမှ သွားရောက်ပြမည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာပြပွဲ၊ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ အမျိုးသားကဇာတ်ရုံ၌ မိမိတို့ဌာနမှဦးဆောင်၍ ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကုန်စည်ပြပွဲ၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ ကြက်သွန်နီဈေးကွက်တည်ငြိမ်ရေးနှင့် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အလုပ်ရုံဆွေးနွေးပွဲများ စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကုန်စည်ပြပွဲတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချလိုပါက ဆိုင်ခန်းနေရာ ငှားရမ်းခြင်းကို ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ဖုန်း ၀၂-၃၆၃၄၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိပါတယ်။ **မျိုးထွန်း-မန္တလေး**

သင့်ကျန်းမာရေး

# ကိုယ်ဝန်ဆောင်နှင့် အာဟာရ

ဒေါက်တာလွင်သန့်

**မေး။** ကိုယ်ဝန်ရှိရင် နှစ်ယောက်စာ စားပေးရတယ်ဆိုတာ ဟုတ်ပါသလား။ ညွှန်ကြားပေးပါဦးဆရာ။

ဒေါ်ရွှေ (ဝါးခယ်မ)

**ဖြေ။** ကိုယ်ဝန်ရှိစဉ် နှစ်ယောက်စာ စားသောက်သလိုမျိုး မဟုတ်ပေမယ့် အင်အားရှိစေဖို့ ပိုမိုစားသောက်ရတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မီးတွင်းမိခင် သေဆုံးနှုန်း များပြားလျက်ရှိတာဟာ ကိုယ်ဝန်ဆောင်ကာလမှာ လိုအပ်တဲ့ အာဟာရဓာတ်ပြည့်ဝအောင် မစားသုံးတဲ့ အကြောင်းရင်းပဲဖြစ်တယ်။ မြန်မာနိုင်ငံမှာ ကိုယ်ဝန်ဆောင်မိခင်များရဲ့ နေ့စဉ်စားသုံးမှုမှာ အင်အားဖြစ်စေတဲ့အစာများ စားသုံးမှုနည်းသလို သံဓာတ်၊ ထုံးဓာတ်၊ ဗီတာမင်ဘီဝမ်း ဘီတူးနဲ့နိုင်ယာစင်ဓာတ်များ စားသုံးမှုနည်းကြောင်း တွေ့ရှိရပါတယ် ။

**အာဟာရဓာတ်ချို့တဲ့တဲ့မိခင်တွေက** မွေးဖွားတဲ့ကလေးတွေဟာ မွေးဖွားမှု ဒဏ်မခံနိုင်လို့ အသေမွေးခြင်း၊ မွေးစ ကိုယ်အလေးချိန်မပြည့်ခြင်း၊ နို့စို့ကလေးမှာ ကျန်းမာရေးမပြည့်စုံတဲ့အပြင် ကျောင်းသားအရွယ်ကာယ၊ ဉာဏ၊ ဖွံ့ဖြိုးမှု လျော့နည်းခြင်းများဖြစ်နိုင်တယ်။ ဒါကြောင့်ကိုယ်ဝန်ဆောင်မိခင်များရဲ့ အာဟာရဓာတ် မြှင့်တင်ပေးရမယ်။

**ကိုယ်ဝန်ဆောင်စဉ်သန္ဓေသားကြီးထွားဖို့။** ကိုယ်ဝန်ဆောင် မိခင်များရဲ့ သားအိမ်မှာ သန္ဓေသားငယ်ဟာ မုန်ညင်းစေ့ပမာဏမှ အနည်းဆုံးငါးပေါင်ခွဲရှိတဲ့သန္ဓေသားထိ ကြီးထွားဖွံ့ဖြိုးတယ်။ သန္ဓေသားငယ်ရဲ့ အရိုး၊ အသွေးအသား တည်ဆောက်ရေးမှာ လိုအပ်တဲ့အာဟာရကို မိခင်ရဲ့နေ့စဉ်စားသုံးတဲ့အစာ (သို့မဟုတ်) မိခင်ရဲ့ကိုယ်တွင်းမှဝေမျှယူတယ်။ သန္ဓေသားငယ်မှာ ခြောက်လအထိ မိခင်နို့ရည်ကိုရယူပြီး သံဓာတ်၊ ဗီတာမင်အေကိုလည်း သိုမှီးစုဆောင်းတတ်တယ်။ အာဟာရဓာတ်ချို့တဲ့ရင် ကလေးရဲ့သိုမှီးမှုလည်း လျော့နည်းတတ်တယ်။

**ပဋိသန္ဓေတည်ပြီး ပထမပတ်မှ ၁၂ ပတ်အတွင်း -** သန္ဓေသားငယ်ဟာ အလေးချိန်အောင်စဝက်(တစ်ကျပ်သား)ခန့်နဲ့အရွယ် နှစ်လက်မခန့်ပဲရှိတယ်။ ကျန် ၂၈ ပတ်အတွင်း ကလေးငယ်ရဲ့ ကြီးထွားဖွံ့ဖြိုးမှုနှုန်း အလွန်မြန်တယ်။ မိခင်ရဲ့ အာဟာရလိုအပ်ချက်ကလည်း ကိုယ်ဝန်ဒုတိယနှင့် တတိယသုံးလပတ်မှာ ပိုမိုများပြားတယ်။

**ကိုယ်ဝန်ဆောင်မိခင်ပြောင်းလဲမှု-** ကိုယ်ဝန်ရှိစဉ်မှာ မိခင်ရဲ့သားအိမ်ဟာ ဖွံ့ဖြိုးနေတဲ့သန္ဓေသားအတွက် ကြီးမားကျယ်ပြန့်တယ်။ သန္ဓေသားအတွက် အချင်းကို မိခင်ရဲ့အသွေးအသားကနေတည်ဆောက်တယ်။ မိခင်ရဲ့ သားမြတ်ဟာ ကြီးထွားလာတယ်။ မွေးပြီးကာလ နို့ချိုတိုက်ကျွေးဖို့ အာဟာရများရရှိဖို့ ကိုယ်ဝန်ဆောင်ကာလမှာ အဆီပြင်စုဆောင်းမှုရှိလာတယ်။ မိခင်ရဲ့သွေးမှာ သွေးသစ်ဖြစ်ပေါ်ဖို့ အာဟာရပိုမိုလိုတယ်။

**ကိုယ်ဝန်ဆောင်စဉ် ကိုယ်အလေးချိန်တိုးတက်မှု** ၁၀ ကီလိုဂရမ်မှ ၁၂ ကီလိုဂရမ်၊ ၂၂ ပေါင်မှ ၂၆ ဒသမ ၄ ပေါင်အထိရှိတယ်။ မွေးစကလေးရဲ့ အလေးချိန် သုံးကီလိုဂရမ်မှ ၆ ဒသမ ၆ ပေါင်ထိရှိရာ အဆီ ၁၁ ပေါင်ရရှိဖို့ မိခင်ရဲ့ အဆီပြင်စုဆောင်းမှုလိုအပ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံမှာ မိခင်ကို ဖြည့်စွက်စာ ကျွေးဖို့လိုအပ်လှတယ်။

**အင်အားဓာတ် -** ကိုယ်ဝန်ဆောင်စဉ် အသွေးအသားသစ်များ တည်ဆောက်ခြင်း၊ ကိုယ်အလေးချိန်ပိုမိုများပြားခြင်း၊ အဆီပြင်စုဆောင်းခြင်းတို့ ကြောင့် နေ့စဉ် ကယ်လိုရီ ၃၀၀ ခန့် ပိုလိုအပ်တယ်။ ဆန်နို့ဆီဘူးဝက်ပိုစားဖို့ (သို့မဟုတ်) ထန်းလျက်နဲ့မြေပဲ သုံးကျပ်သားခန့် ပိုမိုစားသုံးဖို့လိုအပ်ပါတယ်။

**ပရိုတိန်းဓာတ်။** ကိုယ်ဝန်ဆောင်စဉ် ဒုတိယနှင့်တတိယကိုယ်ဝန်သုံးလပတ်များမှာ ပရိုတိန်းလိုအပ်ချက်ဟာ နေ့စဉ်စားသုံးသင့်တာထက် ၁၀ ဂရမ်ပိုတယ်။ သာမန်အမျိုးသမီးအတွက်၄၀ ဂရမ်လိုအပ်ပါတယ်။ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့များဖြည့်စွမ်းပေးနိုင်ပါတယ်။ ဗီတာမင်ဘီဝမ်းနှင့်ဖောလစ်အက်ဆစ်ပိုစားရမယ်။

**သတ္တုဓာတ်များ။** သံဓာတ်နှင့်ထုံးဓာတ်ရရှိဖို့ နို့၊ ငါးကလေး၊ အစို၊ အခြောက်၊ ပုစွန်ဆိတ်၊ ဟင်းနုနွယ်တို့စားပေးရမယ်။

# အစိမ်းရောင်ရှိတဲ့ ဟင်းရွက်များကို စားသုံးခြင်းကြောင့် ဂလူကိုမာဖြစ်နိုင်ချေကို လျော့ကျစေနိုင်

အစိမ်းရောင်ရှိတဲ့ အရွက်ဝေဆာတဲ့ ဟင်းရွက်များကို စားသုံးခြင်းဖြင့် နိုက်ထရိတ်ဓာတ်များ ရရှိစေနိုင်တာကြောင့် များများစားသုံးသူများမှာ ဂလူကိုမာဖြစ်နိုင်ချေ လျော့ကျစေလျက်ရှိတယ်လို့ လေ့လာမှုများအရ သိရှိရပါတယ်။

အသက်အရွယ် ၆၀ နှစ်မှ ၇၀ ကြားရှိ အမေရိကန်လူမျိုး တစ်သိန်းကျော်ကို အခြေပြုပြီး ကာလကြာရှည်စွာ စမ်းသပ်မှုပြုလုပ်ခဲ့ရာမှာ နိုက်ထရိတ်ဓာတ်ကြွယ်ဝတဲ့ ကိုက်လန်၊ ဒေါက်ခွရွက်စသည်များကို အများဆုံး စားသုံးသူများဟာ နိုက်ထရိတ်ဓာတ်အနည်းငယ်သာပါဝင်တဲ့ အသီးအရွက်များကို စားသုံးသူများထက် ဂလူကိုမာဖြစ်ပွားမှု ၂၁ ရာခိုင်နှုန်းသက်သာစေတယ်လို့ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

Open-angle-glaucoma ရောဂါဟာ မျက်စိအာရုံကြောအားနည်းတဲ့ရောဂါတစ်မျိုးပဲ ဖြစ်ပါတယ်။ အမေရိကန် လူဦးရေ တစ်ရာခိုင်နှုန်းခန့်မှာသာ ဖြစ်ပွားလေ့ရှိပြီး အရည်များပြည့်ပြီး အမြင်အာရုံနာဗ်ကြောများ ပျက်စီးမှုကြောင့်ဖြစ်ပွားရတာဖြစ်ပါတယ်။ သွေးစီးဆင်းလှည့်ပတ်မှုကြောင့်ဒီ Open-angle-glaucoma ကိုဖြစ်ပွားစေ တယ်လို့ JAMA Ophthalmology အဖွဲ့က သုတေသနလေ့လာ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အစိမ်းရောင်အရွက်များမှာပါရှိတဲ့ နိုက်ထရိတ်ဓာတ်သည် ခန္ဓာကိုယ်အတွင်း၌ နိုက်ထရစ်အောက်ဆိုဒ်အဖြစ်သို့ ပြောင်းလဲသွားပြီး သွေးလှည့်ပတ်မှုကို ပိုမိုကောင်းမွန်စေနိုင်တယ်လို့ JAMA Ophthalmology အဖွဲ့က သုတေသနပြု လေ့လာဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ နိုက်ထရစ်အောက်ဆိုဒ်က သွေးပုံမှန်လည်ပတ်အောင် ထိန်းကျောင်းပေးနိုင်ပါတယ်။

၁၉၈၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ၂၈ နှစ် တာကာလအတွင်း အမျိုးသမီး ၆၃၀၀၀ ကျော်နဲ့ အမျိုးသား ၄၁၀၀၀ အား သုတေသီများက စဉ်ဆက်မပြတ် လေ့လာမှုပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ စတင်လေ့လာစဉ်ကတော့ အစမ်းသပ်ခံများရဲ့ အသက်အရွယ်ဟာ ၄၀ နှစ်ဝန်းကျင်ရှိကြောင်း၊ စတင်ခါစမှာ မျက်စိများကို စစ်ဆေးရာမှ Open-angle-glaucoma ရောဂါကို တွေ့ရှိကြောင်း၊ အစိမ်းရောင်အရွက်များ (ကညွတ်၊ ဆလတ်ရွက်၊ ကိုက်လန်၊ ဒေါက်ခွ၊ မုန်ညှင်းစိမ်း)ကို မည်မျှမကြာခဏ စားသုံးသည်တို့ကို မေးမြန်းမှုများပြုလုပ်ကြပါတယ်။

ဒီမေးခွန်းများအရ မျက်စိစမ်းသပ်မှု အဖြေများကို အခြေခံပြီး သုတေသနပြုလုပ်သူများသည် စားသုံးတဲ့အစားအစာများအရ နိုက်ထရိတ်ဓာတ်မည်မျှ ရရှိကြသည်ကို တွက်ချက်ကြပါတယ်။ အစိမ်းရင့်ရောင်အရွက်များကို စားသုံးသူများသည် အာဟာရအများဆုံးရရှိကြပြီး သူတို့ရဲ့ အစားအစာများမှာ နိုက်ထရိတ် ၅၇ ရာခိုင်နှုန်းပါရှိတယ်လို့ တွေ့ရှိခဲ့ကြပါတယ်။ သူတို့စားသုံးတဲ့ အရွက်အစိမ်းများမှ နိုက်ထရိတ်ရရှိမှုပေါ် မူတည်ပြီး နေ့စဉ်အများဆုံး နိုက်ထရိတ် ၂၄၀ မီလီဂရမ်နဲ့ အနိမ့်ဆုံး ၈၀ မီလီဂရမ်ထိ ရရှိမှုပေါ် မူတည်ပြီး အမျိုးသား၊ အမျိုးသမီးများကို အုပ်စုငါးခုစီ ဖွဲ့လိုက်ပါတယ်။

၂၀၁၂ ခုနှစ်မှာ Open-angle-glaucoma ရောဂါဖြစ်ပွားသူ ၁၄၈၃ ဦးဖြစ်သွားတာကို တွေ့ရှိရပြီး အစိမ်းရောင်အရွက်ထူများများစားသုံးပြီး နိုက်ထရိတ်ဓာတ် များများရရှိသူများဟာ Open-angle-glaucoma ရောဂါ ဖြစ်ပွားနိုင်ချေ နည်းတာကိုတွေ့နေရပါတယ်။

အစိမ်းရောင်ရင့်လေလေ အရွက်ထူလေလေ ဝေဆာလေလေ စားသုံးသူမှာ နိုက်ထရိတ်များစွာရရှိပြီး သွေးလှည့်ပတ်စီးဆင်းမှုကို မှန်ကန်စေတယ်၊ အားကစားလှုပ်ရှားမှုများ လုပ်နိုင်လေဘဲလို့ သုတေသီက ဖော်ထုတ်ပြောကြားခဲ့ပါတယ်။

**ရှင်ပါဂူ**

# အမေရိကတိုက်အတွင်း ဇီကာဗိုင်းရပ်စ်ပိုးကာကွယ်ရေးအတွက် ဒေါ်လာ လေးသန်း သုံးစွဲသွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ပြန်ကြေညာ

လက်တင်အမေရိကတိုက်မှစတင်ပျံ့နှံ့လာသည့် ဇီကာဗိုင်းရစ်ရောဂါပိုးအား တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ လေးသန်း သုံးစွဲသွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့သည် ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပျံ့နှံ့မှုများအား ကပ်ရောဂါအဖြစ် ကမ္ဘာတစ်ဝန်းလုံးရှိ ကျန်းမာရေးဌာနများသို့ ထုတ်ပြန်ကြေညာထားခဲ့ပြီး ကပ်ရောဂါအသွင်ဖြစ်ပွားလာသည့် အဆိုပါဇီကာဗိုင်းရပ်စ်ပိုးအား နှိမ်နင်းသွားရန် ဇန်နဝါရီ ၂၈ ရက်က အရေးပေါ်အစည်းအဝေးခေါ်ယူ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးမှ ကပ်ရောဂါတစ်ခုအဖြစ် ပေါ်ပေါက်လာသည့်ဇီကာဗိုင်းရပ်စ်ပိုးအား တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်းမှ လေးသန်းအထိ သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Sylvain Aldighieri က ထုတ်ဖော်ပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်ရောဂါပိုး စတင်ဖြစ်ပွားခဲ့သည့် အမေရိကတိုက်နှင့် လက်တင်အမေရိကတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးကို အခြေခံသည့် ကပ်ရောဂါကျရောက်မှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိကြောင်း၊ အဆိုပါဒေသများတွင် နှစ်စဉ် လူပေါင်း နှစ်သန်းကျော်မှာ သွေးလွန်တုပ်ကွေးရောဂါကို ခံစားခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်သည် ၁၉၄၇ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံတွင် မျောက်တစ်ကောင်မှအစပြုကာ လူတို့အားကူးစက်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်စုအတွင်း အာဖရိကနှင့်အာရှတိုက်တစ်ဝန်းသို့ ကူးစက်ခဲ့သည်။

အဆိုပါရောဂါပိုးသည် ၂၀၀၇ ခုနှစ်ကလည်းထပ်မံဖြစ်ပွားခဲ့သော်လည်း နိုင်ငံအနှံ့အပြားသို့ ကူးစက်မှုမရှိခဲ့ဟုဆိုသည်။

၂၀၁၅ ခုနှစ် မေလကတည်းက ဘရာဇီးနိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် အဆိုပါရောဂါပိုးသည် အေဒီးစ်ခြင်ကိုက်ခြင်းမှ ကူးစက်ခြင်းဖြစ်ကြောင်း၊ ယင်းခြင်ကိုက်ခံရသည့် ကလေးငယ်များသည် သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်ပွားနိုင်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များ ကိုက်ခံရပါက ဝမ်းဗိုက်အတွင်းရှိ သန္ဓေသားအား ထိခိုက်နိုင်ကြောင်း၊ သန္ဓေသား မွေးဖွားလာသည့်အချိန်တွင် ဦးခေါင်းသေးငယ်သည့် ကလေး မွေးဖွားခြင်း၊ ကလေးငယ်၏ ဦးနှောက်ပိုင်းဆိုင်ရာများ အလုပ်မလုပ်ဘဲ နာရီပိုင်းအတွင်း သေဆုံးသွားနိုင်ခြင်းတို့ဖြစ်ပွားနိုင်သည်ဟု ဆိုသည်။

အဆိုပါရောဂါပိုးသည် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများနှင့် ဆင်တူသော်လည်း မတူညီသည့်အချက်များရှိနေသဖြင့် ယင်းရောဂါလက္ခဏာများဖြင့် ဆေးရုံဆေးခန်းသို့ လူနာများ ရောက်ရှိလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အကြောင်းကြားရန်လိုကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်ထားသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ပေါင်း ၂၃ နိုင်ငံနှင့် အကြမ်းဖက်မှုများဖြစ်ပွားနေသည့် နိုင်ငံများတွင် အဆိုပါ ဇီကာဗိုင်းရပ်စ်ရောဂါပိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

**မယ်သီတာ**



## ဗီယက်နမ်နှစ်သစ်ကူးပွဲတော်တွင် မြန်မာနိုင်ငံမှ ခရီးသွားများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် Vietjet မှ လေယာဉ်အသစ်များဖြင့် တိုးချဲ့ပျံသန်းမည်

ကုန်ကျစရိတ်သက်သာပြီး အကောင်းဆုံး ဝန်ဆောင်မှုများပေးနေသည့် နိုင်ငံတကာလေကြောင်းလိုင်း တစ်ခုဖြစ်သော Vietjet သည် ဗီယက်နမ်နိုင်ငံ၏ တက်နှစ်သစ်ကူးပွဲတော်(Tet) အားလပ်ရက်များတွင် မြန်မာနိုင်ငံမှခရီးသွားများ ပျော်ရွှင်စွာ တွေ့ကြုံပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်အထိ ရန်ကုန်-ဟိုချီမင်း ခရီးစဉ်အပါအဝင် ခရီးစဉ်အကြိမ်ရေပေါင်း ၈၀၀ ကျော်ကို တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ အလုပ်ကိစ္စဖြင့်ဖြစ်စေ၊ လည်ပတ်ရန်အတွက်ဖြစ်စေ ဈေးနှုန်းချိုသာစွာဖြင့် သွားရောက်နိုင်အောင် အဆိုပါကာလအတွင်း လက်မှတ်ပေါင်း တစ်သိန်းခွဲကို Vietjet မှ စီစဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါခရီးစဉ် များအတွက် ခေတ်မီလေယာဉ်အမျိုးအစားသစ် နှစ်စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

ပထမလေယာဉ် Airbus A321 (ကုတ်ဒ်နံပါတ် VN-A667) သည် Vietjet နှင့် Airbus တို့အကြား လေယာဉ်အစင်း ၁၀၀ လွှဲပြောင်းရယူခြင်း သဘောတူညီချက်မှ ၁၂ စင်းမြောက်ဝယ်ယူသည့်လေယာဉ်ဖြစ်သည်။ အဆိုပါလေယာဉ်ကို ဆီစားသက်သာကာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနည်းပါးပြီး ပိုမိုသက်သောင့်သက်သာရှိသော သဘာဝပတ်ဝန်းကျင်ကို ကာကွယ်သည့် ဒီဇိုင်းပုံစံထုတ်လုပ်ထားကြောင်း သိရသည်။ ဒုတိယမြောက် လေယာဉ်ဖြစ်သည့် A321 (ကုတ်ဒ်နံပါတ် LZ-PMZ) မှာလည်း Airbus မှ Vietjetသို့ ငှားရမ်းထားသည့် လေယာဉ်ဖြစ်သည်။

"အခုအသစ်ရောက်လာတဲ့ ၃၂ အမျိုးအစား A320s နဲ့ A321 လေယာဉ်သစ်တွေနဲ့ ဗီယက်နမ်နှင့် အာရှ-ပစိဖိတ်ဒေသတွေကို ပိုမိုတိုးချဲ့ပျံသန်းသွားမှာပါ"ဟု Vietjet ၏ မန်နေဂျင်းဒါရိုက်တာ မစ္စတာ Luu Duc Khanh က ပြောသည်။

"Vietjet နဲ့ ခရီးသွားတဲ့ ခရီးသွားတွေအနေနဲ့ ကျွန်တော်တို့ ဝန်ဆောင်မှုပေးနေတဲ့ သက်သောင့်သက်သာရှိတဲ့ ထိုင်ခုံတွေ၊ သန့်ရှင်းလတ်ဆတ်ပြီး အရသာရှိလှတဲ့ အစားအသောက်တွေကို သုံးဆောင်ရင်း အံ့အားသင့်စရာ အထူးအစီအစဉ်တွေကိုလည်း တွေ့ကြုံခံစားနိုင်မှာပါ"ဟု ၎င်းက ဆက် လက်ပြောသည်။

တက် (Tet) အားလပ်ရက် အချိန်အခါ သို့မဟုတ် ဗီယက်နမ်နှစ်သစ်ကူးပွဲတော်သည် ဗီယက်နမ်နိုင်ငံ၏ ပွဲတော်အခါသမယများအနက် အထူးခြားဆုံးနှင့် အရေးပါဆုံးပွဲတော်တစ်ခုဖြစ်သည့်အတွက် မြန်မာခရီးသွားများအတွက် ဗီယက်နမ်နိုင်ငံနှင့် ဗီယက်နမ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် အခမ်းအနားများကို ဟိုချီမင်းမြို့တော်အပါအဝင် အခြားဒေသများတွင်ပါ ပျော်ရွှင်စွာလည်ပတ်လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါပွဲတော်ကာလအတွင်း နှစ်သစ်ကို ကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲများနှင့် လှုပ်ရှားမှုများကို ဗီယက်နမ်တစ်နိုင်ငံလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာခရီးသွားများသည် တက် (Tet) ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် Vietjet ၏ ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို စီးနင်းပြီး ထိုမှတစ်ဆင့် ဗီယက်နမ်နိုင်ငံရှိ နေရာပေါင်း ၃၀ကျော်သို့ အလွယ်တကူ ဆက်လက်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Vietjet သည် ရန်ကုန်-ဟိုချီမင်း ခရီးစဉ်ကို တစ်ပတ်လျှင် ငါးကြိမ် တနလ်ာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၇၇) လမ်း | ၆၅၀ စ/ပေ | ဟော (၇) လွှာ | ၄၃၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃.၅×၄၅) ပေ | (၃) လွှာ၊ | ၇၀၀ သိန်း | လမ်းမတန်း | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | အိမ်/မြေ | ဒေါပုံမြို့နယ်၊မင်းနန္ဒာလမ်း၊ဗိုလ်ထွန်းဇံရပ်ကွက် | ၁၂၅၀ စ/ပေ | RC (၂) ထပ် | ၅၀၀ သိန်း | မြေဂရန် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅×၄၅) ပေ | RC (၁) ထပ် | ၃၅၀၀ သိန်း | ဂရန်ပေါက် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၂၄၅၀ သိန်း | မြေပိုပါ | ၀၁-၅၆၃၀၇၀ |
| ၆။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂×၇၀) ပေ | (ပ) ထပ် ပြင်ဆင်ပြီး | ၁၄ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေသီးသန့် | ပြင်ဦးလွင်၊ ဆင်ခေါင်းလေးရွာ | (၄၀×၆၀) ပေ | မြေသီးသန့် | ၁၄၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေသီးသန့် | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၆၀×၈၀) ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ဂရန်မြေ | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ (၈၀×၈၀) ပေ<br>အိမ် (၄၀×၃၀) ပေ | RC (၂) ထပ်<br>MB (၃) | ၃၅ သိန်း | တစ်လအငှားနှုန်း<br>ဆိတ်ငြိမ်ရပ်ကွက် | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်(လ်)တာ (၂၀၁၀) | 9G | ၁၂၅ သိန်း | 1.3 စီစီဓာတ်ဆီ |
| ၂။ | ပါဂျဲရိုး (97) | ၆ဂ | ၁၇၀ သိန်း | ဒီဇယ် |
| ၃။ | ပါဆို (၂၀၁၀) | 5I | ၉၅ သိန်း | 1.3 ဓာတ်ဆီ၊ ကားကောင်း |
| ၄။ | ဟွန်ဒါအင်ဆိုက် (၂၀၁၁) | 9I | ၁၃၃ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဟိုက်ဂျက် (ဒိုင်ဟတ်စု) | 9I | ၇၃ သိန်း | 660 စီစီဓာတ်ဆီ |
| ၆။ | ကိုရိုလာဗင် (98) | 5G | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ကာလ်ဒီးနား/စက်ရုပ် (၂၀၀၃) | ယာယီ | ၁၉၅ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | နီဆန်း/နုတ် (၂၀၁၃) | ယာယီ | ၁၄၅ သိန်း | 1.2 ဓာတ်ဆီ/ကီးလိုနဲ |
| ၉။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၃၈ သိန်း | 1.3 ဓာတ်ဆီ/ကီးလိုနဲ |

## Ads.com.mm မှ အခမဲ့ကြော်ငြာတင်ခြင်းကို Door to Door စနစ်ဖြင့် စတင်

မြန်မာနိုင်ငံ၏ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Ads. com.mm သည် ဝက်ဘ်ဆိုက် အသုံးပြုသူများ ပိုမိုလွယ်ကူစေရန်အတွက် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ Door to Door စနစ်ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ Door to Door စနစ်သည် အွန်လိုင်းပေါ်တွင် လုပ်ဆောင်နေကြအရာများဖြစ်သည့် Viber, Facebook စသည်တို့ကဲ့သို့ အလွယ်တကူ လုပ်ဆောင်နိုင်ရန်ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝက်ဘ်ဆိုက်ကို အသုံးပြုသူတွေနဲ့ ပိုမိုရင်းနှီးအောင် အခုအစီအစဉ်ကို စတင်လုပ်ဆောင်လိုက်တာပါ။ အသုံးဝင်ပေမယ့် ကိုယ့်အိမ်မှာ အသုံးမလိုတဲ့ပစ္စည်းတွေကို အွန်လိုင်းမှာ ကြော်ငြာဝန်ဆောင်ခ ပေးစရာမလိုဘဲ ရောင်းချလို့ရတဲ့အကြောင်းကို တစ်အိမ်တက်ဆင်း ပညာပေးအနေနဲ့ လုပ် ဆောင်နေပါပြီ။ မြန်မာနိုင်ငံအတွင်းမှာ ဒီလိုမျိုးနည်းပညာအနေနဲ့ရော၊ ဝန်ဆောင်မှုတွေအနေနဲ့ စိမ်းနေပေမယ့် လေ့လာသင့်တဲ့အရာလို့ မြင်ပါတယ်။ ကိုယ့်အိမ်မှာနေရာယူနေတဲ့ အသုံးမပြုတော့တဲ့ပစ္စည်းတွေကို အခုလို အွန်လိုင်းပေါ်ကနေ ရောင်းချလိုက်တဲ့အတွက် တစ်ဘက်တစ်လမ်းက ဝင်ငွေရရှိစေနိုင်ပါတယ်။ ပြောင်းလဲနေတဲ့ကာလအတွင်းမှာ လူနေမှုအဆင့်အတန်းကို တိုးမြှင့်စေဖို့အတွက် ဒီလိုမျိုးတွေ ပါဝင်လုပ်ဆောင်ပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့ရဲ့အစီအစဉ်ကို စိတ်ဝင်စားတယ်ဆိုရင် နံနက် ၉ နာရီ ကနေ ညနေ ၆နာရီအတွင်း မေးမြန်းနိုင်ပါတယ်"ဟု Ads.com.mm ၏ Country Director ဖြစ်သူ မစ္စတာနီကိုပိုးမားက ပြောကြားခဲ့သည်။

Ads.com.mm သည် မြန်မာနိုင်ငံ၏ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး နေ့စဉ်ကြည့်ရှုသူပေါင်း ရှစ်ထောင်ခန့်ရှိကြောင်း၊ရက်သတ္တတစ်ပတ်အတွင်း ကြော်ငြာအသစ်ပေါင်း ၁၀၀၀ နီးပါးခန့်ကို တွေ့မြင်နိုင်ကြောင်း၊ ယင်းဝက်ဘ်ဆိုက်အတွင်း ကဏ္ဍပေါင်းကိုးခုရှိပြီး မိမိလိုချင်သည့်ပစ္စည်းအမျိုးအစားများကို အလွယ်တကူရှာဖွေနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ဈေးနှုန်းချိုသာခြင်းနှင့် ရွေးချယ်စရာ များပြားခြင်းကြောင့် မြန်မာနိုင်ငံတွင် တစ်ပတ်ရစ်ကားများ အရောင်းအဝယ်သွက်နေ

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကားအသစ်များထက် တစ်ပတ်ရစ်ကားများမှာ ပိုမိုလူကြိုက်များအရောင်း သွက်လျက်ရှိကြောင်း Motor. com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ Motors.com.mm ၏ လေ့လာမှုအရ ပြည်တွင်းတွင် ရောင်းချနေသောကားများ၏ ၉၂ ရာခိုင်နှုန်းမှာ တစ်ပတ်ရစ်ကားများဖြစ်ပြီး မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) ၏အဆိုအရလည်း ပြည်တွင်းသို့ မော်တော်ယာဉ်တင်သွင်းမှု၏ ၉၉ ရာခိုင်နှုန်းမှာ တစ်ပတ်ရစ်ကားများဖြစ်ကြောင်း လေ့လာတွေ့ရှိရ သည်။

Motors.com.mm ၏မိခင်ကုမ္ပဏီဖြစ်သည့် နိုင်ငံတကာအွန်လိုင်း ကားအရောင်းအဝယ်ဈေးကွက် Carmudi ၏ ဖွံ့ဖြိုးဆဲကားဈေးကွက်များအပေါ် လေ့လာမှုအရ ၆၅ ရာခိုင်နှုန်းသောကားရှာဖွေသူများသည် လာမည့်တစ်နှစ်အတွင်း ကားအသစ်ဖြစ်စေ၊ တစ်ပတ်ရစ်ကားဖြစ်စေဝယ်ယူရန် အစီအစဉ်ရှိပြီး အာရှနိုင်ငံများတွင်မူ ကားဝယ်ယူလိုအား ၇၂ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရသည်ဟုဆိုသည်။ တစ်ပတ်ရစ်ကားများ ဝယ်လိုအားမြင့်တက်နေခြင်း၏ နောက်ကွယ်မှ အကြောင်းအရာကို လေ့လာမှုများပြုလုပ်ရန်အတွက် နိုင်ငံတကာအွန်လိုင်း ကားဈေးကွက် Carmudi ၏ ကမ္ဘာ့နိုင်ငံအသီးသီးရှိဈေးကွက်များမှ ရွေးချယ်ထားသော ကားရှာဖွေသူ/ဝယ်ယူသူများအား စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါစစ်တမ်းတွင် တစ်ပတ်ရစ်ကားကို ရွေးချယ်မှုများရခြင်း၏ အကြောင်းအရင်းများ၊ ရောင်းချသည့်ဈေးအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်အပေါ် ထည့်သွင်းစဉ်းစားမှုများ စသည်ဖြင့်ပါဝင်သည်။

**မယ်သီတာ**

# ပခုက္ကူမြို့နယ်သို့ အစားအစာ လုံခြုံစိတ်ချရမှုရှိရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများဆိုင်ရာ (SPS) စီမံကိန်းအတွက် ကွင်းဆင်းဆောင်ရွက်

ပခုက္ကူမြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူးရုံးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရန် အစားအစာလုံခြုံစိတ်ချမှုရရှိရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများဆိုင်ရာ SPS စီမံကိန်းအတွက် ITC မှ ရောက်ရှိလာကာ သွားရောက် ကွင်းဆင်းဆောင်ရွက်မည့် ခရီးစဉ်အား ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းဆောင်ရွက်မည့် ခရီးစဉ်တွင် ခရိုင်ဦးစီးမှူး ဦးသန်းဦး နှင့်အတူ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဦးတို့မှ ဦးဆောင်လိုက်ပါ၍ ပခုက္ကူ မြို့နယ်ရှိ မြောက်လူးကန်ကျေးရွာ၊ ဆယ်ရွာ၊ ကန်တော်ကျေးရွာနှင့် မြို့ပေါ်ရှိ ကုန်စည်ဒိုင်၊ မြို့ပေါ်ရှိ ကြိတ်ခွဲနေသော ဆီစက်များအား လေ့လာခြင်းနှင့် မြို့နယ်စိုက်ပျိုးရေးရုံး များသို့ ဝင်ရောက်ပြီး ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန (ITC) မှ National Project မန်နေဂျာ ဒေါက်တာသစ်သစ်လွင်နှင့် ဒေါက်တာ အေးအေးခိုင်တို့က SPS စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားရာတွင် ဤစီမံကိန်းသည် အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင် အထည်ဖော်ရေး၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေး အတွက် စီမံကိန်း၏ ရည်မှန်း ချက်မှာ ဆီထွက်သီးနှံတန်ဖိုးကွင်းဆက်တွင် စိုက်ပျိုးသူ၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများ၊ ပို့ကုန်တင်ပို့သူ (Exporter) များအတွက် အန္တရာယ်ကင်းရှင်း စိတ်ချရမှုနှင့် ဈေးကွက်တွင် SPS ဆိုင်ရာ တိုင်းထွာချက်များအတိုင်း ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေများ တိုးတက် လာစေရန်ဖြစ်ကြောင်း၊ သို့မှသာ တန်ဖိုးကွင်း ဆက်တစ်လျှောက်တွင် သီးနှံ စိုက်ပျိုးသူများနှင့် လုပ်ငန်းလုပ်ကိုင်သူတို့၏ ဝင်ငွေများ တိုးတက်လာမည်ဖြစ် ကြောင်း နယ်ပယ်အသီးသီးမှ SPS လုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် ရင်းနှီးပေါင်းစည်းကာ ကောင်းသော အလေ့အကျင့်များနှင့် စနစ်များ ဆောင်ရွက်နိုင်ရန် ထောက်ကူပေးခြင်း၊ စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းစေရန် အဆင့်မြှင့်တင်ပေးခြင်း၊ ဆီထွက်သီးနှံ မျိုးစေ့များအား ပြည်တွင်းပို့ကုန်တင်ပို့မှုနှင့် ခရီးသွားဈေးကွက် များအတွက် ထောက်ပံ့ပေးခြင်းတို့ တိုးပွားလာစေရန်ဖြစ်ကြောင်း၊ စိုက်ပျိုးသူ များ၊ တောင်သူများကိုလည်း ဆီထွက်သီးနှံများ၊ ထုတ်ကုန်ပစ္စည်းများအား၊ စံချိန်စံညွှန်းပြည့်မီသော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး များကိုသာ သုံးစွဲသင့်ကြောင်း၊ သုံးစွဲရာတွင်လည်း အလွန်အကျွံ မသုံးမိစေရန် နှင့် မြေပဲ၊ နှမ်းများအား သိုလှောင်ရာတွင်လည်း ပိုးသတ်ဆေးများ၊ မသုံးသင့် ကြောင်း၊ သို့မှသာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ကုန်သွယ်မှုဖွံ့ဖြိုးတိုး တက်လာစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်း ပြောကြားကာ နယ်ပယ်ကျေးရွာအသီးသီးမှ စိုက်ပျိုးသူ၊ တောင်သူများ၊ ကုန် ထုတ်လုပ်ငန်းဆောင်ရွက်သူများ၊ တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

**ပပရွှေ-ပခုက္ကူ**

# Training on Market Analysis Tools ဒုတိယပိုင်းသင်တန်း ဆက်လက်ဖွင့်လှစ်

Training on Market Analysis Tools သင်တန်းရဲ့ ဒုတိယပိုင်းကို ဇန်နဝါရီလ ၂၅ ရက်မှ ၂၉ ရက်ထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရှိ အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။

သင်တန်းပထမပိုင်းဖြစ်တဲ့ Identifying and Understanding Export Market ကို အောက်တိုဘာလ ၁၂ ရက်မှ ၁၆ ရက်နေ့ထိ ပို့ချခဲ့တာဖြစ်ပါတယ်။ သင်တန်းပထမပိုင်းမှာ The Harmonized System, International Trade Statistics & Market Access Information များကို Powerpoint Presentation များ၊ အင်တာနက်များကို အသုံးပြုပြီး သင်ကြားခြင်း၊ စာတွေ့ လက်တွေ့ ပို့ချခြင်းများပြုလုပ်ခဲ့ပြီး ဥရောပသမဂ္ဂ နိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲပင်ပေါက် ဖောက်ရန်တင်ပို့တဲ့ ပဲတီစိမ်း၊ ပျားရည်၊ လက်ဖက်ခြောက်တို့နဲ့ စပ်လျဉ်းပြီး စာတမ်းများပြုစုစေခဲ့ပါတယ်။ ထိုကဲ့သို့ စာတမ်းများ ပြုစုစေရာမှ အွန်လိုင်းမှ တစ်ဆင့် GIZ မှ ကျွမ်းကျင်ပညာရှင်များ ထံသို့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလများတွင် အုပ်စုအလိုက် ပြုစုထားသော စာတမ်း အကြမ်းများကို ပေးပို့တင်ပြခဲ့ပြီး စာတမ်း အကြမ်းပေါ် ပြင်ဆင်မှုများ၊ လိုအပ် ချက်များကို ဖြည့်စွက်မှုများကို ပြုလုပ်ပေးခဲ့ပါတယ်။ ယခုအခါ ပို့ကုန်အုပ်စု အလိုက် ပြုစုထားသော အဆိုပါစာတမ်း များ အချောသတ် ပြင်ဆင်မှုများကို GIZ မှ ကျွမ်းကျင်မှုများနဲ့ မျက်နှာချင်း ဆိုင် တွေ့ဆုံဆွေးနွေးပြီး အချောသတ် ပြုစုခြင်းနဲ့ စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

ထို့အပြင် GIZ မှ ကျွမ်းကျင်သူများက စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန Myanmar Trade Centre မှ ဝန်ထမ်းများအား ပို့ကုန်လုပ်ငန်းလုပ် ဆောင်မယ့် သူတစ်ဦးဦးအနေနဲ့ သူတင်ပို့လိုတဲ့ မြန်မာ့ပို့ကုန်နဲ့စပ်လျဉ်း ပြီး ဈေးကွက်အခြေအနေများ လာရောက် စုံစမ်းတဲ့ အခါမှာ ကမ္ဘာ့ဈေးကွက် အခြေအနေ၊ တင်ပို့လေ့ရှိသော နိုင်ငံ များ၊ ဈေးကွက်ဝေစုရရှိမှု၊ နှစ်စဉ် တင်ပို့ နိုင်မှုအခြေအနေ၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်ဘက်နိုင်ငံများ၊ ပို့ကုန်တင်ပို့ရာ မှလိုအပ်သော အခွန်ပေး ဆောင်ရမည့် ကိစ္စများ၊ အခွန်သက်သာခွင့် ရရှိနိုင်မှု အခြေအနေ၊ ပူးတွဲတင်ပြရမည့် စာရွက် စာတမ်းများ၊ ကုန်သွယ်မှုဆိုင်ရာ သဘော တူညီချက်နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်း များ၊ ဈေးကွက်အချက်အလက် အရေး ကြီးပုံများကို စုံစမ်းသူအား အသေးစိတ် ရှင်းလင်းပြောပြနိုင်ရေး သက်ဆိုင်ရာ ဈေးကွက်သုတေသနပြုလုပ်ထားသော ကိန်းဂဏန်း အချက်အလက်များ၊ ကြည့်ရှုလေ့လာနိုင်မယ့် Market Analysis Tools များနဲ့စပ်လျဉ်းပြီး အသေးစိတ် ပို့ချမှုလည်းပြုလုပ်ပေးခဲ့ တယ်လို့သတင်းရရှိပါတယ်။

**MIRT**

# WTO Negotiations and Empirical Issues သင်တန်းဖွင့်လှစ်သွားမည်

Centre for WTO Studies

विश्व व्यापार संगठन अध्ययन केन्द्र

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် Centre for WTO Studies, India တို့ပူးပေါင်း၍ Training on WTO Negotiations and Empirical Issues သင်တန်းကို ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီးကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ ကုန်သွယ်မှုသင်တန်းကျောင်းမှာ ဖွင့်လှစ်သွားမယ်လို့ သတင်းရရှိပါတယ်။

သင်တန်းတွင် Introduction to Doha Round of WTO Negotiations, Key Issues for LDCs in WTO Agriculture and NAMA Negotiations & Issues for Research by Myanmar, Negotiation Strategies and Simulation Exercise on Trade Negotiation စတဲ့ ဘာသာရပ်များကို ပို့ချပေးသွားမယ်လို့ သတင်းရရှိပါတယ်။

သင်တန်းသို့သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးရေလုပ်ငန်းနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ သင်တန်းသား ၄၀ ဦးတက်ရောက်သွားမယ်လို့သတင်းရရှိပါတယ်။

**MIRT**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁-၂-၂၀၁၆ မှ ၇-၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အဟန့်အတားနှင့် ကြုံဆုံရသောပဋိပက္ခများကိုဖြေရှင်းနိုင်မည်။ သယံဇာတပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အားကောင်းလာတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်သော တိုးတက်မှုရရှိလိမ့်မည်။ ခရီးသွားရင်း ချစ်သူတွေ့မည်။ စိတ်ကူးယဉ်နေခြင်းကို အကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ကျန်းမာရေး အနည်းငယ်ညံ့တတ်ပါသည်။ စိုးရိမ်စရာမရှိပါ။ ဘာသာရေးလုပ်ငန်းများတွင် အောင်မြင်ကျော်ဇောမှုရှိလိမ့်မည်။ **ယတြာ။ ။ဘုန်းကြီးကျောင်းဝင်းအတွင်း အမှိုက်များလှဲကျင်းပါ။**



**တနင်္လာသားသမီးများအတွက်** ထူးခြားသော တိုးတက်မှုအသစ်ရှင်သန်ခြင်းရှိလာမည်။ လုပ်ငန်းခွင်တွင် တစ်ပါးသူတို့၏ မရိုးမသားလုပ်ခြင်းသည် မိမိထံသို့ ဆက်နွယ်၍ပြဿနာဖြစ်တတ်သည်။ အမှုပြဿနာဖြစ်နေသော သူတို့ကို လိုက်လံ၍အကူအညီပေးရတတ်သည်။ စုပေါင်းလုပ်ငန်းများ အကျိုးပေးမည်။ လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်းများအကျိုးပေးမည်။ ဘာသာခြားပညာလေ့လာခွင့်ရရှိလိမ့်မည်။ စန်းပွင့်နေသည့်ကာလဖြစ်၍မေတ္တာလုံးစုံကံကောင်းနေမည့်ကာလဖြစ်နေတတ်ပါသည်။ ကျန်းမာရေးသင့်တင့်နေမည်။ **ယတြာ။ ။ရေကြည်ရေသန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ပုံစပြောင်းခြင်း၊ အသစ်တီထွင်ခြင်းတို့တွင် တက်လမ်းသစ်များ ပေါ်ပေါက်ခြင်းကြုံမည်။ အပြောင်းအလဲနှင့်တိုးတက်မည်။ ငွေကုန်စိတ်ပန်းမှုတော့ ရှိလိမ့်မည်။ လျှို့ဝှက်၍ မရလုပ်ကိုင်သမျှ ထင်ရှားကျော်ဇောနေမည်။ အချစ်ရေးတွင် စစ်မှန်သောမေတ္တာကို ရရှိလိမ့်မည်။ ကျန်းမာရေးတွင် ခရီးသွားရင်းထိခိုက်ဒဏ်ရာရရှိတတ်သည်။ ၎င်းဒဏ်ရာမှဝေဒနာကြာရှည်တတ်သောသဘော ရှိလာနိုင်ပါသည်။
**ယတြာ။ ။ဘုရားကျောင်းအဝင်တွင် ခြေသုတ်ခုံလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလောတကြီး လုပ်ကိုင်မှုကိုရှောင်ကျဉ်ပါ။ လုပ်ကိုင်နေဆဲ လုပ်ငန်းများ ရပ်တန့်သွားတတ်သည်ကို သတိရှိသင့်ပါသည်။ စိတ်ဆန္ဒစွဲ၍လုပ်သောလုပ်ငန်းများအလွဲလွဲအချော် ချော်ရှိတတ်သည်။ မည်သည့်ကိစ္စတွင်မဆို မိမိနိုင်မလိုလိုနှင့် အရှုံးဖြစ်ရတတ်သည်။ ပညာရေးတိုးတက်မှုရှိမည်။ ချစ်ရသူ၏ မေတ္တာမှန်ကိုရရန်အလွန်ခဲယဉ်းနေတတ် သည်။ အိုးအိမ်နေရာထိုင်ခင်းအတွက်စီစဉ်မှုများ အောင်မြင်မည်။ ကျန်းမာရေးလေရောဂါဖိစီးမှုရှိတတ်ပါသည်။ **ယတြာ။ ။စံပယ်ပန်းပွင့် သက်စေ့ဘုရားလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ယှဉ်ပြိုင်လုပ်ကိုင်သော အလုပ်ကိစ္စများအောင်မြင်မည်။ ခက်ခဲသောအကြောင်းအရာမှန်သမျှကျော်လွှားနိုင်မည်။ လုပ်ရိုးလုပ်စဉ်ကိစ္စများနှင့် မပတ်သက်သောအကြောင်းအရာကို ဆောင်ရွက်ရလိမ့်မည်။ အယူအဆအတွေးအခေါ် များဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ ဉာဏ်ပညာနှင့်ပတ်သက်၍ကံကောင်းမည်။ အချစ်ရေးတွင် ချစ်သူ၏ တောင်းဆိုချက်ကိုလက်ခံရလိမ့်မည်။ ကျန်းမာရေးတွင် အပူကြီးသောအဖျားဝေဒနာခံစားရမှုရှိတတ်ပါသည်။
**ယတြာ။ ။အိမ်တွင်းပစ္စည်းဟောင်းများ စွန့်ပစ်လိုက်ပါ။**



**သောကြာသားသမီးများအတွက်** ရည်ရွယ်ချက်အသစ်များဆောင်ရွက်အောင်မြင်မည်။ ပဋိပက္ခများနှင့် ထိပ်တိုက်တွေ့ရတတ်သော်လည်း စိတ်ကူးကောင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းအောင်မြင်မည်။ ပညာရေးထက်မြက်မှုအားနည်းနေတတ်သည်။ အချစ်ရေးတွင် စစ်မှန်မှုမရှိသောလှည့်စားမှုကိုခံရတတ်သည်။ ကျန်းမာရေးတွင် အသည်းဝေဒနာကြောင့် စိတ်ပင်ပန်းမှုခံရပြီး ဦးနှောင့်အာရုံကြော အားနည်းသောဝေဒနာခံစားရတတ်ပါသည်။ ဘာသာရေးနှင့် ဖြေဖြောင့်ပါ။
**ယတြာ။ ။ဘုရားစေတီပုထိုးတို့တွင် ဘက်စုံပြုပြင်မှုလှူပါ။**



**စနေသားသမီးများအတွက်** အကြီးအကဲများထဲမှကောင်းသော အထောက်အထား အကူအညီရရှိမည်။ လုပ်ငန်းအဆင့်တိုးမည်။ ဝင်ငွေတိုးမည်။ အများကိစ္စအဖွဲ့အစည်းကိစ္စ ပါဝင်ပတ်သက်ရလိမ့်မည်။ ရသင့်လျက်ကြန့်ကြာသောအခွင့်အလမ်းများရှိနေမည်။ ပညာအတတ်နှင့်ပတ်သက်သော ကံအထူးကောင်းမည်။ ကိုယ်ပိုင်အတွေးအခေါ် ကို အသုံးချ၍တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အချစ်ရေး၊ ကျန်းမာရေးသင့်တင့်နေမည်။
**ယတြာ။ ။နာနတ်သီးကို ဘုရားကပ်လှူပါ။**

## ဖရဲစိုက်မြေငှားခထက် တွက်ခြေကိုက်လို့ မုံရွာငုံနီစိုက်တောင်သူတွေပြုံးပျော်

မုံရွာမြို့နယ်ရဲ့ အရှေ့မြောက်ဘက် သာစည်လမ်း ဝဲ၊ ယာမှာရှိတဲ့ သာစည်၊ အင်တိုင်း၊ ကျောင်းကုန်း၊ ကိုးပင်၊ ဒါန်းပင်တဲ၊ တဲကြီးကုန်း၊ ကံပြား၊ ခိုးသန်း စတဲ့ ကျေးရွာပိုင် ယာမြေတွေဟာ မုံရွာမြို့ရဲ့ ပဲဈေးကွက်အတွက် အဓိက အားကိုးရာဖြစ်ပေမယ့် လွန်ခဲ့တဲ့ ငါးနှစ်ဝန်းကျင်ကတည်းက ရာသီဥတုမမှန်၊ သီးနှံအထွက်မကောင်း၊ ဈေးမရ စတဲ့ အခက်အခဲတွေကြောင့် ဒေသခံတောင်သူအများစုမှာ ကိုယ်တိုင်မစိုက်ပျိုးကြတော့ဘဲ ဖရဲကုမ္ပဏီတွေထံ တစ်ဧက ၁ ဒသမ ၅ သိန်းနှုန်းနဲ့ စတင်ငှားရမ်းခဲ့ကြရာ ပြီးခဲ့တဲ့ ပဲစိုက်ရာသီမှာ တစ်ဧက ၂ ဒသမ ၅ သိန်းအထိ မြင့်မားရရှိခဲ့ကြတယ်လို့ သိရပါတယ်။

ဒါပေမဲ့ တောင်သူအချို့ကတော့ ရိုးရာမပျက်၊ နွားစာမခက်ရအောင် ရာသီပဲတွေ စိုက်မြဲစိုက်ခဲ့ကြရာ ပြီးခဲ့တဲ့နှစ် မိုးဦးရာသီက စိုက်ခဲ့ကြတဲ့ ပဲစင်းငုံတွေ ယခုအခါ ရင့်မှည့်ခူးဆွတ်ပြီး မုံရွာကုန်စည်ဒိုင်ကို တင်ပို့ရောင်းချတဲ့အခါ အနိမ့်ဆုံး တစ်တင်း ၄၇၈၀၀ ကျပ်ရရှိပြီး အမြင့်ဆုံး တစ်တင်း ၅၀၉၀၀ ကျပ်ရခဲ့လို့ တစ်ဧက အနည်းဆုံး ခုနစ်တင်းထွက်တဲ့ တောင်သူဟာ ကျပ် ၃ ဒသမ ၅ သိန်းဝန်းကျင်ရခဲ့သလို ၁၂ တင်း ထွက်တဲ့တောင်သူတွေက ကျပ်ခြောက်သိန်းရခဲ့ကြတဲ့အတွက် ဖရဲစိုက်မြေငှားခထက် ပိုမိုရရှိပြီး ပဲစင်းငုံကနေ တောင်သူတစ်သက် ဒီလောက်ထိ ဝင်ငွေမရခဲ့ဘူးကြလို့ ပျော်မြူးရွှင်ပြုံးလျက် လူမှုစီးပွားဘဝ တိုးတက်လာလျက်ရှိတာ တွေ့မြင်ရပါကြောင်း. . .။

**ထွန်းလှိုင်- မုံရွာ**

## မံဖာကျေးရွာမှ OVOP တောင်းလုပ်ငန်း

အင်းတော်မြို့နဲ့ ရှစ်မိုင်ဝေးတဲ့ ဆိပ်သာအုပ်စု မဲဇာမြစ်တစ်ဖက်ကမ်း မံဖာကျေးရွာမှာ အိမ်ခြေ ၂၀၀ ခန့်နဲ့ လူဦးရေ သုံးရာကျော်ရှိပြီး မိရိုးဖလာ လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြပေမယ့် အပိုဝင်ငွေရအောင် နှီးတောင်း ရက်လုပ်ခြင်းကို တစ်ရွာလုံး မိသားစုတိုင်း လုပ်ကြပါတယ်။ တစ်ရွာလုံး တစ်ရက် ပျမ်းမျှ နပမ်းတောင်း လေးရာလုံး၊ တစ်လုံး ၁၂၅၀ ကျပ်ဈေးနဲ့ ငါးသိန်းကျော်နေ့စဉ် ဒီရွာမှာဝင်ငွေရှိနေပါတယ်။ ကချင်ပြည်နယ်၊ မိုးကောင်း၊ မိုးညှင်းဘက်က တောင်း ဝယ်သူတွေ အိမ်အရောက် နေ့စဉ်လာဝယ်နေလို့ အိမ်တိုင်း တစ်ရက် ၄၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ ပုံမှန်ဝင်ငွေရှိနေပါတယ်လို့ ရာအိမ်မှူး ဦးခင်မောင်သိန်းထံက သိရပါတယ်။

“ကျွန်မခင်ပွန်းက တောင်းလုပ်တဲ့ သင်ဝါးနု တစ်ပတ်စာ တောတက်ခုတ်ပေးထားပါတယ်။ဝါးမဝယ်ရပါဘူး၊ မိသားစုကိုးဦးရှိပြီး ယာခင်းနားချိန်မှာ တောင်းရက်ကြပါတယ်။ တစ်ရက် လေးလုံးပုံမှန်ပြီးတယ်။ တောင်းဝယ်သူများ အိမ်အရောက် လာဝယ်တယ်၊ တစ်လုံး ၁၂၅၀ ကျပ်ပေးလို့ ၅၀၀၀ ကျပ်နေ့စဉ်ဝင်ငွေရှိပါတယ်။ တစ်ရွာလုံး တောင်းလုပ်ကြတော့ တစ်စုတစ်စည်းထဲ ကုန်ပစ္စည်းရလို့ တောင်းကုန်သည်များ မံဖာကျေးရွာမှာ ပုံမှန်ဝယ်နေတယ်၊ ရွာအနောက် ရိုးမတောကြီးမပြုန်းသမျှ ကျွန်မတို့ရွာ ဝင်ငွေရှိနေမှာပါလို့” တောင်းရက်လုပ်တဲ့ မံဖာကျေးရွာမှ ဒေါ်နှင်းဖြူကပြောပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP ) ဖြစ်ဖို့အတွက် နိုင်ငံတော်က ရှိပြီးထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ အသင်းဖွဲ့ ဖွဲ့စည်းစေခြင်း၊ မတည်ရင်းနှီးငွေ ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး- အင်းတော်**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အရိုးဒါး အ•ထ•က တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အရိုးဒါး အ. ထ. က တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့လယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နှင့် တာဝန်ရှိဝန်ထမ်းများ၊ ငပုတောမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၄၀ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။



အဆိုပါဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဦးမြင့်အောင်က စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများကို အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယတိုင်းဦးစီးမှူးဦးစောမိုက်ကယ်က တာရှည်ခံစေရန် ဓာတုဆေးဝါးဖြင့် ပြုပြင်ထုတ်လုပ်ထားသော အစားအစာများ၊ လူထုအား ဆွဲဆောင်မှု အားကောင်းစေရန် အန္တရာယ်ဖြစ်စေနိုင်သော အရောင်ဆိုးဆေးများဖြင့် ပြုလုပ်ထားသော အစားအစာများ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ အရေးယူပိုင်ခွင့်များကို ဆိုးဆေးပါ အစားအသောက်ပုံများနှင့် တကွ ပရိုဂျက်တာနှင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ငပုတောမြို့နယ်၊ အရိုးဒါး အ. ထ. က ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ယခုလို စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာဟောပြောပွဲကို ကျင်းပပြုလုပ်ပေးတဲ့အတွက် ကျန်းမာရေးဗဟုသုတများ ရရှိပြီး အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စားသုံးရန်မသင့်သော အစားအစာများကို ရှောင်ကြဉ်စားသောက်ပြီး ကျန်းမာပျော်ရွှင်သေ ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြင့်အောင် - ပုသိမ်**



# မြို့ကြီးများ၏ ၁-၂-၂၀၁၆ မှ ၅-၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁-၂-၂၀၁၆) | အင်္ဂါ(၂-၂-၂၀၁၆) | ဗုဒ္ဓဟူး(၃-၂-၂၀၁၆) | ကြာသပတေး(၄-၂-၂၀၁၆) | သောကြာ(၅-၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| တောင်ကြီး | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| တောင်ငူ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| မုံရွာ | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ပုသိမ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F |
| မကွေး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| ဖလမ်း | နေသာ ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | နေသာ ၂၁°C/၇၀°F |

## အအေးလှိုင်းဖြတ်သန်းမှုကြောင့် တရုတ်(တိုင်ပေ)တွင် အမေရိကန်ဒေါ်လာ ၇၁ သန်းကျော်ဖိုး ဆုံးရှုံး

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အာရှနှင့် အရှေ့တောင်အာရှတို့တွင် အအေးလှိုင်းများ ဖြတ်သန်းတိုက်ခတ်ခဲ့သဖြင့် လူသေဆုံးမှုများ၊ သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း တရုတ်(တိုင်ပေ) သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့ သည်။

တရုတ်(တိုင်ပေ)တစ်နိုင်ငံတည်းတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၆၄ သန်း ဆုံးရှုံးခဲ့ရကြောင်း တရုတ်(တိုင်ပေ) လယ်ယာစိုက်ပျိုးရေးကောင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

အအေးလှိုင်း ဖြတ်သန်းကျရောက်မှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိုင်ဝမ်ဒေါ်လာ ၁ ဒသမ ၇ သန်းခန့် ပျက်စီးဆုံးရှုံးမည်ဟု မူလက ခန့်မှန်းထားခဲ့သော်လည်း ယခုအခါတွင်မူ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ထိုင်ဝမ်ဒေါ်လာ ၂ ဒသမ ၄၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၆၄သန်း) ခန့် ပျက်စီးဆုံးရှုံးခဲ့သည်ဟု တရုတ်(တိုင်ပေ) လယ်ယာစိုက်ပျိုးရေးကောင်စီ အထွေထွေအတွင်းရေးမှူး ထိုင်ယုယွင်က ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)တွင် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလကလည်း ယခုကဲ့သို့ပင် အအေးလှိုင်းဖြတ်သန်းကျရောက်ခဲ့ရာ ထိုအချိန်က ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာလည်း ယခုပမာဏအတိုင်းပင်ရှိခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်ကို ဖြတ်သန်းတိုက်ခတ်လာသည့် အအေးလှိုင်းသည် ထိုင်ဝမ်ပင်လယ်ကွေ့အတွင်းသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ဆယ်စုနှစ်တစ်စုအတွင်း အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်(တိုင်ပေ)၏ အနိမ့်ပိုင်းဒေသများဖြစ်သည့် Hsinchu County နှင့် Chiayi County ဒေသတို့တွင် မိုးသီးများ ကျရောက်ခဲ့ရာ ယင်းကဲ့သို့ မိုးသီးများ ကျရောက်မှုသည် ပထမဦးဆုံးအကြိမ်ပင်ဖြစ်ကြောင်း တရုတ်(တိုင်ပေ) မိုးလေဝသဌာနမှ ကြေညာခဲ့သည်။

တရုတ်(တိုင်ပေ)ရှိ မိုးလေဝသစင်တာ ၂၈ ခု၏ တိုင်းထွာချက်များအရ တရုတ်(တိုင်ပေ)ဒေသတစ်ခုလုံးတွင် အပူချိန်များ စံချိန်တင်ကျဆင်းခဲ့သည်ဟုဆိုသည်။

အအေးလှိုင်းဖြတ်သန်းမှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးမှုသည် တိုင်ယန်မြို့တွင် အဆိုးရွားဆုံးဖြစ်ပြီး ထိုင်ဝမ်ဒေါ်လာ ၁ ဒသမ ၁၉ ဘီလီယံအထိရှိခဲ့ပြီး စုစုပေါင်းပျက်စီးမှုပမာဏ၏ ၄၀ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးကောင်စီက ထုတ်ဖော်ကြေညာခဲ့သည်။

စိုက်ပျိုးမြေဧကဟက်တာပေါင်း ၅၀၂၄ ဟက်တာပျက်စီးဆုံးရှုံးခဲ့ရပြီး စပျစ်သီးများဆွတ်ခူးချိန်ဖြစ်၍ ဆုံးရှုံးမှုပမာဏ များပြားခဲ့ကြောင်း၊ ထို့ပြင် စတော်ဘယ်ရီ၊ ပန်းသစ်တော်၊ ခရမ်း ချဉ်သီးနှင့် ပျားလိမ္မော်သီးစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ **မယ်သီတာ**

## တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် နှစ်ပေါင်း ၃၀အတွင်း စံချိန်တင် အပူချိန်များကျဆင်း

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် အပူချိန်များ စံချိန်တင်ကျဆင်းလျက်ရှိရာ နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင်ကျဆင်းခြင်းဖြစ်ကြောင်း ချိုင်းနားဒေးလီးသတင်းတွင် ဖော်ပြထားသည်။

အပူချိန်ကျဆင်းမှုသည် ရေခဲမှတ်အောက် အနုတ် ၄၇ ဒသမ ၈ ဒီဂရီ ဆဲလ်ဆီးယပ်စ်သို့ပင် ကျရောက်ခဲ့သဖြင့် တရုတ်နိုင်ငံမြောက်ပိုင်းဒေသများရှိ မြစ်များ၊ ချောင်းများ၊ ပင်လယ်များတွင် ရေမျက်နှာပြင်များ အေးခဲကာ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ တစ်ဝန်းလုံးတွင်



အပူချိန်သည် လေးရက်ဆက်တိုက် ဆက်လက်ကျဆင်းနေဦးမည်ဖြစ်ပြီး မူလရှိသင့်သည့်အပူချိန်ထက် ၁၀ ဒီဂရီဆဲလ်ဆီးယပ်စ် ထပ်မံကျဆင်းမည်ဖြစ်ကြောင်း ချိုင်းနားဒေလီသတင်းတွင် ဖော်ပြထားသည်။

အအေးလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်များကျဆင်းခဲ့ကာ နှင်းများ ကျဆင်းလျက်ရှိသဖြင့် တရုတ်နိုင်ငံတစ်ဝန်းရှိ သီးနှံစိုက်ခင်းများ အများအပြား ပျက်စီးခဲ့ရသည်။

အပူချိန် ကျဆင်းမှုကြောင့် စိုက်ခင်းများ၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမှကာကွယ်နိုင်ရန်အတွက် လယ်သမားများအား သဘာဝမြေဩဇာများကိုသာ ထပ်မံထည့်သွင်းပေးကြရန်လိုကြောင်း တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ လယ်သမားများအား နှိုးဆော်ထားသည်ဟုဆိုသည်။

"အပူချိန်တွေက တစ်နေ့ထက်တစ်နေ့ ကျဆင်းနေတယ်။ အဲဒီလို အပူချိန်တွေ ကျဆင်းလာတာဟာ ကျွန်တော်တို့ရဲ့ စိုက်ခင်းတွေကိုပျက်စီးစေပါတယ်။ စိုက်ခင်းအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲ အကောင်းအတိုင်း ပြန်ရနိုင်မှာပါ"ဟု လယ်သမားတစ်ဦးဖြစ်သူ ရှောင်က People Daily သို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က ယခုကဲ့သို့ အအေးလှိုင်းဖြတ်သန်းမှုကြောင့် လူပေါင်း ၁၂၈ ဦးသေဆုံးခဲ့ရ ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။ **မယ်သီတာ**

Domestic Sport News
Vol: 16, No.5 Monday February 1 2016

## လက်ရှိလူစာရင်းအရ နေပြည်တော်အသင်းတန်းပြန်တက်ရန် ခဲယဉ်းမည်ဟုဆို

မြန်မာနေရှင်နယ်လိဂ် ၂၀၁၅ တွင် လိဂ်-၂ သို့ တန်းဆင်းခဲ့ရသည့် နေပြည်တော်အသင်းသည် လက်ရှိလူစာရင်းအရ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ပြိုင်ပွဲသို့တက်ရောက်ရန် ခဲယဉ်းမည်ဖြစ်ကြောင်း နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ပြောကြားခဲ့သည်။

နေပြည်တော်အသင်းတွင် လူငယ်ကစားသမားများနှင့် ခြေစွမ်းအကျပိုင်းသို့ရောက်ရှိနေသည့် စီနီယာကစားသမားများသာ ရှိနေသည့်အတွက် တန်းတက်ရန် ရုန်းကန်နေရမည်ဖြစ်ပြီး ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်နှင့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲများသည် အသင်းငယ်အသင်းကြီးများမရှိဘဲ ပြိုင်ဆိုင်မှုပြင်းထန်လာသည့်အတွက် တန်းပြန်တက်မည်ဟု သေချာပေါက် မပြောနိုင်သေးကြောင်း ၎င်းကပြောကြားခဲ့သည်။

နေပြည်တော်အသင်းသည် မြန်မာနေရှင်နယ်လိဂ်-၂ ပွဲစဉ်(၂)အပြီးတွင် ရမှတ် ခြောက်မှတ်ဖြင့် အဆင့်နှစ်နေရာတွင် ရပ်တည်နေပြီး ပထမအကျော့အပြီး အသင်းရလဒ်အပေါ်မူတည်ကာ ကစားသမားခေါ်ယူမှုကို ပြုလုပ်မည်ဟု ဦးမျိုးလှိုင်ဝင်းက ဆိုသည်။



## မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် Max Power ဝိုင်းဖွဲ့ ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် Max Power ဝိုင်းဖွဲ့ခြင်းလုံးအလှခတ်ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဝေဠုဝန်စေတီတော်မြတ်အနီးရှိ အားကစားရုံများတွင် ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးအစားစုစုပေါင်း ကိုးမျိုးတွင် ပြိုင်ပွဲဝင်ပေါင်း ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စွမ်းရည်ပြအလှခတ် (အမျိုးသား၊ အမျိုးသမီး)၊ အတော့ပြိုင်ပွဲ၊ အသက် ၁၅နှစ်အောက် အတော့ပြိုင်ပွဲဟူသည့် ပြိုင်ပွဲ ခြောက်မျိုးကိုလည်း Max Power ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က "ဒီပြိုင်ပွဲကြီးကတော့ အစကနေ အဆုံးတိုင်အောင် အားလုံးရဲ့အားမာန်အပြည့်နဲ့ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ခဲ့ကြတာကြောင့် စိတ်လှုပ်ရှားတက်ကြွစေတဲ့ ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ခြင်းလုံးအားကစားဝါသနာရှင် ပရိသတ်တွေလည်း အများအပြားလာရောက်အားပေးကြတာကို ကြည့်ခြင်းအားဖြင့် ခြင်းလုံးအားကစားဟာ လူငယ်တွေကြားမှာ ပိုပြီးထင်ရှားလူကြိုက်များလာတာကို သိရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ မကြာခင်က အတူလက်တွဲဖြစ်တဲ့ Max Power နဲ့အတူ မြန်မာခြင်းလုံးအဖွဲ့ချုပ်တို့ ယနေ့ခေတ်လူငယ်တွေကြားမှာ ခြင်းလုံးအားကစားကို ပိုပြီးစိတ်ဝင်စားလာအောင်လို့ ပူးပေါင်းလုပ်ဆောင်နိုင်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုပြိုင်ပွဲကြီးတွေကို ထပ်မံကျင်းပနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် တံခွန်စိုက်(၁၀) ပေါက်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်းက ပထမ၊ တော်ဝင်(ဝမ်းတွင်း)အသင်းက ဒုတိယ၊ ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက တတိယရရှိခဲ့ပြီး လေးပေါက်တန်း(အမျိုးသား)ပြိုင်ပွဲတွင် ကျန်းမာသုခ(ရန်ကုန်)အသင်းကပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းကဒုတိယ၊ ခေတ်ဆန်းမောင်(မန္တလေး)အသင်းက တတိယ၊ လူသစ်တန်း(အမျိုးသမီး)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး(က) အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီး(ခ)အသင်းက တတိယ၊ Max Power စွမ်းရည်ပြအလှခတ်(အမျိုးသား)ပွဲစဉ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပထမ၊Top Star (ရန်ကုန်) အသင်းက ဒုတိယ၊ ပြည်ကျော်(မန္တလေး)အသင်းက တတိယ၊ Max Power စွမ်းရည်ပြ အလှခတ်(အမျိုးသမီး)ပွဲစဉ်တွင် မန္တလေးတိုင်း(က)အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ပြည်ကျော်(မန္တလေး)အသင်းက တတိယ ရရှိခဲ့ကြသည်။

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျာမနီနိုင်ငံသားကြံ့ခိုင်ရေးနည်းပြ မီရိုဆလပ်တို့ စာချုပ်ချုပ်ဆို နယ်သာလန်နည်းပြဟောင်း ရော်ဂျာအား မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် ခေါ်ယူရန်စီစဉ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ကြံ့ခိုင်ရေးနည်းပြ တစ်ဦးကို ခန့်အပ်လိုက်ကြောင်း သိရသည်။

အသက် ၄၀ အရွယ်ရှိ ဂျာမနီနိုင်ငံသား ကြံ့ခိုင်ရေးနည်းပြ မီရိုဆလပ်သည် ငယ်စဉ်အခါက ဒေသတွင်းကလပ်အသင်းများတွင် ရှေ့တန်းတိုက်စစ်မှူးကစားသမားအဖြစ် ဖြတ်သန်းခဲ့သူဖြစ်ပြီး ၂၀၀၉ ခုနှစ်မှစတင်ကာ ဒေသတွင်း ကလပ်အသင်းများတွင် နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ဖူးသူလည်းဖြစ်သည်။




မီရိုဆလပ်သည် သက်တမ်းအလိုက် ဘာလင် ယူ-၁၆၊ ယူ-၂၁ အသင်းတို့တွင် ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ အတွေ့အကြုံရှိသော မီရိုဆလပ်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ၁၁ လ သက်တမ်းစာချုပ်တစ်ရပ်ချုပ်ဆို၍ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီး၏ နည်းပြချုပ်ရာထူးအတွက် ယခင် နယ်သာလန် အမျိုးသမီးလက်ရွေးစင် အသင်းနည်းပြဟောင်း ရော်ဂျာရိုင်နာအား ခန့်အပ်တာဝန်ပေးရန် ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အပါအဝင် အခြားသောနိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ လက်ရှိအချိန်တွင် ဒေါ်သက်သက်ဝင်းကနည်းပြချုပ်အဖြစ် ယာယီတာဝန်ယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင်အောင်မြင်မှုရရှိရေးအတွက် ကမ္ဘာ့အဆင့်ရှိသည့် နည်းပြတစ်ဦး ခန့်အပ်တာဝန်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် ယင်း နယ်သာလန်နည်းပြအား ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်းသိရသည်။

နယ်သာလန်နည်းပြ ရိုင်နာသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အကြမ်းမျဉ်းသဘောတူညီချက်ရရှိထားပြီး နှစ်ဖက်ညှိနှိုင်းမှုများ အပြီးသတ်ပါက လာမည့် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။

အသက် ၅၁ နှစ်အရွယ်ရှိ ရိုင်နာသည် နယ်သာလန်အမျိုးသမီးလက်ရွေးစင်အသင်းအား ၂၀၁၀ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ ကာလရှည်တာဝန်ယူခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ခုနှစ်က ကနေဒါနိုင်ငံတွင် ကျင်းပခဲ့သည့် ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားတွင် နယ်သာလန်အသင်းအား ၁၆သင်းရှုံးထွက်အဆင့်သို့ ရောက်ရှိစေခဲ့သည်။

နယ်သာလန် ယူ-၂၁လက်ရွေးစင်အဖြစ်လည်း ပါဝင်ကစားခဲ့သည့် ရိုင်နာသည် ၁၉၈၃ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း နယ်သာလန် ဆုကြေးစားကလပ် Fortuna Stiiard နှင့် MVW တို့တွင် ကစားသမားအဖြစ် ဖြတ်သန်းခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်ကာ နည်းပြအဖြစ် ယခင်ကလပ်အသင်းများနှင့် နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်းအား တာဝန်ယူခဲ့သည်။

## Ooredoo MNL 2016 ပွဲစဉ်များအား For Sports Channel အပြင် MRTV တွင်ပါ ပြသနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညှိနှိုင်းစီစဉ်

Ooredoo MNL 2016 ပွဲစဉ်များအား မြန်မာ့ဘောလုံးပရိသတ်များ အခမဲ့ရုပ်သံလိုင်းများမှ ကြည့်ရှုအားပေးနိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပရေးကော်မတီသည် MNLပွဲစဉ်များအား ရုပ်သံထုတ်လွှင့်ခွင့် ရရှိထားသည့် Host Broadcaster ဖြစ်သော Forever Group နှင့် ညှိနှိုင်းပြီး နောက်ပွဲစဉ်များအား အခမဲ့ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

MNL ပြိုင်ပွဲကျင်းပရေးကော်မတီသည် တစ်နိုင်ငံလုံးရှိ ဘောလုံးပရိသတ်များအားလုံး အခမဲ့ရုပ်သံလိုင်းများမှ ကြည့်ရှုအားပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်မြင်သံကြား MRTV မှ ပြသနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ MRTV ရုပ်သံလိုင်းများနှင့်For Sports ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသမည့် ပွဲစဉ်များစာရင်းကိုလည်း မကြာမီ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လိဂ်ပွဲစဉ်များအား ရုပ်သံပြသခွင့်ရရှိထားသည့် Host Broadcaster Forever Group သည် ပွဲစဉ်များ ကျင်းပရာနယ်ဒေသအသီးသီးအထိ သွားရောက်ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ For Sports ရုပ်သံမှလည်းကောင်း၊ Live Signal မှတစ်ဆင့် ဝိုင်းဝန်းပံ့ပိုးသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ MRTV တွင်လည်းကောင်း တစ်ပတ် လျှင်နှစ်ပွဲသို့မဟုတ် သုံးပွဲနှုန်း တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။

Forever Group အနေဖြင့် ပုံမှန်ထုတ်လွှင့်နေသည့် MRTV-4, Channel 7, For Sports Channel နှင့် အခြားဆက်စပ်ရုပ်သံလိုင်းများတွင်လည်း MNL ပွဲစဉ်များ၊ ပွဲကြိုသုံးသပ်ချက်များနှင့် Weekly Highlight များကို ဆက်လက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။



## မန်ယူအသင်း၏ အသင်းခေါင်းဆောင်ဟောင်း ဗီဒစ် ဘောလုံးလောကမှ အနားယူပြီဟု ထုတ်ဖော်ကြေညာ

မန်ချက်စတာ ယူနိုက်တက် အသင်း၏ အသင်းခေါင်းဆောင်တစ်ဦးဖြစ်သည့် နီမီယာ ဗီဒစ်က ၎င်းအနေဖြင့် ဘောလုံးလောကမှ အနားယူပြီဖြစ်ဟု ထုတ်ဖော်ကြေညာခဲ့သည်။

ဆားဘီးယားလူမျိုး တစ်ဦးဖြစ်သည့် ဗီဒစ်သည် မန်ချက်စတာယူနိုက်တက် အသင်းနှင့်အတူ အိုးလ်ထရက်ဖို့ဒ်တွင် ရှစ်နှစ်ကြာကစားခဲ့ပြီး ပရီးမီးယားလိဂ်ဖလား ငါးကြိမ်နှင့် ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ လိဂ်ဖလား သုံးကြိမ်နှင့် ကမ္ဘာ့ကလပ်ကြီးများ ချန်ပီယံတစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။

ဗီဒစ်သည် မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကစားခဲ့ပြီး ၂၀၁၄ခုနှစ်တွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

လက်ရှိ အင်တာမီလန်အသင်းတွင် ကစားလျက်ရှိပြီး ယခုရာသီကုန်တွင် ဘောလုံးလောကမှအနားယူမည်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဘောလုံးလောကမှ အနားယူရခြင်းနှင့်ပတ်သက်၍ ဗီဒစ်က "ကျွန်တော့်မှာ လွန်ခဲ့တဲ့နှစ်တွေတုန်းက ရထားတဲ့ဒဏ်ရာတွေ ရှိနေပါတယ်။ အဲဒီဒဏ်ရာတွေက ကျွန်တော့်ကို ဘောလုံးလောကကနေ ထွက်တော့လို့ အချက်ပေးခေါင်းလောင်း ထိုးလိုက်သလိုပါပဲ"ဟု ပြောကြားခဲ့သည်။

ဗီဒစ်သည် မန်ယူအသင်းတွင် ပွဲပေါင်း ၃၀၀ ကစားခဲ့ပြီး သွင်းဂိုးပေါင်း ၂၁ ဂိုးရှိခဲ့သည်။ ဗီဒစ်သည်အင်တာမီလန်အသင်းတွင် နှစ်နှစ်တာကာလအတွင်း ပွဲပေါင်း ၂၆ ပွဲသာကစားခဲ့ရပြီး သွင်းဂိုးတစ်ဂိုးသာ ရှိခဲ့သည်။

# ကယ်လီဘရွတ်နှင့် အေမီယာခန်းတို့ ဇွန်လအတွင်း ထိုးသတ်ရန် သေချာလိမ့်မည်ဟု ဟယ်ရန် ယုံကြည်




ဗြိတိသျှလက်ဝှေ့ကျော် ကယ်လီဘရွတ်နှင့် ဘော်လ်တွန်လက်ဝှေ့ကျော် အေမီယာခန်းတို့ လာမည့်ဇွန်လအတွင်း ထိုးသတ်ရန်သေချာနိုင်ကြောင်း လက်ဝှေ့ပွဲစီစဉ်သူ အက်ဒီဟယ်ရန်က ယုံကြည်ထားသည်ဟု ဆိုသည်။

ကယ်လီဘရွတ်နှင့် အေမီယာခန်းတို့၏ စိန်ခေါ်ထိုးသတ်ပွဲကိုလာမည့် ဇွန်လအတွင်း ဝင်ဘလေကွင်း၌ စီစဉ်ထားကြောင်း ဟယ်ရန်က မေးလ်အွန်လိုင်းသို့ ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးကြား ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး အဆိုပါစိန်ခေါ်ပွဲအား စီစဉ်ဖြစ်ခဲ့ပါက ပွဲစီစဉ်သူမှ ၆၀ ရာခိုင်နှုန်းပေးချေရန် အေမီယာခန်းက တောင်းဆိုထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပွဲစီစဉ်သူ ဟယ်ရန်သည် လွန်ခဲ့သည့် နှစ်နှစ်တာ ကာလဖြစ်သည့် ၂၀၁၄ ခုနှစ်အတွင်းက အဆိုပါ ဝင်ဘလေကွင်း၌ ကားလ်ဖရော့ချ်နှင့်ဂျော့ချ်ဂရော့ဘ်တို့၏စိန်ခေါ်ပွဲကို စီစဉ်ခဲ့သည့် အတွေ့အကြုံအရ အေမီယာခန်းနှင့် ဘရွတ်တို့၏ စိန်ခေါ်ပွဲမှာဖြစ်ပေါ်လာနိုင်ကြောင်း ဟယ်ရန်က ထပ်မံပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့နှစ်ရက်လောက်က သူတို့နှစ်ယောက်နဲ့ ဖုန်းအဆက်အသွယ်ရထားပြီးပါပြီ။ ပွဲဖြစ်ဖို့က သေချာသလောက်ပါပဲ။ သူတို့နှစ်ယောက်နဲ့ တွေ့ဆုံပြီးရင်တော့ ထပ်ပြီးကြေညာပေးပါ့မယ်။ အခုလောလောဆယ်မှာတော့ ဇွန် ၄ ရက်ကို သတ်မှတ်ထားပါတယ်။ ဖြစ်မဖြစ်ဆိုတာတော့ သူတို့နှစ်ယောက်နဲ့ အကျေအလည်ဆွေးနွေးရဦးမှာပါ"ဟု ဟယ်ရန်က ပြောကြားခဲ့သည်။

ယခုပွဲကို စီစဉ်ဖြစ်ခဲ့ပါက ဘရွတ်အနေဖြင့် ၂၀၁၆ခုနှစ်အတွင်း ဒုတိယအကြိမ်ထိုးသတ်သည့်ပွဲတစ်ပွဲဖြစ်လာနိုင်ကြောင်း သိရသည်။

ဘရွတ်သည် ၎င်း၏ပထမဦးဆုံးပွဲစဉ်အဖြစ် မတ် ၂၆ ရက်တွင် ရှက်ဖီးလ်မြို့၌ ကီဗင်ဘီဇီယာနှင့် ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အေမီယာခန်းသည် ပြီးခဲ့သည့်နှစ်အတွင်းက ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုနှင့်ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း ပွဲစီစဉ်သူ၏ ညှိဖျင်းမှုကြောင့် ထိုးသတ်ရန် လွဲချော်ခဲ့ရသဖြင့် ၎င်းနှင့်ထိုးသတ်ရန် ပြိုင်ဘက်ကို လိုက်လံရှာဖွေလျက်ရှိသည်။

အသက် ၂၉ နှစ်အရွယ်သာရှိသေးသည့် ကယ်လီဘရွတ်သည် ဝယ်လ်တာဝိတ်တန်းတွင် ၃၅ ပွဲထိုးသတ်ခဲ့ရာ၌ ရှုံးပွဲမရှိသေးဘဲ အလဲထိုးပွဲ ၂၄ ပွဲရှိခဲ့ကြောင်း သိရသည်။

ကယ်လီဘရွတ်နှင့် သက်တူရွယ်တူဖြစ်သည့် အေမီယာခန်းသည် ၎င်း၏ လက်ဝှေ့ထိုးသတ်သည့်ကာလအတွင်း ၃၄ ပွဲထိုးသတ်ခဲ့ရာ၌ ၃၁ ပွဲနိုင်၊ သုံးပွဲရှုံး ရလဒ်များကို ပိုင်ဆိုင်ထားပြီး အလဲထိုးပွဲမှာ ၁၉ ပွဲသာရှိခဲ့ကြောင်းသိရသည်။

# စိတ်ဖိစီးမှုများကြောင့် ဒေးဗစ်ဖယ်ရေးနှင့်ပွဲတွင် အမှားများကို ဆက်တိုက်ပြုလုပ်ခဲ့ဟု အန်ဒီမိုရေး ဝန်ခံ




ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲဖြစ်သည့် အန်ဒီမိုရေးနှင့် ဒေးဗစ်ဖယ်ရေးတို့၏ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း အမှားများကို ပြုလုပ်ခဲ့သည်ဟု ဝန်ခံပြောကြားလိုက်သည်။

အန်ဒီမိုရေးသည် အဆိုပါပွဲစဉ်၌ ဖယ်ရေးအား ၆-၃၊ ၆-၇၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သော်လည်း ယင်းပွဲတွင် အမှားအယွင်းများကြောင့် ပြိုင်ဘက်အား အခွင့်အရေးများပေးသကဲ့ သို့ဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် ရာသီဥတု ပူပြင်းလှသည့်ဒဏ်ကိုလည်း ခံစားခဲ့ရကြောင်း၊ ဇနီးသည်ဖြစ်သူ ကင်ဆီယာတွင် ကိုယ်ဝန်ရှိနေသဖြင့် ၎င်းအပေါ် တွင်လည်း စိတ်ရောက်နေသဖြင့် ယခု ကဲ့သို့ အမှားများပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် မိုရေးယှဉ်ပြိုင်ခဲ့ရသည့် စပိန်တင်းနစ်ကစားသမား ဖယ်ရေးမှာ ကမ္ဘာ့အဆင့်ရှစ်တွင်ရှိသည့်တင်းနစ်ကစားသမားတစ်ဦးဖြစ်သည်။

မိုရေးသည် အဆိုပါပွဲတွင်ဖယ်ရေး အလွယ်တကူ အနိုင်ရရှိနိုင်သော်လည်း စပေးဘောရိုက်ချက်များတွင် အမှားအယွင်းများရှိခဲ့သဖြင့် ဒုတိယပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသည်။မဲလ်ဘုန်း၏ရာသီဥတုဒဏ်ကို ခံနိုင်ရန် မိုရေးသည် ပြိုင်ပွဲမစတင်မီ ၁၀ ရက်အလိုခန့်ကပင် မဲလ်ဘုန်းမြို့သို့ ရောက်ရှိနေကာ လေ့ကျင့်ခဲ့သည်။

ဒုတိယပွဲငယ်၏ နောက်ဆုံးမှတ် Head to Head ဖြစ်နေချိန်တွင် ၎င်း၏ယောက္ခမဖြစ်သူမှာ ပွဲကြည့်စင်တွင် ကြည့်ရှုနေရာမှ လဲကျခဲ့သဖြင့် ဆေးကုသရေးအဖွဲ့များက ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ရသည်။ ရာသီဥတုပူပြင်းမှုဒဏ်ကို ခံစားခဲ့ရသဖြင့် ဇနီးသည်အပေါ် စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့ရသဖြင့် ယခုကဲ့သို့ အမှားများဖြစ်ပေါ်ခဲ့ရသည်ဟု မိုရေးက ပွဲအပြီး ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မိုရေးသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မီလိုရာအိုနစ်နှင့်ယှဉ်ပြိုင်ခဲ့ရာ ၄-၆၊ ၇-၅၊ ၆-၇၊ ၆-၄၊ ၆-၂ သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် မိုရေးသည် ဆားဘီးယား တင်းနစ်ချန်ပီယံ နိုဗက်ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# အဘူဒါဘီချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရစ်ကီဖောင်လာ အနိုင်ရဗိုလ်စွဲ

အမေရိကန်နိုင်ငံသား ရစ်ကီဖောင်လာသည် ယူအေအီးနိုင်ငံ၊ အဘူ ဒါဘီမြို့တွင်ကျင်းပခဲ့သည့် အဘူဒါဘီချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။ ရစ်ကီဖောင်လာသည် နောက်ဆုံးကျင်းတွင်ဘယ်လ်ဂျီယံနိုင်ငံသားပြိုင်ဘက်ဖြစ်သူ သောမတ်စ်ပီတာကို ကျော်ဖြတ်ကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ရစ်ကီဖောင်လာသည် သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အနိုင်ရရှိခဲ့ဖြစ် သည်။

ဖောင်လာသည် ပထမနှစ်ရက်တွင် ပြိုင်ဘက်များကို အမှတ်ဖြတ်ထား နိုင်ခဲ့သော်လည်း နောက်ရက်များတွင် သောမတ်စ်ပီတာက ဖောင်လာအား ကျင်းစိမ်ရိုက်ချက်များဖြင့် အသာစီးရယူ ထားခဲ့သည်။ သို့သော် နောက်ဆုံးကျင်းရိုက်ချက်တွင် ဖောင်လာက သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့၍ ရိုက်နိုင်ခဲ့သဖြင့် အဘူဒါဘီချန်ပီယံရှစ်ဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အိုင်းရစ်လူမျိုး ရော်ရီမက်အီရွိုင်းမှာ သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်သာလျှော့ရိုက်နိုင်ခဲ့သဖြင့် တတိယနေရာမှသာ ရပ်တည်နိုင်ခဲ့သည်။ ကမ္ဘာ့အဆင့်သုံးနေရာတွင် ရပ်တည်လျက်ရှိသည့် မက်အီရွိုင်းသည် ယခုနှစ်အတွင်း European Tour ပွဲစဉ်များအနက် ပထမဦးဆုံးဆုဖလားနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် အင်္ဂလန်နိုင်ငံမှဂေါက်သီး ချန်ပီယံ အီယန်ပေါ်လ်တာသည်လည်း ယခုပြိုင်ပွဲတွင် ဘာဒီသုံးချက်နှင့်လွဲချော်ခဲ့ရသဖြင့် ပထမ ၁၀ ဦးစာရင်းနှင့် လွဲချော်ခဲ့ရသည်။



# ကွမ်းခြံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းနှင့် မြို့မ(အရှေ့ပိုင်း)မူလတန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများဟောပြောဆွေးနွေး

စားသုံးသူပြည်သူများ၊ ကျောင်းသား/ကျောင်းသူများအတွက် စားဝတ်နေရေး အရေးသုံးပါးရှိသည့် အနက် အဓိကအကျဆုံးဖြစ်သည့် အစားအစာ၊ လူသုံးကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည်တို့ကို စနစ်တကျ ဝယ်ယူသုံးစွဲနိုင်ရန် အတွက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတကို စဉ်ဆက်မပြတ် ရရှိစေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ ဇန်နဝါရီလ ၂၆ ရက်က ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းနှင့် မြို့မ(အရှေ့ပိုင်း)မူလတန်းကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူးဒုရဲမှူးဦးမြင့်ဖေက အမှာစကားပြောကြားရာတွင် အရည်အသွေးမီသော အစားအသောက်များ ဝယ်ယူချက်ပြုတ်စားသုံးတတ်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို စားသုံးခြင်းဖြင့် ရောဂါ ကင်းဝေးပြီး ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် အ. ထ. က(၂) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လှမွန်က မိမိတို့စားချင်တဲ့အစားအစာများကို အလွန်အကြူးစားသုံးခြင်းမပြုဘဲ စားသင့်ပြီး အာဟာရရှိသည့် အစားအသောက်မျိုးကို ရွေးချယ်စားသုံးသင့်ကြောင်း၊ ယခုခေတ်တွင် နည်းပညာမျိုးစုံတိုးတက်သည့်အတွက် အစားအသောက်၊ ဆေးဝါးမျိုးစုံသုံးစွဲလာကြသဖြင့် ရောဂါမျိုးစုံ၊ ကင်ဆာအများအပြား ဖြစ်လာသည့်အတွက် ဟောပြောပွဲကို ကျောင်းသား/သူများ၊ ဈေးသည်များ၊ မိဘများဂရုတစိုက် မှတ်သားကြရန်ပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအချက်အလက်များ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းထားမှု၊ လုပ်ငန်းစဉ်တာဝန်များကိုလည်းအသေးစိတ်ရှင်းလင်းပြောကြားသည့်အပြင် အနာဂတ်တွင် သက်ရှည်ကျန်းမာပြီးလူ့သက်တမ်းစေ့နေထိုင်နိုင်မှုရရှိစေမည့် အစာအာဟာရ၊ အနေအထိုင်၊ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း၊ သတင်းစာမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အစားအသောက်များ ရှောင်ရန်၊ ဆောင်ရန်များကိုလည်း စဉ်ဆက်မပြတ်ဖတ်ရှုရန်၊ မြန်မာနိုင်ငံသည် ကင်ဆာအများဆုံးဖြစ်သည့်နိုင်ငံတွင် ပါဝင်နေသဖြင့် အစားအသောက် များကို ဂရုတစိုက်၊ စနစ်တကျ ဝယ်ယူစားသုံးရန်လည်းကောင်း မိမိသိရှိနားလည်မှုဗဟုသုတများကို မိဘ၊ မောင်နှမများ၊ မိမိပတ်ဝန်းကျင်များကို ထပ်ဆင့် ကျန်းမာရေးအသိပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုဆရာမကြီး ဒေါ်အေးအေးသန့်က မိမိတို့မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် အချိုရည်ထုတ်လုပ်ရောင်းချ နေမှုကြောင့် အန္တရာယ်ရှိကြောင်းနှင့် အစားအစာများ ရောဂါပိုးမွှားကင်းရှင်းရေးနှင့် ဓာတုဆိုးဆေးကင်းရှင်းရေး အကြောင်းကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်အရာထမ်း၊ အမှုထမ်းများ၊ တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးကျင်ဌေးနှင့် အမှုထမ်းများ၊ ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှတာဝန်ရှိသူများ၊ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး နှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ ဈေးသည်များ စုစုပေါင်း ၂၅၀ ဦးတက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါနေ့တွင်ပင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသ ကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးသန့်နှင့် ဒေါ်မြင့်မြင့်ဇော် တို့သည် ၁၃း၀၀ နာရီတွင် ကွမ်းခြံကုန်း မြို့နယ် (မြို့မအရှေ့ပိုင်း) မူလတန်းကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ ကျောင်းသား/သူများ၊ ကျောင်းသားမိဘများ စုစုပေါင်း ၉၅ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နီလာထွေး(စားသုံးသူ)ရန်ကုန်**






## ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ကော့ကျိုက် အထကတွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲပြုလုပ်

ကရင်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့် ဝန်ထမ်းများ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်တို့သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် နံနက် ၀၉း၃၀ နာရီအချိန်တွင် စားသုံးသူ ကာကွယ်ရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး ပြည်နယ်ဦးစီးမှူးက စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများအား နားလည်အောင် မိမိတို့ ရွေးချယ် စားသောက်တတ်ရန်၊ သုံးစွဲတတ်ရန်အရေးကြီးကြောင်း၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်နေသည့် အခြေအနေများအကြောင်း၊ စားသုံးသူတို့ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်းအသိပညာပေးဟော ပြောခဲ့ပါသည်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင်ဒေါ်မွန်မွန်ခိုင်က အစားအသောက်၊ အလှကုန်၊ ဆေးဝါးစသည်တို့နှင့်ပတ်သက်၍ ကောင်းကျိုး၊ ဆိုးကျိုးများ၊ မသိသေးသော ဆေးဝါးအန္တရာယ်များအကြောင်း၊ ဆေးဝါးအတု၊ စပ်ဆေးများအကြောင်း၊ အစားအသောက်နှင့် ပတ်သက်ပြီး ဆိုးဆေးအန္တရာယ်များအကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဦးစီးမှူးက ကျောင်းအုပ်ဆရာမကြီးအား စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်၊ လက်ကမ်းစာစောင်များ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကိုလည်း ပဲနို့ရည်နှင့် မုန့်များဝေငှခြင်း၊ ကျောင်းမုန့်ဈေးဆိုင်ခန်းများအား စစ်ဆေးခြင်း၊ စားသုံးသင့် သောမုန့်များကိုသာ ရောင်းချရန်နှင့် ဆိုးဆေးများအလွန်အကျွံပါမည့်မုန့်များ မရောင်းချရန်ဆွေးနွေး ပြောကြားခဲ့ပါသည်။ **(စားသုံးသူရေးရာ-ကရင်ပြည်နယ်)**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ် အထက ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြော

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ် အ. ထ. က တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၆ ရက် နေ့လယ်က ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နဲ့ တာဝန်ရှိဝန်ထမ်းများ၊ ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူး နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ စုစုပေါင်း ၅၈၀ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စားသုံးသူအကာ အကွယ်ပေးရေးဥပဒေနဲ့ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ဒုတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က ခွင့်မပြုအရောင်ဆိုးဆေးဆိုးထားတဲ့ အစားအသောက်များနဲ့ ဘေးထွက်ဆိုးကျိုးများ၊ တာရှည်ခံဓာတုဆေးသုံးထားတဲ့ အစားအသောက်များနဲ့ ဘေးအန္တရာယ်များ၊ ဟော်မုန်းဆေးသုံးထားတဲ့ အစားအသောက်များ၊ အစားအစာများ စားသောက်ရာတွင် အပေါ်ယံအမြင်ကိုကြည့်ပြီး မစားဘဲ ကိုယ်ပိုင်အသိ၊ သတိ၊ ဉာဏ်ဖြင့်ယှဉ်ပြီး စားသောက်သင့်ကြောင်း၊ အခါအားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာန မှ နေ့စဉ်သတင်းစာများနဲ့ဂျာနယ်များတွင် ထုတ်ပြန်တဲ့ အန္တရာယ်ရှိ အစားအသောက်များ၊ မသုံးသင့်တဲ့ ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့ အရေးယူပိုင်ခွင့်များအကြောင်းကို နမူနာပုံများနှင့်တကွ ပရိုဂျက်တာနဲ့ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါတယ်။

မြင်းကဆိပ် အထက ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာ ဦးမြဝင်းက ယခုလို ဟောပြောဆွေးနွေးပွဲမျိုးပြုလုပ်လိုသည်မှာ ကြာပြီဖြစ် ကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများအနေဖြင့် ကျန်းမာရေးဗဟုသုတများကို သိရှိရသဖြင့် မိမိတို့မိသားစုမှတစ်ဆင့် ပတ်ဝန်းကျင်အထိ အဆင့်ဆင့် ဖြန့်ဝေပေးနိုင်ကြပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟာ အများပြည်သူကျန်းမာရေးအတွက် အကျိုး ရှိတဲ့လုပ်ငန်းဖြစ်လို့ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း သတင်းရရှိပါတယ်။

**မြင့်အောင် - ပုသိမ်**



# သင့်သားသမီးတွေကို အရင်ကျွေးရသော အစာ

|မောင်မောင်အေး- လှိုင်ကော်|

ငယ်ငယ်က အိမ်တွေမှာ မိသားစုဖျော်ဖြေရေးဆိုလို့ ရေဒီယို တစ်လုံးပဲရှိကြတယ်။ ကက်ဆက်တောင် မပေါ်သေးဘူး။ တီဗီ၊ ဗီဒီယို၊ ဒီဗီဒီ ၊ အီးဗီဒီတွေဆိုဝေးရော၊ ထရန်စစ္စတာရေဒီယို ၊ ဗိုင်ဖိုင်ရေဒီယို ကြီးတွေကို ဧည့်ခန်းမှာ တခမ်းတနားထားလေ့ရှိကြတယ်။ အိပ်ဆောင်ထဲကတော့ ဖိလစ်ရေဒီယိုပေါ့။ မိသားစုတွေနားနေချိန်၊ အားလပ်ချိန်ဆိုရင် ရေဒီယိုနားမှာပဲစုပြီး အပန်းလည်းပြေ၊ ပညာလည်းရနားထောင်ကြတယ်။ ဇာတ်လမ်းပမာ၊ အသံလွှင့်စက်၊ ရုပ်ရှင်သီချင်း၊ ကလေးပုံပြင်၊ သောတရှင်လိုရာ စသည်ဖြင့်ပေါ့။

ဇာတ်လမ်းပမာထဲက ဆရာသော်တာဆွေရဲ့ လူတွေအကြောင်း ရေးထားတဲ့ ဒန့်ဒလွန်သီးရောင်းတဲ့ ဇာတ်လမ်းကို ခုထိမှတ်မိနေတယ်။ ပြီးတော့ ခုထိမှတ်မိနေတာက မရမ်းပြားရောင်းတဲ့ ဇာတ်လမ်း၊ ရေးသူ၊ သရုပ်ဆောင်သူတော့ မမှတ်မိတော့ဘူး။ ဇာတ်လမ်းထဲမှာ အဖေလုပ်တဲ့လူက သားလေးငါးနှစ်သားကို သိပ်ချစ်တယ်။သူ့ရဲ့ စီးပွားရေးက နေ့စဉ် မိန်းမရှာ၊ အခြောက်လိုဝတ်စား ကခုန်ပြပြီး ရှောက်သီးဆေးပြားတို့၊ မရမ်းပြားတို့ လိုက်ရောင်းရတယ်၊ မရမ်းပြားတွေကတော့ အိမ်မှာလုပ်တယ်။ အရင်းနည်းပြီး၊ အမြတ်များအောင် မရမ်းပြားမှာ ဓာတုဗေဒဆိုးဆေးတွေ၊ ဆေးသကြားတွေပါတာပေါ့။ မနက်ပါသွားတဲ့မုန့် ညနေပြန်လာလို့ ကုန်သွားရင် ပျော်တာပေါ့။

တစ်ရက်တော့ သားဖြစ်သူက ဗိုက်ဆာဆာနဲ့ မရမ်းပြားတွေ ဖောက်စားနေတာ အဖေကတွေ့လိုက်တယ်။အဲဒီမှာ ဒေါသပုန်ထပြီး ဘာဖြစ်လို့မရမ်းပြားတွေ ယူစားသလဲ၊ မင်းသေမှာမကြောက်ဘူးလား။ မင်းစားဖို့လုပ်ထားတာမဟုတ်ဘူး။ မင်းဆာရင် တခြားဟာကို ဝယ်စား၊ ဒီမရမ်းပြားတော့မစားနဲ့၊ အဲဒီသဘောပေါ့ဗျာ။လုံးစေ့ပတ်စေ့တော့ မမှတ်မိတော့ဘူး။ ခေါင်းထဲ ခုထိမှတ်မိလိုက်တာကတော့ သူများကိုတော့ ပေါပေါများများ မြန်မြန်ဝယ်စားစေချင်တယ်။ သူများတွေ အန္တရာယ်ဖြစ်မှာတော့ ထည့်မတွက်ဘူး။ ကိုယ့်သားကျတော့ စိုးရိမ်လာ တတ်တယ်။ လူ့သဘာဝကို လှစ်ဟပြသလိုက်တာပါပဲ။

အခုလည်းတာဝန်အရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေ ထဲထဲဝင်ဝင်လုပ်လာရ၊ ကွင်းဆင်းရ၊ လေ့လာရ၊ စစ်ဆေးရနဲ့ ငယ်ငယ်လေးက နားထောင်ခဲ့ရတဲ့ ဇာတ်လမ်းပမာထဲက အဖေမျိုးတွေ အများကြီးတွေ့ရတယ်။

အစားအသောက်လုပ်တဲ့သူကတော့ အမြတ်ရအောင်၊ များများရောင်းဖြစ်အောင်၊ ဝယ်သူ တွေများများ ဝယ်ဖြစ်အောင် နည်းမျိုးစုံနဲ့လုပ်ကြတယ်။ ပြည်ပကလုပ်တယ်ဆိုရင်လည်းအထင်ကြီးပြီး သားမို့ ပြည်ပတံဆိပ်ကပ် မုန့်မျိုးစုံလည်း ဈေးကွက်မှာအလျှံပယ်၊ အမျိုးစုံအောင်တွေ့ရတယ်။ အချို့က ပေါ်ပင်ကာတွန်းရုပ်၊ မော်တော်ကားရုပ်၊ ဆိုင်ကယ်ရုပ်တွေနဲ့တွဲပြီး ဘာမှအရသာမရှိတဲ့ အချောင်း၊ အလုံးကလေးတွေပါမယ်။ အချို့က အထုပ်ပေါ်မှာ ဆွဲဆောင်မှုရှိအောင် ရောင်စုံထုပ်ပိုးထားမယ်။ လေဖောင်းထားမယ်။ အချို့က သီးနှံကိုအရောင်စုံအောင် ဆေးဆိုးထားမယ်။ အချို့က အသားကပ်ချောင်းဆိုပြီး ပလတ်စတစ်ပါးပါးအုပ်ပြီး ကြွပ်ရွနေအောင် လုပ်ထားမယ်။

အချို့ကလည်း အထုပ်ပေါ်မှာ မြန်မာစာလုံး လုံးဝမပါဘူး။ တရုတ်စာနဲ့ ထိုင်းစာနဲ့ ဘာတွေပါမှန်းလည်း မသိဘူး။ ချိုအောင်လုပ်ထားကြတယ်။ ကြွပ်အောင်ရွအောင်၊ စွဲမက်အောင်လုပ်ထားကြတယ်၊ ဘာတွေပါမှန်း မသိလည်း ရောင်းတဲ့သူတွေက ရောင်းနေတော့ ဝယ်စားတဲ့ကလေးတွေကလည်း ဝယ်စားနေကြတာပဲ၊ မိဘတွေကလည်း ကိုယ့်ကလေး ယခုအငိုတိတ်အောင် လှတဲ့အထုပ်တွေကို အလွယ်တကူ ဝယ်ကျွေးနေကြတာပဲ။

ဒီကိစ္စက စဉ်းစားလေ ကြောက်စရာကောင်းလေဆိုတာ တွေ့ရမယ်။ ဝယ်လိုအားများနေလို့ ရောင်းလိုအား များနေတာလား။ ဝယ်လိုအားများတိုင်း ရောင်းလိုအားများအောင် ပံ့ပိုးအားပေးနေရမှာလား၊ မူးယစ်ဆေးဝါးကိစ္စလို ဝယ်ရောင်းတဲ့လူ၊ သယ်ပို့တဲ့လူ၊ ထုတ်လုပ်ဖြန့်ဖြူးတဲ့လူ၊ စိုက်ပျိုးထုတ်လုပ်တဲ့လူတွေရော၊ တစ်သားတည်း နှိပ်ကွပ်သလို စားသုံးသူရေးရာကိစ္စတွေမှာ အထူးစီမံချက်ချပြီး နှိမ်နင်းဖို့လိုပြီလို့ ထင်ပါတယ်။

ပြည်တွင်းက စားသောက်ကုန်ကို ဖြစ်သလို ပြီးစလွယ်၊ စားသုံးသူရဲ့ အသက်အိုးအိမ်ကို ထည့်မစဉ်းစားဘဲ ကိုယ့်စီးပွားဖြစ်ရေး၊ ကိုယ်အမြတ်ရရေးကိုပဲ ဦးတည်ပြီး ထုတ်လုပ်နေတဲ့ ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်ပကနေ တင်သွင်းလာတဲ့ တံဆိပ်မျိုးစုံကို ပုံစံမျိုးစုံနဲ့ လက်ခံသယ်ယူ၊ ဝယ်ယူရောင်းချပေးနေတဲ့ ကုန်သည်ကြီးငယ်များ စသူတို့ကို တားဆီးပိတ်ဆို့နိုင်ရမယ်။ တားဆီးပိတ်ဆို့နိုင်အောင် အစီအမံများ ရေးဆွဲထားရမယ်။

ပိုပြီးအရေးကြီးတာက ဈေးကွက်ထဲက ရောင်းချနေတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့သင့်မသင့်၊ အန္တရာယ်ရှိမရှိ နှိမ်နင်းအောင် စစ်ဆေးပေးရမယ်၊ မစစ်ဆေးရသေးရင် ထုတ်လုပ်ခွင့်၊ တင်သွင်းခွင့်ကိုတားမြစ်မှရမယ်။

တစ်ဖက်ကလည်း ကျောင်းနဲ့ဈေးတန်းတွေမှာ အာဟာရပြည့်ဝ တဲ့ ဆန်၊ ဂျုံ၊ ပြောင်း၊ လတ်ဆတ်တဲ့ သစ်သီးဝလံ၊ သစ်ဥ သစ်ဖုတွေနဲ့ ပြုလုပ်ထားတဲ့ အာဟာရဖြစ်တဲ့ မြန်မာမုန့်မျိုးစုံကို ဆရာ/ဆရာမတွေ မအားတောင် ကျောင်းသားမိဘတွေက ငွေကြေးအမြတ်ကို အဓိက မထားဘဲ အရှုံးခံပြီး ရောင်းပေးစေလိုတယ်။ ဘယ်နေရာမှာ အမြတ်ယူမလဲဆိုတော့ ဘေးအန္တရာယ်ဖြစ်တဲ့ စားသောက်ကုန်တွေရဲ့ ဈေးကွက်ကို တိုက်ထုတ်ရင်း ကလေးတွေ အာဟာရပြည့်ဝပြီး ကျန်း ကျန်းမာမာကြီးပြင်းလာခွင့်ဟာ အမြတ်ပါပဲ။

ရေမြောင်းတစ်ခု ရေမစီးဘဲ ထိပ်မှာ အမှိုက်တွေနဲ့ ပိတ်နေပြီဆိုရင် မြောင်းထိပ်က အမှိုက်ကိုလည်း ရှင်းလင်း ဆယ်ထုတ်ရမယ်။ မြောင်းထဲကို အမှိုက်ပစ်ချတတ်တဲ့ ကျေးဇူးရှင်များကိုလည်း တစ်ပြိုင်နက် ပညာပေးရမယ်၊ အရေးယူရမယ်၊ ဖော်ထုတ်ပြုပြင်ရမယ်။ မြောင်းကိုယ်တိုင်ကလည်း မြောင်းအင်္ဂါရပ်တွေဖြစ်တဲ့ အကွေ့အကောက်ကင်းမဲ့ခြင်း၊ အနိမ့်အမြင့်မှန်ကန်ခြင်း၊ ဘေးဘောင်များ ခိုင်ခန့်ကောင်းမွန်ခြင်းတွေလည်းရှိနေရမှာပေါ့။

ကမ္ဘာမှာ ခေတ်မီနိုင်ငံတော်ကြီးတွေမှာ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်ကြွယ်ဝသလောက် သူတို့ပြည်သူ ပြည်သားတွေရဲ့ ကျန်းမာရေးကိုလည်း အဆင့်အတန်းမြင့်မြင့်၊ စနစ်တကျကာကွယ် စောင့်ရှောက်ပေးလေ့ရှိပါတယ်၊ လေ့လာမှုသင်ယူမှု၊ သင်ကြားမှုတွေကလည်း အဆင့်သင့်၊ အသိဉာဏ်ပညာရေချိန်တွေကလည်း မြင့်မားတော့ သူတို့နိုင်ငံသားတွေ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါကူးစက်မှုကျရောက်မှုလျော့နည်းကာ လူ့သက်တမ်းတွေ ပိုရှည်ကြတာ တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာလည်း အရင်ကလိုကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့သတင်းများနဲ့ အဆက်အဆံများလာကာ တားဆီးပိတ်ဆို့တဲ့ကာလတွေလွန်မြောက်ခဲ့ပြီး၊ အစစအရာရာ ရင်ပေါင်တန်း လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းတဲ့ ခေတ်ကိုရောက်ရှိလို့လာခဲ့ပါပြီ။ ကမ္ဘာ့အဆင့်မီဖို့၊ ကမ္ဘာမှာ ဝင်ဆံ့နိုင်ဖို့ နိုင်ငံတော်နဲ့ ဒေသဆိုင်ရာ အစိုးရမင်းများ၊ ရှေ့ကကြိုးပမ်းနေတဲ့အချိန်ကာလမှာပဲ နောက်ပိုင်းကလည်း စည်းကမ်းရှိရှိနဲ့ အထူးသဖြင့် စားသောက်ကုန် ထုတ်လုပ်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ တင်သွင်းရောင်းချသူများဟာ ကိုယ့်စားသုံးသူတွေ အဆိပ်သင့်မှ၊ ကင်ဆာတွေဖြစ်မှ ရောဂါတွေတိုးမှ ကိုယ့်စီးပွားတိုးမယ့် တွက်ကိန်းကနေ ရုန်းထွက်ပြီး ကိုယ့်သားသမီး မိဘတွေကို ကိုယ်တိုင်ကျွေးရဲတဲ့ အစားအသောက်များ၊ အန္တရာယ်ကင်းတဲ့ အစားအစာများ တီထွင်ထုတ်လုပ်ရောင်းချရင်းဖြင့် စီးပွားများ တိုးတက်ကြပါစေလို့. . . .

■

## မုံရွာမြို့ရှိ ချင်းတွင်းရတနာဈေးနှင့် မြသလ္လာဈေးများအတွင်း ပစ္စည်းအမယ်ပေါင်း ၁၃၀ အနက် ၂၅ မျိုးတွင် အန္တရာယ်ဖြစ်စေသည့် ဓာတုဆိုးဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချင်းတွင်းရတနာဈေးနှင့် မြသလ္လာဈေးများတွင် ဖြန့်ဖြူးရောင်းချလျက် ရှိသော အန္တရာယ်ရှိစားသောက်ကုန်ပစ္စည်းများကို ဇန်နဝါရီလ ၂၆ ရက်နေ့လယ်က စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံ/စီးပွားဝန်ကြီး ဦးစိန်မောင်းနှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်း ဒေသကြီး ဦးစီးမှူး ဦးခမ်လျန်စွမ်းနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာန၊ ခရိုင် ပညာရေးမှူးရုံး၊ တိုင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းသမဝါယမဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မုံရွာဆီစက်လုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ၊ တိုင်းဥပဒေချုပ်ရုံး၊ တိုင်းစည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဝန်ထမ်းများလိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ယခင်ဓာတ်ခွဲခန်း (Mobile Lab)ဖြင့် ပစ္စည်းအမယ်ပေါင်း ၁၃၀ ကို စစ်ဆေးခဲ့ရာ ၂၅ မျိုးတွင် ဓာတုဗေဒဆိုးဆေးများ ပါဝင်နေသည့်အတွက် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ဓာတ်ခွဲခန်းအဖြေအရ သိရှိရပါသည်။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် ဓါတုဆိုးဆေးပါသော စားသောက်ကုန်ပစ္စည်းပိုင်ရှင်များကို ခေါ်ယူသတိပေးခြင်း၊ ၎င်းပစ္စည်းများ သိမ်းဆည်း ဖျက်ဆီးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ နောင်တွင် ရှောင်တခင်စစ်ဆေး၍ ပြန်လည်ရောင်းချခြင်းများ တွေ့ရှိပါက အမျိုးသား အစားအသောက်ဥပဒေနှင့် ဖြစ်စေ၊ စားသုံးသူကာကွယ်ရေး ဥပဒေနှင့်ဖြစ်စေ ပြင်းထန်စွာအရေးယူသွားရန်ရှိကြောင်း သတင်းရရှိပါသည်။ ယဉ်မာလှိုင် (မုံရွာ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Organizations News
Vol: 16, No.5 Monday February 1 2016

## အာဆီယံဒေသကို အရည်အသွေးပြည့်ဝသည့် ခရီးသွားလုပ်ငန်း ဒေသတစ်ခုအဖြစ် အကောင်အထည်ဖော်မည်

၂၀၂၅ ခုနှစ်မှာ အာဆီယံဒေသကို အရည်အသွေးပြည့်ဝတဲ့ ခရီးသွားဒေသဖြစ်လာအောင် ဦးတည်ဆောင်ရွက်လျက်ရှိရာ တစ်မူထူးခြားပြီး အမျိုးမျိုးသောဒေသဆိုင်ရာအတွေ့အကြုံတွေပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအဖွဲ့အနေနဲ့ ခရီးသွားလုပ်ငန်းဒေသတစ်ခုဖြစ်လာအောင်ဆောင်ရွက်ရန် ဆန္ဒရှိပြီး ခရီးသွားလုပ်ငန်းအော်ပရေတာများက ခရီးသွားလုပ်ငန်းအစီအစဉ်တွေကိုတီထွင်ဆန်းသစ်မှုရှိအောင်ရေးဆွဲကာ ဒေသတွင်းအချင်းချင်းခရီးသွားလာမှု လုပ်ငန်းကိုတိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းထားပါတယ်။

ပဏာမထုတ်ပြန်တဲ့စာရင်းများအရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသို့ ဝင်ရောက်လာတဲ့ခရီးသွား အရေအတွက်က ၉၈ သန်းရှိခဲ့ရာ ၂၀၁၄ ခုနှစ်က အခြေအနေနဲ့ နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ အာဆီယံဒေသအချင်းချင်း ခရီးသွားလာမှုက ခရီးသည်ဝင်ရောက်မှုအားလုံးရဲ့ထိပ်ဆုံးမှာရှိနေပြီး ၂၀၁၅ ခုနှစ်က ဝင်ရောက်လာတဲ့ခရီးသည်အားလုံးရဲ့ ၄၂ ရာခိုင်နှုန်းအထိရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းမှာ အာဆီယံအသိုက်အဝန်းကို ထူထောင်ခဲ့ပြီးဖြစ်တာနဲ့အညီ အာဆီယံ ၁၀ နိုင်ငံမှခရီးသွားလုပ်ငန်းဝန်ကြီးများက ဇန်နဝါရီဒုတိယပတ်မှာ စီမံကိန်းမူကြမ်းဖြစ်တဲ့ "ASEAN Tourism Strategic Plan for 2016-25" ကို ရေးဆွဲခဲ့ကြပါတယ်။ ခရီးသွားဝန်ကြီးများကအာဆီယံဒေသကို တစ်ခုတည်းသောခရီးသွားလုပ်ငန်းဒေသအဖြစ်ဆောင်ရွက်နိုင်ဖို့အတွက် ခရီးသွားလုပ်ငန်းလှုပ်ရှားမှုတစ်ခုအဖြစ် "Vist ASEAN @ 50" ကို ရေးဆွဲခဲ့ကြပါတယ်။

Vist ASEAN @ 50 အရ ထင်ရှားတဲ့ ခရီးသွား အစီအစဉ်၊ ပြပွဲများနဲ့ အတွေ့အကြုံစတဲ့အစီအစဉ်ပေါင်း ၆၀၀ ကျော်ကိုစီစဉ်ဆောင်ရွက်ပြီး ထိုအစီအစဉ်များအရ ဒေသရဲ့ယဉ်ကျေးမှုအမွေအနှစ်နဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေတွေကို တွေ့ထိခံစားနိုင်အောင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထို့မျှမက အာဆီယံပြည်သူတွေရဲ့ လှိုက်လှဲပျူငှာ တဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကိုပါခံစားသိရှိနိုင်မှာ ဖြစ်ပါတယ်။

အဓိကရည်မှန်းချက်ထားတဲ့ ဈေးကွက်တွေကဒေသတွင်း၊ အာရှပစိဖိတ်အရှေ့အလယ်ပိုင်းနဲ့ ဥရောပမှ ခရီးသွားတွေဖြစ်ပါတယ်။

## အေအီးစီဖွဲ့စည်းတည်ထောင်မှုကြောင့် ဒေသတွင်းမှာ စွမ်းရည်ပြည့်ဝသည့်ပညာရှင် ရရှိရေးအတွက် ယှဉ်ပြိုင်မှု မြင့်မားလာနိုင်

အာဆီယံစီးပွားရေးအသိုက် အဝန်း (အေအီးစီ) တည်ထောင်မှုက ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုမှာ ထင်ရှားတဲ့ မှတ်တိုင်တစ်ခုဖြစ်ခဲ့ပြီး ဒေသတွင်းမှီတင်းနေထိုင်တဲ့ ပြည်သူ ၆၂၂ သန်းကျော်အတွက် အခွင့်အလမ်းတွေဖန်တီးပေးနိုင်ခဲ့သလို ပညာရှင်များ ရရှိရေးအတွက် ဒေသတွင်းမှာ ယှဉ်ပြိုင်မှုတွေရှိလာနိုင်ကြောင်း CFO Innova tion သတင်းမှာ ဖော်ပြထားပါတယ်။

"ပညာရှင်တွေအတွက် ဗဟိုအချက်အချာဒေသအဖြစ် တည်ရှိခဲ့တဲ့ စင်ကာပူနိုင်ငံရဲ့ ဆွဲဆောင်မှုစွမ်းအားတွေက အိမ်နီးချင်းနိုင်ငံတွေ ရဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံ နေရပါတယ်။ အာဆီယံဒေသတွင်းမှာ အတတ်ပညာရှင်တွေအပြည့်အဝ လှုပ်ရှားပြောင်းရွှေ့ခွင့် ရလာတဲ့အခါဒီ ယှဉ်ပြိုင်မှုက ပိုမိုပြင်းထန်လာနိုင်ဖွယ်ရှိပါတယ်" လို့ Human Capital Learder-ship Institute (HCLI) ရဲ့ အမှုဆောင် အရာရှိချုပ် ဝမ်ဆုရင်းကပြောပါတယ်။

ဒေသတွင်းမှာ စဉ်ဆက်မပြတ် ထိပ်ဆုံးနေရာကနေခဲ့တဲ့ စင်ကာပူနိုင်ငံကဒေသတွင်းစံပြနေရာတစ်နေရာ ဖြစ်ခဲ့ပါ တယ်။ ဒါပေမယ့် ရွှေ့ပြောင်းလုပ်သားများအပေါ် မှီခိုနေခြင်း၊ လုပ်သားတို့ရဲ့ စွမ်းအားကိုမြှင့်တင်ခြင်းနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကိုသင်ကြား လေ့ကျင့်ပေးထားသူတွေတိုးတက်လာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် စင်ကာပူ နိုင်ငံကလုပ်ငန်းတွေအကောင်အထည်ဖော်လျက်ရှိပါတယ်။ စင်ကာပူနိုင်ငံသား ၃၃ ရာခိုင်နှုန်းကလည်း ပြည်ပမှာအလုပ်လုပ်ကိုင်လျက်ရှိနေကြောင်း၊ ဒီလူတွေ က ပင်လယ်ရပ်ခြားမှာလုပ်ငန်းဆောင်ရွက်တဲ့အတွေ့အကြုံရှိသလိုဒေသ ဆိုင်ရာအသိပညာဗဟုသုတရှိကြတဲ့ အတွက် သူတို့တစ်တွေ စင်ကာပူနိုင်ငံသို့ ပြန်လာအောင်မူဝါဒရေးဆွဲ သူတွေက ဆောင်ရွက်သင့်ကြောင်း ဝမ်ကပြောပါ တယ်။

ပညာရှင်လုပ်သားများဆိုင်ရာ အညွှန်းကိန်းဖြစ်တဲ့ Global Talent Competitivness Index (GTC) 2015-16 မှာ စင်ကာပူနိုင်ငံက ထိပ်ဆုံးနေရာကို ထိန်းထားနိုင်ခဲ့တာ ယခုနှစ်အပါအဝင်သုံးနှစ်ဆက်တိုက်ရှိခဲ့ပါပြီ။ အာရှပစိဖိတ်ဒေသမှာ ပညာရှင်တွေကို ဆွဲဆောင် ထိန်းသိမ်းထားနိုင်တဲ့ နိုင်ငံသုံးနိုင်ငံက စင်ကာပူ၊ နယူးဇီလန်နဲ့ ဩစတြေးလျတို့ ဖြစ်ပါတယ်။



## အာဆီယံကုန်ထုတ်လုပ်မှုစံချိန်ကို အမီလိုက်ဖို့ ဗီယက်နမ်က ကြိုးပမ်း

လုပ်သားအင်အားနဲ့ အလုပ်အကိုင်ရရှိမှုနယ်ပယ်မှာ ဗီယက်နမ်နိုင်ငံက ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတွေကို ပခုံးချင်းယှဉ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနဲ့ ထိုသို့စွမ်းဆောင်ရည်ပြည့်ဝရေးအတွက်လာမယ့် ငါးနှစ်အတွင်း လုပ်သားများရဲ့ကုန်ထုတ်လုပ်မှုစွမ်းအားနဲ့ ဗီယက်နမ်လုပ်သားတို့ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်ကို တိုးမြှင့်ပေးဖို့ ကြိုးပမ်းလျက်ရှိကြောင်း ဗီယက်နမ်နက်ဘရစ်သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ ယခုလိုကြိုးပမ်းဆောင်ရွက်မှုက ၂၀၂၀ ပြည့်နှစ် မှာ အကောင်အထည်ဖော်မယ့် အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးမဟာဗျူဟာ (Strategy on International Intergration) ရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။

ဒီရည်မှန်းချက်ကို ၂၀၃၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်သွားမှာဖြစ်ပြီး ဒီမဟာဗျူဟာကို ဝန်ကြီးငယ်ငတန်ဇွန်းထံမှ အတည်ပြုချက်ရယူထားပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်က အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်ခဲ့ပြီးနောက်ပိုင်း ဒီမဟာဗျူဟာကို အတည်ပြုပေးခဲ့တာဖြစ်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကလည်း ကမ္ဘာပေါ်မှာတတိယအကြီးမားဆုံး စီးပွားရေးပေါင်းစည်းမှုတစ်ခုဖြစ်ပါတယ်။ လူဦးရေ ၆၂၂ သန်းရှိတဲ့ ဈေးကွက်ကြီးက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံထိ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးမယ့် ဈေးကွက်ကြီး ဖြစ်ပါတယ်။

ယခုချမှတ်လိုက်တဲ့ မဟာဗျူဟာက ဗီယက်နမ်နိုင်ငံအတွက် အခွင့်အလမ်းနဲ့ စိန်ခေါ်မှု နှစ်ခုစလုံးကိုပါဆောင်ကျဉ်းပေးမယ့် မဟာဗျူဟာဖြစ်ပါတယ်။ အာဆီယံအုပ်စုအတွင်းမှာ လုပ်သားတွေအတွက် ကောင်းမွန်တဲ့ အခြေအနေတွေဖန်တီးပေးမှာဖြစ်သလို စိန်ခေါ်မှုတွေကလည်း ကြုံဆိုလျက် ရှိပါတယ်။

အလုပ်သမား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စာရင်းများအရ ဗီယက် နမ်နိုင်ငံမှာ လုပ်သားအင်အား ၅၃ ဒသမ ၇ သန်းရှိတဲ့အနက် ၂၀ ဒသမ ၆ ရာခိုင်နှုန်းက ဘွဲ့ရသူတွေ ဖြစ်ပါတယ်။ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဗီယက်နမ်နိုင်ငံမှာလုပ်သား ၁၆ ဒသမ ၇ သန်းကိုအသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးဌာနမှာ ထပ်မံလေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ငွေကြေးစာချုပ်စာတမ်းများရောင်းချမှုအတွက် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို အေပက်အဖွဲ့ဝင်နိုင်ငံတို့ လျှော့ချမည်

ဒေသတွင်းမှာရှိတဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေက ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ စာချုပ်စာတမ်းတွေကိုနယ်နိမိတ်ဖြတ်ကျော်ရောင်းချတဲ့ အခါပေးဆောင်ဖို့ သတ်မှတ်ထားတဲ့စည်းမျဉ်းတွေကိုလျှော့ချပေးဖို့ အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) အဖွဲ့ဝင် ခုနစ်နိုင်ငံတို့က သဘောတူခဲ့ကြပါတယ်။ အေပက်အဖွဲ့ဝင်ခုနစ်နိုင်ငံဖြစ်တဲ့ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီးလန်၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့က "Asia Region Funds Passport" ဆိုတဲ့ အစီအစဉ်မှာပါတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး နားလည်မှုစာချွန်လွှာကို စင်ကာပူမှာ ဇန်နဝါရီ ၁၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းတွေ ပြန်လည်ရောင်းချပြီး ပစိဖိတ်စီးပွားရေးလုပ်ငန်းအတွင်း အေပက်အဖွဲ့ဝင်တို့ ပါဝင်ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့မှုရှိစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတဲ့ Asia Region Funds Passport အစီအစဉ်မှာ အေပက်အဖွဲ့ဝင်နိုင်ငံတွေက ရှေ့ဆောင်လမ်းပြအဖြစ် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ယခုသဘောတူညီချက်အရ နောက်ဆုံးမှာ ဒေသတွင်းမှာ အလုပ်အကိုင်ဖန်တီးရေးနဲ့ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ ခုနစ်နိုင်ငံရဲ့ အာမခံစာချုပ်စာတမ်း ကြီးကြပ်သူတို့က ယခုနှစ် နှစ်ဦးပိုင်းမှာ နောက်ထပ်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးဖို့စီစဉ်ထားကြောင်း တရားဝင်ကြေညာချက်မှာ ဖော်ပြထားပါတယ်။ Asia Region Funds Passport အစီအစဉ်ကို ၂၀၁၇ ခုနှစ်မှာ အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။ Asia Region Funds Passport ကို လက်တွေ့အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေက စာချုပ်မှာပါဝင်တဲ့နိုင်ငံနှစ်နိုင်ငံသို့မဟုတ် နှစ်နိုင်ငံအထက်လက်မှတ်ရေးထိုးပြီးတာနဲ့ အကောင်အထည်ဖော်မှာဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။

# နိုင်ငံခြားသားအလုပ်သမားများအတွက် အခွန်အခမူဝါဒ ပြောင်းလဲမည်မဟုတ်

စင်ကာပူနိုင်ငံကကျင့်သုံးနေတဲ့ နိုင်ငံခြားသားအလုပ်သမားအခွန်အခမူဝါဒကို အစိုးရကပြောင်းလဲဦးမည်မဟုတ်ကြောင်း လူအင်အားဝန်ကြီးဌာန ဝန်ကြီးတဲအိုဆာလပ်က ဇန်နဝါရီ ၂၅ ရက်ကပြောပါတယ်။ စီးပွားရေးလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ စင်ကာပူစီးပွားရေးလုပ်ငန်းများအနေနဲ့ အခက်အခဲများ ကို ကျော်လွှားနိုင်ရေးအတွက် အကြံပြုချက်များပါဝင်တဲ့ ၂၀၁၆ ခုနှစ် ဘတ်ဂျက်ထောက်ခံတင်ပြချက်များကို စင်ကာပူစီးပွားရေးလုပ်ငန်းများ ဖက်ဒရေးရှင်း (Singapore Business Federation-SBF) ရဲ့ အက်စ်အမ်အီး ကော်မတီက တင်သွင်းခဲ့ပါတယ်။ ဒီထောက်ခံတင်ပြချက်များနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်းရာမှာ ဝန်ကြီးက ယခုကဲ့သို့ပြောကြားခဲ့တာ ဖြစ်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

အက်စ်အမ်အီး ကော်မတီရဲ့ ထောက်ခံတင်ပြချက်ထဲမှာ နိုင်ငံခြားသားလုပ်သားရဲ့ အခွန်မြှင့်တင်မယ့် အစီအစဉ်ကိုဆိုင်းငံ့ထားဖို့နဲ့ ကျွမ်းကျင်မှုမြင့်မားပြီး S Pass ကိုင်ဆောင်ထားသူတွေအပေါ် ကောက်ခံတဲ့အခွန်ကို ပယ်ဖျက်ပေးဖို့ အကြံပြုထားပါတယ်။ ချေးငွေတွေမြင့်တက်လျက်ရှိနေတာ ကိုလည်း အစိုးရကကူညီဖြေရှင်းပေးဖို့ ကော်မတီက အကြံပြုထားပါတယ်။ နောင်အနာဂတ်ကာလမှာ အက်စ်အမ်အီးများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်ဖို့နဲ့ တစ်ခုတည်းသော အေဂျင်စီတည်ထောင်ဖို့လည်း အကြံပြုထားပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို အကူအညီပေးဖို့အတွက် အစိုးရကနည်းမျိုးစုံရှာဖွေသွားမှာ ဖြစ်ကြောင်း၊ ဒါပေမယ့် နိုင်ငံခြားသား လုပ်သားများအပေါ် ကောက်ခံတဲ့အခွန်ကိုတော့ လျှော့ချပေးဦးမှာ မဟုတ်ကြောင်း ဝန်ကြီးက ပြောပါတယ်။

"နိုင်ငံခြားသားတွေကိုကောက်ခံတဲ့ အခွန်ကဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။ မူဝါဒပြောင်းမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနှစ်ရဲ့အခြေအနေကို ကျွန်တော်တို့နားလည်ပါတယ်။ စီးပွားရေးအခြေအနေက အက်စ်အမ်အီးတွေအတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေပြီး သူတို့ကို ဘယ်လိုကူညီရမလဲဆိုတာကို ကျွန်တော်တို့နည်းလမ်းရှာနေပါတယ်။ အခုကျွန်တော် လုပ်နိုင်တာက အဲဒီလောက်ပဲရှိပါသေးတယ်"လို့ သူကပြောပါတယ်။

# ကုန်သွယ်မှုကုစားချက်များက ဗီယက်နမ်စီးပွားရေးလုပ်ငန်းများရဲ့ အကျိုးကို ကာကွယ်သင့်



ကုန်သွယ်မှု လုပ်ငန်းတွေမှာ ဖြေလျှော့မှုတွေ အများကြီးပြုလုပ်ပြီးနောက် ကုစားမှုတွေကိုဆောင်ရွက်ပေးဖို့လည်းလိုအပ်ပါတယ်။ ဒီလိုဖြေလျှော့ပေးတဲ့အစီအမံတွေကို အသုံးချဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာ ဗီယက်နမ်ပြည်တွင်းထုတ်လုပ်သူတို့ရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးဖို့လိုအပ်တယ်လို့ ဗီယက်နမ်နယူးစ်အေဂျင်စီရဲ့ သတင်းမှာ ဖော်ပြထားပါတယ်။

ဗီယက်နမ် သံမဏိအသင်းက ထုတ်ပြန်တဲ့ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံက ၂၀၁၅ ခုနှစ်မှာ သံမဏိတန် ၁၅ သန်းနီးပါးထုတ်လုပ်ခဲ့ရာနှစ်အလိုက်နှိုင်းယှဉ်ရင် ၂၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး ပြည်ပမှသွင်းယူလာသော သံမဏိများ အပါအဝင် သံမဏိတန် ၁၇ ဒသမ ၉ သန်းရှိခဲ့ရာနှစ်အလိုက်တိုးတက်မှု ၂၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ်က ပြည်ပကိုတင်ပို့ရာမှာ ဗီယက်နမ်သံမဏိလုပ်ငန်းတွေက ကုန်သွယ်ရေးကုစားချက်နဲ့ တန်ပြန်စုပုံမှုအတွက် တရားစွဲဆိုမှု ၁၂ မှုကို ရင်ဆိုင်ခဲ့ရပါတယ်။ ဗီယက်နမ် နိုင်ငံအတွင်းသို့ သံမဏိတင်သွင်းမှုက အလုံးအရင်းနဲ့ ဝင်ရောက်လာပြီး တန် ၁၃ သန်းအထိရောက်ရှိကာတန်ဖိုးငွေ ဗီယက်နမ်ဒေါ်လ် ၂၀၁ ထရီလီယံ ရှိခဲ့ပါတယ်။ သံမဏိပို့ကုန်က တန် ၂ ဒသမ ၈ သန်းရှိပြီးတန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၄၄ ထရီလီယံအထိရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ သံမဏိပို့ကုန်တင်ပို့တဲ့ဒေသကိုတိုးချဲ့သွားမှာဖြစ်တဲ့အတွက် ဗီယက်နမ်သံမဏိတင်ပို့မှုလုပ်ငန်းမှာ အခွင့်အလမ်းတွေပိုမိုရရှိလာပြီး တင်ပို့ဖို့ ရည်မှန်းထားတဲ့ တိုးတက်နှုန်း ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဗီယက်နမ်က ပို့ကုန်တွေကို တိုးမြှင့်တဲ့အခါ ဗီယက်နမ်ပို့ကုန်တွေကို သူတို့ရဲ့ပြည်တွင်း လုပ်ငန်းတွေအတွက် ခြိမ်းခြောက်မှုအဖြစ် လက်ခံတဲ့နိုင်ငံတွေကယူဆပြီး ကုန်သွယ်မှုကုစားချက်တွေကို တိုးမြှင့်ဆောင်ရွက်လာနိုင်ကြောင်း စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဗီယက်နမ်ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။ မလေးရှား၊ ထိုင်းနဲ့ အင်ဒိုနီးရှားလို အာဆီယံနိုင်ငံများကပင်လျှင် ကုန်သွယ်မှုကုစားချက်အဖြစ် တရားစွဲဆိုမှုတွေရှိခဲ့ကြောင်း သူက ပြောပါတယ်။

# အီးယူနည်းဥပဒေများကိုလေ့လာဖို့ ဗီယက်နမ်ပြည်တွင်းကုမ္ပဏီများကို တိုက်တွန်း

နှစ်ဘက်စလုံးမှာ အကျိုးစီးပွားရှိနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိစေနိုင်ရန်အတွက် ဥရောပသမဂ္ဂ (အီးယူ) ဈေးကွက်တွေမှာ ကျင့်သုံးလျက်ရှိတဲ့ သန့်ရှင်းရေးနဲ့ အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ အစီအမံတွေကို လေ့လာထားရန်လိုအပ်ကြောင်း ငါးလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းများ ထုတ်လုပ်နေတဲ့ဗီယက်နမ်လုပ်ငန်းများကို ဗီယက်နမ်ငါးလုပ်အသင်း က ပြောပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် လွတ်လပ်တဲ့ကုန်သွယ်မှုစာချုပ်များနဲ့ ညီညွတ်မှုရှိပြီး ပို့ကုန်အခြေခံစခန်းတွေကို တိုးချဲ့နိုင်မယ်လို့ပြောကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံနဲ့ အီးယူနိုင်ငံတွေက လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များကို ချုပ်ဆိုထားပြီးဖြစ်ရာ ထိုစာချုပ်များအရ အကောက်အခွန်အမြောက်အမြားကို ပယ်ဖျက်ထားတာကြောင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိနိုင်တဲ့ အလားအလာတွေ ရှိနေပါတယ်။ ဒါကြောင့် အီးယူဈေးကွက်တွေကို လွယ်ကူချောမွေ့စွာထိုးဖောက်နိုင်ရေးအတွက် ဗီယက်နမ်ငါးထုတ်ကုန်များ၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးတင်ပို့တဲ့လုပ်ငန်းရှင်တွေက အီးယူကပြဌာန်းထားတဲ့ သန့်ရှင်းရေးနဲ့အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာပြဌာန်းချက်တွေကို နားလည်ဖို့လိုကြောင်း ဗီယက်နမ်ငါးလုပ်ငန်းအသင်းမှ ငုယင်တူကောင်းက ပြောပါတယ်။

သွင်းကုန်ဈေးကွက်တွေအတွက်ချမှတ်ထား တဲ့ စံချိန်စံညွှန်းတွေကို ဗီယက်နမ်တင်ပို့သူတွက ဖြည့်ဆည်းမပေးနိုင်ဘူးဆိုရင် ကုန်သွယ်ရေးသဘောတူစာချုပ်တွေအရ ပေးထားတဲ့အခွင့်အလမ်းတွေက အဓိပ္ပါယ်မဲ့သွားမှာဖြစ်ကြောင်း ကောင်းကပြောပါတယ်။

ဗီယက်နမ်ရဲ့ စည်းမျဉ်းဥပဒေတွေက အီးယူရဲ့ စည်းမျဉ်းဥပဒေတွေနဲ့ ညီညွတ်မှုမရှိသေးတဲ့အတွက် ပြည်တွင်းစီမံခန့်ခွဲရေးအေဂျင်စီတွေနဲ့ ပို့ကုန်လုပ်ငန်းတွေက အီးယူရဲ့စည်းမျဉ်းဥပဒေတွေကို အပြည့်အဝနားလည်မှုမရှိသေးကြောင်း ကောင်းကပြောပါတယ်။

အီးယူဈေးကွက်ကို ရေရှည်ထိန်းထားနိုင်ဖို့အတွက် ဗီယက်နမ်ရဲ့ သန့်ရှင်းရေးနဲ့ အပင်ပိုးမွှားရောဂါကင်းရှင်းရေး စည်းမျဉ်းဥပဒေတွေကို အီးယူစံနှုန်းနဲ့ ကိုက်ညီအောင်ဆောင်ရွက်ဖို့ ရှေ့လုပ်ငန်းစဉ်ချမှတ်ရန်လိုကြောင်း သူကပြောပါတယ်။ တားမြစ်ထားတဲ့ ပဋိဇီဝဆေးတွေ၊ သတ္တုဓာတ်တွေနဲ့ ပိုးသတ်ဆေးအကြွင်းအကျန်တွေများနေကြောင်း အီးယူက ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေကို သတိပေးစာတွေပေးပို့နေတဲ့အတွက် သန့်ရှင်းရေးကယခုအခါမှာ အရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်လာကြောင်း ဗီယက်နမ်သန့်ရှင်းရေးနဲ့ အပင်ပိုးမွှားကင်းရှင်းရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး လီသန်းဟွာက ပြောပါတယ်။

ဘာသာပြန် - စုစည်းတင်ပြသည်



# အရောင်းမြှင့်တင်မှုအဖြစ် ထိုင်းအဲအေရှက လေယာဉ်လက်မှတ်ခ ၂၀ ရာခိုင်နှုန်းလျှော့ချ

ထိုင်းအဲအေရှလေကြောင်းလိုင်းက အရောင်းမြှင့်တင်မှုအဖြစ် သတ်မှတ်ထားတဲ့နေရာများသို့ သွားရောက်မယ့် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ခများ ဧပြီလအထိလျှော့ချပေးထားပါတယ်။ ဒါပေမယ့် ကြိုတင်လက်မှတ်များကိုမူ ဖေဖော်ဝါရီ ၇ ရက်အထိသာ ရောင်းချပေးမှာဖြစ်ကြောင်း ထိုင်းအဲအေရှဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ဗန်ကောက်မှ စတင်ထွက်ခွာမယ့် ခရီးစဉ်တစ်ကြောင်းအတွက် အရောင်းမြှင့်တင်မှုအဖြစ်လေယာဉ်လက်မှတ်ခတွင် လေဆိပ်ခွန် (Airport Tax) ပါဝင်ပြီး ဗန်ကောက်၊ နာခွန်စီသမ်မာရက်၊ ဆူရက်သာနီနဲ့ အူဘွန်ရာချက်သာနီ ခရီးစဉ်အတွက် ၅၈၈ ဘတ်ဖြစ်ပါတယ်။

ဟက်ထိုင်း၊ ကရာဘီ၊ ထရန်၊ ခွန်ကင်း၊ နာခွန်ဖနွမ်၊ လိုအေး၊ ဂွိုင် အက်နဲ့ နန်း ခရီးစဉ်အတွက် လက်မှတ်ခက ၇၈၈ ဘတ် ဖြစ်ပါတယ်။

ချင်းရိုင်၊ ချင်းမိုင်နဲ့ ဖူးခက်ခရီးစဉ်အတွက် ၈၈၈ ဘတ်နဲ့ နာရာသီဝပ်အတွက် ၁၂၈၈ ဘတ်နှုန်းရှိပါတယ်။

အိမ်နီးချင်းနိုင်ငံများသို့ ထွက်ခွာမယ့်ခရီးစဉ်များအတွက် ဟန္တိုင်း၊ ဟိုချီမင်းစီးတီးနဲ့ ရန်ကုန်ခရီးစဉ်အတွက် ဘတ်၉၉၀ဖြစ်ပါတယ်။ ဖနွမ်းပင်အတွက် ဘတ် ၁၆၉၀၊ ဆီအမ်ရီအတွက် ၈၂၅ ဘတ်နဲ့ မန္တလေးအတွက် ၂၃၃၅ ဘတ်ဖြစ်ပါတယ်။ အာဆီယံဒေသတွင်းရှိ တခြားနေရာများဖြစ်တဲ့ စင်ကာပူသို့ ဘတ် ၁၂၉၀၊ ပီနန်သို့ ဘတ် ၁၉၉၀ နဲ့ ဘာလီသို့ဘတ် ၂၉၉၀ နှုန်းဖြစ်ပါတယ်။

တရုတ်နိုင်ငံအတွင်းရှိ ဒေသအသီးသီးသို့ သွားရောက်မယ့် ခရီးစဉ်များကိုလည်း ဈေးနှုန်းများလျှော့ချထားပေးပါတယ်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ ၇ ရက်အထိသာရောင်းချပေးမှာဖြစ်ပြီး ခရီးသွားကာလကို ဇန်နဝါရီ၂၇ ရက်မှဧပြီ၂၈ ရက်အထိ သတ်မှတ်ထားပါတယ်။ ပြည်ပခရီးစဉ်တွေအတွက် ဈေးနှုန်းတွေက ငွေလဲနှုန်းအတက်အကျအပေါ် မူတည်ပြောင်းလဲပါမယ်။ အရောင်းမြှင့်တင်ရေးကြိုတင်နှုန်းထားများကို airasia.com အွန်လိုင်းကသာ ရောင်းချပေးမှာဖြစ်ပြီး လက်မှတ်ခကို ၂၀ ရာခိုင်နှုန်းလျှော့ပေးမှာဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဟာနွိုင်း**

အကောက်ခွန်စာရင်းများအရ ဗီယက်နမ်နိုင်ငံရဲ့ မိုဘိုင်းဖုန်းပြည်ပတင်ပို့မှုမှာ ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာဘီလီယံ ၃၀ ကျော်ရှိခဲ့ရာ အခြားထုတ်ကုန်များထက်သာလွန်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ဒသမ ၉ ရာခိုင်နှုန်းပိုမိုခဲ့ပြီး စုစုပေါင်းပြည်ပပို့ကုန်ဝင်ငွေရဲ့ ၁၈ ဒသမ ၇ ရာခိုင်နှုန်းအထိရောက် ရှိခဲ့ကြောင်းနဲ့ အီးယူက ဗီယက်နမ်ရဲ့ အကြီးမားဆုံးစမတ်ဖုန်းဝယ်လက် ဖြစ်ကြောင်း Thanh NienNews သတင်းမှာ ဖော်ပြပါတယ်။

**တိုကျို**

ဂျပန်နိုင်ငံရဲ့ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်မှုက ရာသီအလိုက်ညှိနှိုင်းမှုအရ ယခင်လနဲ့နှိုင်းယှဉ်ပါက ဒီဇင်ဘာမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ယခုကဲ့သို့ကျဆင်းခြင်းမှာ ဒုတိယမြောက်လအဖြစ်ဆက်တိုက်ကျဆင်းခြင်းဖြစ်ပြီး တရုတ်စီးပွားရေး နှေးကွေးကျဆင်းမှုကြောင့် ဂျပန်ပို့ကုန်များဝယ်လိုအားကျဆင်းနေတာကို ပြသလျက်ရှိကြောင်း ဇန်နဝါရီ ၂၉ ရက်ကထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများကို ကိုးကား၍ နီကေးသတင်းမှာဖော်ပြပါတယ်။

**ဂျကာတာ**

တောင်ကိုရီးယား နိုင်ငံမှာ အင်ဒိုနီးရှားအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေထုတ်လုပ်ပြီး တောင်ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ရယူနိုင်ဖို့အတွက် နှစ်နိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ပူးတွဲဆောင်ရွက်ကြဖို့ အင်ဒိုနီးရှားနဲ့ တောင်ကိုရီးယားအစိုးရတို့ သဘောတူခဲ့ကြကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းကိုတာဘိုတိုရှိဆူရာလာမှာ တည်ဆောက်ထားတဲ့ NV Voget Philippine Solar Energy One ကုမ္ပဏီပိုင် ၁၀-မီဂါဝပ်ထုတ်လုပ်မယ့် နေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံမှ ပထမအကြိမ်အဖြစ် ၅-မီဂါဝပ်ကိုထုတ်လုပ်မယ့် စက်ရုံ ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်ကကျင်းပခဲ့ရာ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ် တောက်မှုကို လျှော့ချနိုင်တော့မှာဖြစ်ကြောင်း စတားသတင်းမှာ ဖော်ပြပါတယ်။

**MIDDLE EAST**

## ရေနံဈေးနှုန်းကျဆင်းမှုကို ပူးပေါင်းကာကွယ်ဖို့ အိုပက်အကြီးအကဲ နှိုးဆော်

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းတွေက ဇန်နဝါရီ ၂၂ ရက်မှာ ၁၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ရာမှ ဇန်နဝါရီ ၂၆ ရက်မှာ ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၃၀ အောက်ကျဆင်းတဲ့အတွက် ရေနံစိမ်းဈေးနှုန်းများပြန်လည်မြင့်တက်စေရန် အိုပက်အဖွဲ့ဝင်နိုင်ငံများနဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ ရေနံထုတ်လုပ်သူနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် အိုပက်အထွေထွေ အတွင်းရေးမှူး အဗ္ဗဒယ်လာအယ်ဘာဒရီက တိုက်တွန်းကြောင်း အီကော်နောမစ်တိုင်းသတင်းမှာ ဖော်ပြပါတယ်။

မြောက်အမေရိကအခြေခံစံထားဈေးနှုန်းဖြစ်တဲ့ အနောက်တက္ကဆပ်ရေနံအကဲ့ဈေးက ဇန်နဝါရီ ၂၆ ရက် မှာ ၂ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယနေ့ထိကျဆင်းမှုကိုကြည့်ပါက ယခုနှစ်အတွင်းအနောက်တက္ကဆပ်ရေနံအကဲ့ဈေးက ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဆော်ဒီအာရေးဘီးယားနဲ့ အီရန်နိုင်ငံတို့ရဲ့ နိုင်ငံရေးအရတင်းမာမှုများကြောင့် ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့ရပါတယ်။ ရုရှားနိုင်ငံကလည်း ရေနံထုတ်လုပ်မှုလျှော့ချဖို့ လက်တွန့်နေဆဲ ဖြစ်ပါတယ်။ ဈေးကွက်ချိန်ခွင်လျှာမျှတအောင်ကြိုးပမ်းဆောင်ရွက်ရာမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့ အိုပက်နဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ ရေနံထုတ်နိုင်ငံနှစ်နိုင်ငံစလုံးကို ဘာဒရီက တိုက်တွန်းထားပါတယ်။

"ဒီပြဿနာနဲ့ပတ်သက်ပြီး အဖြေရရှိဖို့ရေနံထုတ်လုပ်တဲ့ နိုင်ငံကြီးတွေ အတူတကွ တွေ့ဆုံဆွေးနွေးဖို့ အရေးကြီးပါတယ်။ ဈေးကွက်ထဲမှာ ဈေးနှုန်းတွေ ပြန်လည်နာလန်ထူဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အမြတ်ထွက်လောက်တဲ့အထိ သိုလှောင်လက်ကျန်တွေကျဆင်းဖို့ လိုပါတယ်"လို့ သူကပြောပါတယ်။

ရေနံဈေးနှုန်းတွေ တအိအိကျဆင်းနေတဲ့အတွက် ရေနံဈေးနှုန်းမြင့်တက်အောင်ဆောင်ရွက်ဖို့ နိုင်ငံတွေနဲ့ ကုမ္ပဏီတွေက ဆန္ဒပြုကြပါတယ်။

**SOUTH ASIA**

## အိန္ဒိယတန်ဖိုးသင့်အိမ်ရာများ လူကြိုက်နည်း



အိန္ဒိယအိမ်ခြံမြေဈေးကွက်ဈေးငြိမ်နေခြင်း၊ အခြေခံအဆောက်အအုံ ညံ့ဖျင်းခြင်းနဲ့ ဈေးနှုန်းများအပြောင်းအလဲဖြစ်မယ့်လက္ခဏာများ ရှိနေခြင်းတို့ကြောင့်မြို့ကြီးများနဲ့ အရန်မြို့တွေမှာရှိတဲ့ "တန်ဖိုးသင့်အိမ်ရာများ" က "တန်ဖိုးမသင့်တဲ့အိမ်ရာများ" အဖြစ်တည်ရှိနေဆဲဖြစ်ကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းမှာ ဖော်ပြထားပါတယ်။

ICICI ဘဏ်ရဲ့ သုံးသပ်ချက်အရ လက်ရှိဘဏ္ဍာနှစ်အတွင်းမှာ Tier II နဲ့ Tier III အဆင့်ရှိနေရာတွေမှအိမ်ရာများအတွက်ချေးငွေတွေက ၃၀ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ပြီး Tier I အဆင့်ရှိနေရာတွေမှာ ၂၀ ရာခိုင်နှုန်းတိုးတက်ခဲ့တာကို တွေ့ရပါတယ်။

"တချို့နေရာတွေမှာ အိမ်ခြံမြေအရောင်းတွေကျဆင်းနေပြီး မွမ်ဘိုင်းနဲ့ နယူးဒေလီတို့လို မြို့ကြီးတွေမှာ မရောင်းရဘဲကျန်နေတဲ့ လက်ကျန်အိမ်တွေများပြားနေတာကိုတွေ့ရပါတယ်" လို့ ဘဏ်ရဲ့အမှုဆောင်ဒါရိုက်တာ ရာဂျစ်ဆာမဝါက ပြောပါတယ်။

ဘဏ်ရဲ့အိမ်ခြံမြေချေးငွေထဲမှာပဲ လေးပုံတစ်ပုံက အိမ်အသစ်မဟုတ်ဘဲပြန်လည်ရောင်းချတဲ့ အထဲကဖြစ်ပါတယ်။ ချေးငွေအနေနဲ့ကြည့်ရင် ဘဏ်ချေးငွေအားလုံးရဲ့ ၂၄ ရာခိုင်နှုန်းရှိနေပါတယ်။ ယခင်ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာမှ ၂၀၁၅ ခုနှစ်အောက်တိုဘာအထိကာလအတွင်းမှာ ရောင်းချရတဲ့ အိမ် ၃ ဒသမ ၅ သိန်းအနက် "တန်ဖိုးသင့်အိမ်ရာ"က လုံးရေ ၄၁၀၀၀ မျှသာရှိပါတယ်။

တန်ဖိုးသင့်အိမ်ရာကို ဝယ်ယူသူတွေက လခစားဝန်ထမ်းများဖြစ်ပြီး အိမ်ခြံမြေဈေးကွက်တစ်ခုလုံးကျဆင်းနေတဲ့အတွက် အဝယ်ကျဆင်းလာတာကြောင့် တတိယသုံးလပတ်မှာ အရောင်း ကျဆင်းနေကြောင်း Kotak Mahirdra Bank မှ ဒုတိယဥက္ကဋ္ဌ ဂျမ်ဘူဆင်းက ပြောပါတယ်။

**EAST ASIA**

## တရုတ်ကုန်ပစ္စည်းများကြောင့် တောင်ကိုရီးယားပို့ကုန်များရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်း

တရုတ် ကုန်ပစ္စည်းများကြောင့် တောင်ကိုရီးယား ထုတ်ကုန်များမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းပြီး ပြည်ပသို့တင်ပို့မှုပါ ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်က ဇန်နဝါရီ ၂၆ ရက်က ပြောပါတယ်။ တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ အဆိုအရ တောင်ကိုရီးယားထုတ်ကုန်များရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မှာ ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အထိုက်အလျောက်တိုးတက်ကောင်းမွန်ခဲ့ပေမယ့် ကမ္ဘာ့ဈေးကွက်မှာ တရုတ်ကုန်ပစ္စည်းများက တောင်ကိုရီးယားထုတ်ကုန်များထက်ကျော်လွန်သွားကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"တောင်ကိုရီးယားနိုင်ငံရဲ့ ကမ္ဘာ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က ၂၀၀၅ ခုနှစ်နောက်ပိုင်းမှာ အထိုက်အလျောက်တိုးတက်ခဲ့ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်အောက်ကိုနိမ့်ကျနေဆဲ ဖြစ်ပါတယ်။ နိုင်ငံနှစ်နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကွာဟချက်ကတော့ ကျဉ်းမြောင်းလာတဲ့သဘောကိုတွေ့ရပါတယ်"လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တင်ပို့မှုက မှန်မှန်တိုးတက်ခဲ့ပေမယ့် တိုးတက်မှုနှုန်းက တရုတ်နိုင်ငံရဲ့ စုစုပေါင်း သွင်းကုန်တိုးတက်မှုနှုန်းအောက်ကို ကျဆင်းနေပါတယ်။ တရုတ်ဈေးကွက်ထဲမှာ တောင်ကိုရီးယားကုန်ပစ္စည်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင်ကျဆင်းနေပါတယ်။ တောင်ကိုရီးယားထုတ်ကုန်တွေက တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းတွနဲ့ နှိုင်းယှဉ်ရင်လည်းယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းနေတာကို တွေ့ရပါတယ်။

၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းမှာ တောင်ကိုရီးယားထုတ်ကုန်အများစုရဲ့ ကမ္ဘာ့ဈေးကွက်ဝေစုက ပြိုင်ဘက်တရုတ်ကုန်စည်တွေရဲ့ ဈေးကွက်ဝေစုနဲ့ နှိုင်းယှဉ်ရင် ကျဆင်းနေတာကို တွေ့ရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**USA**

## အမေရိကန် စားသုံးသူများက စီးပွားရေးအပေါ် ပိုမိုယုံကြည်လာ




အမေရိကန် အလုပ်သမားဈေးကွက်ခိုင်မာမှုနဲ့ ဓာတ်ဆီဈေးနှုန်းတွေကျဆင်းမှုကြောင့် ဇန်နဝါရီလမှာ အမေရိကန်စီးပွားရေးအပေါ် စားသုံးသူတွေရဲ့ ယုံကြည်မှုမြင့်တက်လာကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းမှာဖော်ပြထားပါတယ်။

စားသုံးသူတွေရဲ့ ယုံကြည်မှုအညွှန်းကိန်းက ဒီဇင်ဘာမှာ ၉၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇန်နဝါရီမှာ ၉၈ ဒသမ ၁ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ရာ လအလိုက်နှိုင်းယှဉ်ကြည့်ရင် နှစ်လဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဖရင့်ဘုတ်အဖွဲ့က ပြောပါတယ်။

မကြာသေးမီက စတော့ဈေးကွက်တွေ တစ်ဟုန်ထိုး ကျဆင်းမှုနဲ့ ကမ္ဘာ့စီးပွားရေးမှာအားနည်းမှုတွေရှိနေပေမယ့် စားသုံးသူတွေက စိုးရိမ်မှုမရှိခဲ့ကြောင်း ဘုတ်အဖွဲ့ကပြောပါတယ်။

"ယခုလအတွင်း အီကွိတီရှယ်ယာဈေးငွေ မတည်မငြိမ်ဖြစ်နေတဲ့ကြားက စီးပွားရေးအပေါ်ယုံကြည်မှုမြင့်တက်လာတာက အတော်အံ့သြစရာ ကောင်းပါတယ်။ အလုပ်သမားဈေးကွက်တိုးတက်ခိုင်မာမှု၊ ဓာတ်ဆီဈေးနှုန်းကျဆင်းမှုနဲ့ အခြေခံအသုံးအဆောင်စရိတ်တွေ ကျဆင်းမှုက ဘဏ္ဍာရေးဈေးကွက်ကြောင့်ဖြစ်ပျက်ခဲ့ရတဲ့ ယုံကြည်စိတ်ကျဆင်းမှုကို ပြန်လည် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်" လို့ BNP Paribas မှ စီးပွားရေးပညာရှင် ဒဲရက်လင်းဆီက ပြောပါတယ်။

တရုတ်စီးပွားရေး ဆက်တိုက်နှေးကွေးကျဆင်းမှုနဲ့ ရေနံအပါအဝင်ကုန်စည်ဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် စတော့ဈေးကွက်တွေမှာ ကသောင်းကနင်းတွေဖြစ်ပေါ်နေပါတယ်။

အောက်တိုဘာ-ဒီဇင်ဘာသုံးလပတ်မှာ အမေရိကန်အလုပ်ရှင်တွေက တစ်လကို အလုပ်အကိုင်ပျမ်းမျှ ၂၈၄၀၀၀ ခန့်ထားနိုင်ခဲ့ပါတယ်။ အလုပ်လက်မဲ့နှုန်းကလည်း ဒီဇင်ဘာမှာ ၅ ရာခိုင်နှုန်းအထိရှိခဲ့ရာ ခုနစ်နှစ်အတွင်းအနိမ့်ဆုံးနှုန်း ဖြစ်ပါတယ်။




ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုကြောင့် စွန့်စားရမယ့် အန္တရာယ်တွေရှိနေပေမယ့် မတ်လမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးနိုင်မယ့် အခွင့်အလမ်းတွေက လမ်းပွင့်လျက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ပြောကြားပြီးနောက်ပိုင်း ဇန်နဝါရီ ၂၈ ရက်မှာ ထွန်းသစ်စအာရှငွေကြေးအများစုရဲ့တန်ဖိုးတွေ ကျဆင်းခဲ့ပါတယ်။

အများက မျှော်လင့်ထားတဲ့အတိုင်း အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို ဇန်နဝါရီ ၂၇ ရက်က အပြောင်းအလဲမရှိဘဲ သတ်မှတ်ပေးခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးနဲ့ ဘဏ္ဍာရေး အခြေအနေ ဖွံ့ဖြိုးတိုးတက်မှုတွေကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်းလည်း ဗဟိုဘဏ်က ပြောပါတယ်။ ငွေကြေးကုန်သည်တို့ကမူ အမေရိကန်ဗဟိုဘဏ်က ဇူလိုင်လရောက်မှသာ အတိုးနှုန်းကိုမြှင့်တင်ပေးလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

တရုတ်အစိုးရက ယွမ်တန်ဖိုးကို အခြေခံအားဖြင့် တည်ငြိမ်အောင်ထိန်းထားမှာဖြစ်ကြောင်းနဲ့ ငွေကြေးကိစ္စနဲ့ပတ်သက်ပြီးဈေးကွက်နဲ့ဆက်သွယ်မှုများကိုတိုးတက်အောင်ဆောင်ရွက်မှာဖြစ်ကြောင်း အိုင်အမ်အက်ဖ် ညွှန်ကြားရေးမှူးချုပ်ကို တရုတ်ဝန်ကြီးချုပ်က ဖုန်းနဲ့အကြောင်းကြားတယ်လို့ သတင်းတွေကဆိုပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က သူ့ရဲ့ ဖလှယ်နှုန်း သတ်မှတ်ချက်ကို ယခင်ရက်သတ္တပတ်ကရှိခဲ့တဲ့ ဈေးနှုန်းတွေထက်တိုးမြှင့်သတ်မှတ်လိုက်ပြီး နောက်ပိုင်းဇန်နဝါရီ ၂၉ ရက်မှာ ယွမ်ငွေကြေးတန်ဖိုးကဒေါ်လာနဲ့ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်ခဲ့ပါ တယ်။ ယွမ်ငွေကြေးတန်ဖိုး ထိန်းထားနိုင်ဖို့အတွက် မတည်ငွေတွေပြည်ပသို့ စီးထွက်မသွားအောင် တရုတ်အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။

ဇန်နဝါရီ ၂၉ ရက်မှာ တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေ လဲနှုန်းကို ယခင်နေ့ကထက် သုည ဒသမ ၀၂ ရာခိုင်နှုန်းမြှင့်တင်ပြီး အမေ ရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၅၁၆ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။ လက်ငင်းငွေကြေးဈေးကွက်မှာလည်း အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၇၅၇ ယွမ်နှုန်းနဲ့ ဈေးဖွင့်ခဲ့ရာ ဇန်နဝါရီ ၂၉ ရက် နေ့လည်ပိုင်းမှာ တစ်ဒေါ်လာကို ၆ ဒသမ ၅၇၄၀ နှုန်းအထိဖြစ်ခဲ့တဲ့အတွက် ယခင်နေ့ ဈေးပိတ်ချိန်ကနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၀၂ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကိုထုတ်ရောင်းလာကြတဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေ ဖလှယ်ရေးဈေးကွက်မှာ ဇန်နဝါရီ ၂၈ ရက်က ဒေါ်လာနဲ့ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၂၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၉၇ ရူပီးနှုန်းရှိပါတယ်။ ဒ့ါပြင် ပင်လယ်ရပ်ခြား ဒေသမှာတခြားငွေကြေးများနဲ့ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုနဲ့ ရှယ်ယာဈေးကွက်မှာ ပြည်တွင်းရှယ်ယာတန်ဖိုးတွေမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်ဖို့ ထပ်မံအထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေကပြောပါတယ်။

**ဂျပန်ယန်း**

ကျဆင်းနေတဲ့ ဂျပန်စီးပွားရေးကိုမြှင့်တင်ဖို့အတွက် ဂျပန်ဗဟိုဘဏ်က အရဲစွန့်ပြီးအတိုးနှုန်းကို မပြောင်းလဲဘဲ သုည ရာခိုင်နှုန်းအတိုင်းဆက်လက်ထားရှိပြီးနောက်ပိုင်း ဂျပန်ယန်းငွေတန်ဖိုးက ဒေါ်လာနဲ့ဖလှယ်ရာမှာ ဇန်နါဝါရီ ၂၈ ရက်က ကျဆင်းခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက မူလထားရှိတဲ့ ၂ ရာခိုင်နှုန်းကို မပြည့်မီပါက မူလအတိုင်းဆက်လက်ထားရှိဦးမှာဖြစ်ကြောင်းလည်း ဗဟိုဘဏ်က ပြောခဲ့ပါတယ်။

ဗဟိုဘဏ် ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းအမေရိကန်ဒေါ်လာနဲ့ယန်းဖလှယ်နှုန်းမှာ ဒေါ်လာတန်ဖိုးက ၂ ယန်းမြင့်တက်ပြီးတစ်ဒေါ်လာကို ၁၂၁ ဒသမ ၁၄ ယန်းနှုန်းဖြစ်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတွေက မလေးရှားရင်းဂစ်ကိုဝယ်ယူကြတဲ့အတွက် ဇန်နဝါရီ ၂၉ ဈေးကွက်အဖွင့်မှာ ဒေါ်လာနဲ့ရင်းဂစ် ဖလှယ်နှုန်းက ဆက်လက်မြင့်တက်လာခဲ့ကြောင်း ဝယ်ရောင်း သမားတွေက ပြောပါတယ်။ ဇန်နဝါရီ ၂၈ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ရင်းဂစ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၄ ဒသမ ၂၀၄၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ ၄ ဒသမ ၁၆၅၀ ရင်းဂစ်နှုန်းသို့ ရောက်ရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားကုမ္ပဏီများရဲ့ ဝင်ငွေအခြေအနေနဲ့ ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းမှုတို့အတွက် စိုးရိမ်မှုများကြောင့် ဇန်နဝါရီ ၂၈ ရက် နေ့လယ်မှာ တောင်ကိုရီးယားစတော့ ဈေးတွေ သုည ဒသမ ၅၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ငွေကြေးဈေးကွက်ကို ကြည့်ရင် တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးက ဇန်နဝါရီ ၂၉ ရက် နေ့လယ် ၁၁ နာရီ ၂၀ မိနစ်က အမေရိကန် တစ်ဒေါ်လာကို ၁၂၀၅ ဒသမ ၆ ဝမ် နှုန်းရှိခဲ့တဲ့အတွက် ယခင်ရက်ဈေးပိတ် ချိန်က ဖလှယ်နှုန်းထက် ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ က ထိုင်းဘွန်းစာချုပ်တွေကို ပြန်လည်ဝယ်ယူလာကြတဲ့အတွက် လစဉ် ဆက်တိုက်ကျဆင်းခဲ့တဲ့ ဘတ်ငွေတန်ဖိုးကျဆင်းမှု ရပ်ဆိုင်းပြီး ဇန်နဝါရီ ၂၈ ရက်မှာ နှစ်လအတွင်း အမြင့်ဆုံးနှုန်းကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။ ဘလွမ်းဘတ်သတင်းဌာနက ပြုစုထားတဲ့စာရင်းအရ ဘတ်ငွေတန်ဖိုးက ဇန်နဝါရီ ၂၈ ရက် နေ့လယ် ၁ နာရီ ၅၄ မိနစ်မှာ အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၆၉ ဘတ်နှုန်းရောက်ရှိခဲ့ပြီး သုည ဒသမ ၄ ရာခိုင်နှုန်းမြင့် တက်ခဲ့ပါတယ်။

ညဏ်တင်-စစည်းတင်ပြသည်

## သမိုင်းဝင်အတိုးနှုန်းမြှင့်တင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဗဟိုဘဏ်အစည်းအဝေး ကျင်းပ

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ဇန်နဝါရီ ၂၆ ရက်မှာ မူဝါဒအစည်းအဝေးကို စတင်ကျင်းပခဲ့ပါတယ်။ ယခုအစည်းအဝေးက ယခင်လက အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို သမိုင်းဝင်အတိုးနှုန်းအဖြစ်မြှင့်တင်ပေးခဲ့ပြီးနောက် ပထမဆုံးအကြိမ်ကျင်းပတဲ့အစည်းအဝေးဖြစ်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ အကယ်၍ ဥရောပမှာငွေကြေးဖောင်းပွမှုနှုန်းတိုးတက်မှုနှေးကွေးနေမယ်ဆိုရင် ဥရောပဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း အချက်ပြလိုက်ပြီးရက်အနည်းငယ်အကြာမှာ အမေရိကန်ဗဟိုဘဏ်မူဝါဒရေးဆွဲသူတွေက အစည်းအဝေးကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်းက အတိုးနှုန်းမြှင့်တင်ပေးပြီးနောက်ပိုင်း အမေရိကန်စီးပွားရေးတိုးတက်မှု ရှိမရှိကို အဲဒီအစည်းအဝေးမှာ ပြန်လည်သုံးသပ်မှာဖြစ်ပါတယ်။

ထူးခြားတာတစ်ခုက ဒီဇင်ဘာအစည်းအဝေးပြီးနောက်ပိုင်းမှာ တခြားလက္ခဏာတွေ ပေါ်ထွန်းခဲ့ပေမယ့် ထူးခြားတဲ့စွန့်စားရမှုအန္တရာယ်အဖြစ် ငွေကြေးတန်ဖိုးကြုံ့တာကို ရှင်းလင်းပြတ်သားစွာတွေ့ရကြောင်း ဗဟိုဘဏ်အရာရှိများအပြားက ပြောကြပါတယ်။ ရေနံစိမ်းဈေးနှုန်းကလည်း နောက်ဆုံးအကြိမ်ကျင်းပတဲ့ဗဟိုဘဏ်လွတ်လပ်တဲ့ဘဏ္ဍာရေးကော်မတီအစည်းအဝေးပြီးစအချိန်က ဈေးနှုန်းနဲ့နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ဒါပေမယ့် ရေနံစိမ်းဈေးနှုန်းကျဆင်းမှုဂယက်က အပြောင်းအလဲသဘောမျှသာဖြစ်ကြောင်းနဲ့ ဈေးကွက်တွင်ကျဆင်းနိုင်တဲ့အခြေအနေကို ပြတ်ပြတ်သားသားမတွေ့ရသေးကြောင်း သူတို့က ပြောပါတယ်။

## ဘဏ္ဍာရေးစနစ်အတွင်းသို့ တရုတ်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ ကျော်ဖြည့်ဆည်းမည်



ဘဏ္ဍာရေးစနစ်အတွင်းသို့ ဗဟိုဘဏ်က ယွမ်ဘီလီယံ ၃၄၀ (အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံ) ဖြည့်ဆည်းပေးရန် စီစဉ်ထားကြောင်း တရုတ်ဗဟိုဘဏ်က ဇန်နဝါရီ ၂၈ ရက်ကပြောကြားခဲ့ရာ တရုတ်နှစ်သစ်ကူးအားလပ်ရက်မတိုင်မီ ငွေကြေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးတဲ့အနေနဲ့ သုံးရက်အတွင်းဒုတိယအကြိမ်မြောက်ဖြည့် ဆည်းပေးခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဇန်နဝါရီ ၂၆ ရက်မှာ တရုတ်ဗဟိုဘဏ်က လွတ်လပ်တဲ့ ဈေးကွက်လုပ်ငန်းများမှတစ်ဆင့်ငွေကြေး စနစ်အတွင်းသို့ ယွမ်ဘီလီယံ ၄၄၀ (အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ) ကိုဖြည့်ဆည်းပေးခဲ့ရာ သုံးနှစ်အတွင်းအများဆုံး ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း ဘလွမ်းဘတ်သတင်းဌာနက ပြောပါတယ်။

ယခုနှစ်တရုတ်နှစ်သစ်ကူးရက်မှာ ဖေဖော်ဝါရီလဆန်းအတွင်းကျရောက်လျက်ရှိရာ တရုတ်ကုမ္ပဏီများအနေနဲ့ အစဉ်အလာအားဖြင့် နှစ်သစ်ကူးအားလပ်ရက်မတိုင်မီအချိန်မှာ လစာများနှင့် ဆုကြေးများကိုပေးတတ်ပါတယ်။ ထိုကာလအတွင်းမှာ တရုတ်လူ မျိုးများကငွေကြေးနဲ့ လက်ဆောင်များကို အပြန်အလှန် ဖလှယ်ကြပါတယ်။

တရုတ်ဗဟိုဘဏ်က ယခင်ရက်သတ္တပတ်အတွင်း ဘဏ္ဍာရေးစနစ်အတွင်းသို့ ဗဟိုဘဏ်ကငွေကြေးဈေးကွက်အတွင်းငွေကြေးများဖြည့်ဆည်းပေးခဲ့ခြင်းမှာ ငွေကြေးမူဝါဒဖြေလျော့မှုများအတွက် အစားထိုးဆောင်ရွက်ခြင်းဖြစ်ကြောင်းလေ့လာဆန်းစစ်သူတချို့က ပြောပါတယ်။

Vol: 16, No.5 Monday February 1 2016

# topfufufeaD;ukday:ac:wifwb rpöbif;



မစ္စတာဘင်းကို အားလုံးသိကြမယ်လို့ထင်ပါတယ်။ ဟာသသရုပ်ဆောင် မစ္စတာဘင်းလို့ခေါ်တဲ့ ရိုဝမ်အာကစ်ဆန်ဟာ သူ့ရဲ့လက်ရှိဇနီးသည်ကို ကွာရှင်းပြီး ဇနီးအသစ်စက်စက်လေးကို အိမ်ပေါ်ကို ခေါ်တင်လာခဲ့တယ်လို့ သတင်းများက ဆိုပါတယ်။

မစ္စတာဘင်းနဲ့ ဇနီးဟောင်း ဆန်ထရာတို့ဟာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်းက တရားဝင် ကွာရှင်းခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းက တရားဝင်ကွာရှင်းခဲ့ပြီး တစ်လကျော်ကျော်အတွင်းမှာ အသစ်စက်စက်ဇနီးလေးကို လန်ဒန်မြောက်ပိုင်းမှာရှိတဲ့ ဘင်းရဲ့ နေအိမ်ကို ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်။

ဘင်းဟာ အသစ်စက်စက်ဇနီးသည်လေးနဲ့အတူနေဖို့ လန်ဒန်မြို့ မြောက်ပိုင်းမှာ ပေါင် ၄ ဒသမ ၅ သန်း တန်ကြေးရှိတဲ့ နေအိမ်တစ်လုံးကိုဝယ်ယူထားခဲ့ပါတယ်။ ဒါ့အပြင် ဘင်းဟာ အောက်စ်ဖို့ဒ်ရှိုင်းယားမှာလည်း ပေါင် ၁၁ သန်းတန်တဲ့ နေအိမ်တစ်လုံးကိုဝယ်ယူထားပါသေးတယ်။ ဘင်းရဲ့အသစ်စက်စက်ဇနီးသည်လေးဖြစ်တဲ့ လူဝီးစ်ဖို့ဒ်ဟာ အသက် ၂၈ နှစ်အရွယ်သာရှိသေးပြီး ဘင်းကတော့ အသက် ၆၀ အရွယ်ရှိနေပြီဖြစ်ပါတယ်။

ဘင်းနဲ့ဖို့ဒ်တို့ဟာ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းကတည်းက ချစ်ကြိုက်နေခဲ့တာဖြစ်ပြီး အခုမှ တရားဝင်လက်တွဲခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ မစ္စတာဘင်းမှာ ယခင်ဇနီးဟောင်းနဲ့ အသက် ၂၂ နှစ်အရွယ်သားတစ်ဦးနဲ့ အသက် ၂၀အရွယ် သမီးတစ်ဦးတို့ရှိနေခဲ့ပါတယ်။




## လေဆိပ်ထဲမှာ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အဖမ်းခံရတဲ့

# မော်ဒယ်ဘလန့်ချာ

အမေရိကန်နိုင်ငံရဲ့ မော်ဒယ်တစ်ဦးလည်းဖြစ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်တဲ့ မော်ဒယ်ဘလန့်ချာကို လေဆိပ်ထဲမှာ မူးယစ်ဆေးဝါးတွေ သုံးစွဲတယ်ဆိုတဲ့ပြစ်မှုနဲ့ အော်စတင်လေဆိပ်အာဏာပိုင်တွေက ဖမ်းဆီးခဲ့ကြတယ်လို့ဆိုပါတယ်။

ဘလန့်ချာဟာ တက္ကဆက်ပြည်နယ်ရဲ့ မြို့တစ်မြို့ဖြစ်တဲ့ အော်စတင်မြို့ကနေ လန်ဒန်မြို့ကိုသွားဖို့ အော်စတင်ဘာ့ဂ်စတောင်းလေဆိပ်ကို အရောက်မှာ အခုလို ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။

ဘလန်ချာဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလို့ အမည်ခံထားပေမယ့် သူလုပ်ကိုင်တဲ့လုပ်ငန်းက အလှပြင်လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်နေတာ ဖြစ်ပါတယ်။

ဒါ့ပြင် ဘလန်ချာဟာ ကင်ကာဒစ်ရှန်ရဲ့ အစ်ကို ရော့ဘ်ကာဒစ်ရှန်နဲ့ ချစ်ကြိုးသွယ်နေတယ်လို့ ဆိုပါတယ်။ မျက်မြင်သက်သေများရဲ့ အဆိုအရ ဘလန်ချာဟာ လေဆိပ်ထဲမှာ မူးယစ်ဆေးဝါးတွေ သုံးစွဲနေတာကို လေဆိပ်လုံခြုံရေးတာဝန်ရှိသူတွေက တွေ့မြင်သွားပြီး ဖမ်းဆီးခံရတာဖြစ်တယ်လို့ ဆိုပါတယ်။ ဘလန်ချာဟာ လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်ပြီး ငိုကြွေးနေခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ဘလန်ချာဟာ ခင်ပွန်းဖြစ်သူ Tyga နဲ့ သားတစ်ဦးထွန်းကားခဲ့ပြီး သူတို့နှစ်ဦးဟာ အတိအလင်းလမ်းခွဲခဲ့ခြင်းမရှိသေးကြဘူးလို့ ဆိုပါတယ်။အခုလောလောဆယ်မှာလည်း ဘလန်ချာရဲ့ခင်ပွန်းဖြစ်သူဟာ ရော့ဘ်ကာဒစ်ရှန်ရဲ့ ညီမဝမ်းကွဲဖြစ်သူ ကယ်လီဂျင်နာနဲ့ ချစ်ကျွမ်းဝင်နေခဲ့တယ်လို့ ဆိုပါတယ်။





JPM
JPM
SERVICES CO.,LTD
HOT LINE.09 25300 8800
2016
恭喜發財
Happy Chinese New Year!
နှစ်အသစ်မှာ လုပ်ငန်းချဲ့ထွင်ချင်သူများနှင့် လုပ်ငန်းအသစ်များ တိုးချဲ့လုပ်ကိုင်ချင်သူများအတွက် လုပ်ငန်းသုံးကားများကို
JPM Car Sales Center မှ အရည်အသွေးမှန် ဈေးနှုန်းချိုသာစွာဖြင့် တင်သွင်းရောင်းချပေးနေပါသည်။
"နှစ်သစ်မှာ လုပ်ငန်းအသစ်များတိုးပွားပြီး ဝင်ငွေရလမ်းအသစ်များဖြင့် ပျော်ရွှင်ပါစေကြောင်း....."
YGN
အမှတ်(42/A), တက္ကသိုလ်ရိပ်သာလမ်းသစ်, ဗဟန်းမြို့နယ်, ရန်ကုန်. (5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့)
Email- jpmautocenter@gmail.com | Web: www.jpmmotors.com


HYUNDAI
TRUCK & BUS
HD 65, 3 Tons
Box Truck
HD 45, 2 Tons
Box Truck
HD 45, 2 Tons
Cargo Truck
County Bus
HD 65, 3 Tons
Cargo Truck
Official Service Center, Full lineup Genuine parts and Korean Engineer will serve 2 years full Warranty
The specialists of Sales executive and technician are wanted any time
HYUNDAI TRUCK AND BUS OFFICIAL DISTRIBUTOR
GAMT General Arr Mahn Thit Co.,Ltd.
GLOBAL TREASURE BANK
9%
Yangon Showroom
Junction of Bayint Naung and Lower Mingalardon Road, Pyitawthar, Insein Township.
Tel : (951) 647639, 09 977210977, 09 977210978, 09 977116867
Fax : (951) 642506
3 HYUNDAI Warranty years or Kilometer 150000

COMMERCE
INTERNATIONAL

# အကောက်ခွန်လျှော့ချမှုလုပ်ငန်းကို အရှိန်မြှင့်ဆောင်ရွက်ဖို့ အာဆီယံအဖွဲ့ဝင်များကို တိုက်တွန်း

အာဆီယံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုနက်ရှိုင်း အောင်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင် ၁၀ နိုင်ငံတိုင်းက အရေးကြီးထုတ်ကုန်များအတွက် သွင်းကုန်ခွန်များကို အရှိန်မြှင့် လျှော့ချလျက်ရှိကြောင်းနဲ့ ၂၀၁၆-၂၀၂၅ ခုနှစ် အာဆီယံမဟာ စီမံကိန်း (ASEAN Master Plan for 2016-25) မူကြမ်းရေးဆွဲ ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အာဆီယံပေါင်းစည်းရေးကို အပြည့်အဝ အကောင်အထည် ဖော်ပြီးနောက်ပိုင်းဒေသတွင်း ကုန်သွယ်မှု ဆက်လက်ဖွံ့ဖြိုးလာ စေရန်အတွက် ကျန်ရှိနေသေးတဲ့ အရေးကြီးထုတ်ကုန်များရဲ့ သွင်းကုန်ခွန်များကို လျှော့ချပေးရန် သက်ဆိုင်ရာနိုင်ငံများကိုတိုက် တွန်းသွားဖို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ အရာရှိ ၁၅၀ တို့က သဘောတူညီခဲ့ကြကြောင်း ထိုင်း နိုင်ငံ ဖူးခက်မြို့မှာ ကျင်းပလျက် ရှိတဲ့ အာဆီယံကုန်ပစ္စည်း ကုန်သွယ်မှုသဘောတူစာချုပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (Coordinating Committee on ASEAN Trade in Goods Agreement) အစည်းအဝေးမှာ ထိုင်း ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆီရီနတ် ဂျိုင်းမန်းက ဇန်နဝါရီ ၂၆ ရက်က ပြောပါတယ်။ အခွန်လျှော့ချရေး ကို နောက်တစ်ဆင့်လှုပ်ရှားမှုဆောင်ရွက်တဲ့အခါ အာဆီယံစတင် တည်ထောင်ခဲ့တဲ့အဖွဲ့ဝင် ခြောက်နိုင်ငံနဲ့ နောက်မှပါဝင်လာတဲ့ အဖွဲ့ဝင်သစ် လေးနိုင်ငံတို့ပါ အားလုံးပါဝင်မှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံက ရေနံထုတ်ကုန်တွေကို ကောက်ခံတဲ့အခွန်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ၂၀ ရာခိုင် နှုန်းအထိ လျှော့ချပေးရမှာဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက် မှာ သုည ရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်းအထိလျှော့ချပေးရပါမယ်။

အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့က အရက်နဲ့ အဖျော် ယမကာအတွက် တိုးမြှင့်ကောက်ခံထားတဲ့ သွင်းကုန်ခွန်တွေ ကိုလျှော့ချပေးပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် နိုင်ငံတွေက ကုန်ပစ္စည်းအများစုရဲ့သွင်းကုန်ခွန်တွေကို ၂၀၁၈ ခုနှစ်မှာလျှော့ချပေးရမှာ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်တဲ့ တခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အခွင့်ထူးတွေ ပေး မယ်ဆိုရင် အဲဒီအခွင့်ထူးတွေကို တခြားအဖွဲ့ဝင်နိုင်ငံတွေကို လည်း အလိုအလျောက်ပေးပြီးသား ဖြစ်စေရမယ်ဆိုတဲ့ အဆိုပြု ချက်ကိုတင်သွင်းဖို့ အာဆီယံက ဆောင်ရွက်လျက်ရှိပါတယ်။ ယခုကဲ့သို့ အဆိုပြုတင်သွင်းရခြင်းမှာလည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတိုင်းက အဖွဲ့ဝင်မဟုတ်တဲ့ တခြား နိုင်ငံတွေနဲ့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်တွေ ချုပ်ဆိုထားတဲ့အတွက် ဖြစ်ပါ တယ်။

# အိုင်အမ်အက်ဖ်ရဲ့ ခွဲတမ်းများပြင်ဆင်မှုကြောင့် အိန္ဒိယနိုင်ငံအနေနဲ့ မဲပေးပိုင်ခွင့် ပိုမိုရ



ကာလရှည်ကြာစွာရွှေ့ဆိုင်းထားတဲ့ ခွဲတမ်း ပြုပြင်ပြောင်းလဲမှုများကို အပြည်ပြည်ဆိုင်ရာငွေ ကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ဇန်နဝါရီ ၂၇ ရက်က ပြင်ဆင်လိုက်ပြီ ဖြစ်တဲ့အတွက် အိုင် အမ်အက်ဖ်တွင် အိန္ဒိယ၊ တရုတ်နဲ့ တခြား ထွန်း သစ်စနိုင်ငံများရဲ့ မဲပေးပိုင်ခွင့် (Voting Rights) ပိုမိုရရှိတော့မှာ ဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးရ တာက သမိုင်းဝင်ထင်ရှားတဲ့အမှတ်အသားတစ်ခုဖြစ် ကြောင်း ဘီဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါ တယ်။ ဖြစ်ပေါ်လာတဲ့ အပြောင်းအလဲကြောင့် အိန္ဒိယ၊ တရုတ်၊ ဘရာဇီးနဲ့ ရုရှားစတဲ့ ထွန်းသစ်စ လေးနိုင်ငံတို့က အိုင်အမ်အက်ဖ်မှာ အကြီးမားဆုံး အဖွဲ့ဝင် ၁၀ နိုင်ငံထဲမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာတော့မှာ ဖြစ်ပါတယ်။

ထို့ပြင် အိုင်အမ်အက်ဖ် ရှယ်ယာခွဲတမ်းရဲ့ ခြောက်ရာခိုင်နှုန်းကို ထွန်းသစ်စဈေးကွက်များနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများက ရရှိနိုင်တော့မှာ ဖြစ်ပါတယ်။ ယခုပြောင်းလဲမှုက အလွန်အကျွံ ကိုယ်စားပြုသူ အိုင်အမ်အက်ဖ်အဖွဲ့ဝင်များထံမှ လျှော့ချပြီးကိုယ် စားပြုထားရသူအဖွဲ့ဝင်များထံသို့ ရှယ်ယာခွဲတမ်း ပြောင်းလဲမှုဖြစ်သလို ထင်ရှားတဲ့ပြောင်းလဲမှုတစ်ခု လည်းဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ရွှေ့ဆိုင်းထား တဲ့အတွက် ကာလရှည်ကြာစွာ စောင့်စားခဲ့ရတဲ့ ခွဲတမ်းပြုပြင်ပြောင်းလဲမှုများကို အမေရိကန်လွှတ် တော်က ၂၀၁၅ ခုနှစ်မှာ အတည်ပြုခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့တဲ့ ခွဲတမ်းပြုပြင် ပြောင်းလဲမှု အစီအစဉ် "2010 Quota and Governance" ကို အိုင်အမ်အက်ဖ်ရဲ့ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့က ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာမှာ အတည် ပြုပေးခဲ့ပါတယ်။

အိုင်အမ်အက်ဖ်အဖွဲ့က "(၁၄) ကြိမ်မြောက် အထွေထွေ ခွဲတမ်းသုံးသပ်ချက်" (General Quota Review) ကို ဇန်နဝါရီ ၂၇ ရက်က ထုတ် ပြန်ခဲ့တာဖြစ်ပါတယ်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ ပါဝင်တဲ့ထွန်းသစ်စလေးနိုင်ငံက အိုင်အမ်အက်ဖ်အဖွဲ့ရဲ့ အကြီးဆုံးအဖွဲ့ဝင် ၁၀ နိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ်ပါဝင်လာတော့ မှာဖြစ်ကြောင်း ကြေညာချက်မှာ ဖော်ပြထားပါ တယ်။ယခုလောလောဆယ် အဖွဲ့ဝင် ၁၈၈ နိုင်ငံရှိ တဲ့ အိုင်အမ်အက်ဖ်အဖွဲ့မှာ အိန္ဒိယနိုင်ငံရဲ့ မဲပေး ပိုင်ခွင့်က ၂ ဒသမ ၃၄ ရာခိုင်နှုန်းရှိပါတယ်။ ရှယ် ယာခွဲတမ်းအရ ၂ ဒသမ ၄၄ ရာခိုင် နှုန်းရှိပါတယ်။ အိုင်အမ်အက်ဖ်မှာ ခွဲတမ်းအရ အကြီးဆုံး ၁၀ နိုင်ငံ ထဲမှာ ပါဝင်တဲ့အခြားနိုင်ငံတွေက အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနဲ့ ယူနိုက်တက်ကင်းဒမ်းတို့ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လိုက် တဲ့အတွက် ခန့်အပ်အမှုဆောင်ဒါရိုက်တာတွေနဲ့ ဖွဲ့စည်းထားတဲ့ အိုင်အမ်အက်ဖ်ရဲ့ လက်ရှိဘုတ် အဖွဲ့ကို ရွေးချယ်ခံ အမှုဆောင်ဒါရိုက်တာတွေနဲ့ ပထမဆုံးအကြိမ်အဖြစ် ဖွဲ့စည်းနိုင်တော့မှာ ဖြစ် ကြောင်း ကြေညာချက်မှာ ဖော်ပြပါတယ်။

**ညဏ်တင်-စစည်းတင်ပြသည်**

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES **RO/RO Service for Myanmar**

Date : 1st February 2016

<< January And February Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.12.2015 | 2.1.2016 | 3.1.2016 | | | 11.1.2016 | 15.1.2016 | |
| | | | S/O CUT | | | | | 26.12.2015 | 29.12.2015 | 30.12.2015 | | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 28.1.2016 | 1.2.2016 | |
| | | | S/O CUT | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| MV.HOEGH CHENNAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 5.2.2016 | 6.2.2016 | 7.2.2016 | | | 15.2.2016 | 19.2.2016 | |
| | | | S/O CUT | | | | | 1.2.2016 | 2.2.2016 | 3.2.2016 | | | | | |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 18.2.2016 | 19.2.2016 | 17.2.2016 | | 28.2.2016 | 4.3.2016 | |
| | | | S/O CUT | | | | | | 14.2.2016 | 15.2.2016 | 13.2.2016 | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.3.2016 | 9.3.2016 | 10.3.2016 | | | 18.3.2016 | 22.3.2016 | |
| | | | S/O CUT | | | | | 4.3.2016 | 5.3.2016 | 6.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.3.2016 | 23.3.2016 | 21.3.2016 | | 3.4.2016 | 7.4.2016 | |
| | | | S/O CUT | | | | | | 18.3.2016 | 19.3.2016 | 17.3.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။